ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ညီညွတ်ခြင်းသည်ချမ်းသာ**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)

၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်၊ စနေနေ့။ Saturday, 7 January 2017 (၈၇၉၉)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ဦးဆောင်သောအဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်က မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ လုပ်ငန်းစဉ်များနှင့်

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✱**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ဦးဆောင်သောအဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်၍ လုပ်ကြံဖန်တီးထားသည့် သတင်းအမှားများ ပျံ့နှံ့လျက်ရှိသဖြင့် သတိရှိကြရန်လိုအပ်ကြောင်း အယ်ဂျာဇီးယားရုပ်သံမှ ထုတ်လွှင့်

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့် ပတ်သက်၍ လုပ်ကြံဖန်တီးထားသည့် မှတ်တမ်းဓာတ်ပုံအမှားများဖြင့် သတင်းများ ထုတ်လွှင့်လျက်ရှိသဖြင့် သတိရှိကြရန်လိုအပ်ကြောင်း အယ်ဂျာဇီးယား ရုပ်သံက ထုတ်လွှင့်ခဲ့သည်ဟု သိရသည်။

ထိုသို့ ထုတ်လွှင့်ခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်ပြီး သတင်းထုတ်ပြန်ချက်တွင် အယ်ဂျာဇီးယား ရုပ်မြင်သံကြားသတင်းဌာန၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Tweeter In Chief # Rohingya Fake News on AJNews Grid အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူ Leah Harding က ထိုသို့ ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

အစီအစဉ် တင်ဆက်သူ Leah Harding က ဓာတ်ပုံဖြင့် ဖော်ပြထားသော ၎င်းဖြစ်စဉ်ဖြစ်ရပ်မှာ လူမှုကွန်ရက်တွင် လူအများစိတ်ဝင်စားမှုရရှိနေကြောင်း၊ တစ်ချိန်တည်းမှာပင် ထိုသို့ လူအများ စိတ်ဝင်စားမှုသည် သတင်းမှား အတော်များများကို ပျံ့နှံ့စေနိုင်သည်ကို သတိထားရန် လိုအပ်ကြောင်း၊ မိမိတို့ AJ News Grid အစီအစဉ်သို့ အလွန်တရာပင် စိတ်ရှုပ်ဖွယ်ရာကောင်းသည့် ဓာတ်ပုံအတော်များများ ရောက်ရှိလာခဲ့ပြီး မိမိတို့အစီအစဉ်အဖွဲ့သားများအနေဖြင့် ယင်းဓာတ်ပုံများ၏ မူလဇာစ်မြစ်ကို အတည်ပြုနိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိ တင်ပြခဲ့သည့်အတိုင်း လွန်ခဲ့သော ၅ နှစ်ခန့်က နိုင်ဂျီးရီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဓာတ်ပုံများကို ရခိုင်ပြည်နယ်က လူမဆန်သောလုပ်ရပ်များအဖြစ် စွပ်စွဲပြောဆိုမှုများ ဖြစ်နေကြောင်း၊ ထိုသို့ သတင်းမှားများ အများအပြား မြင်တွေ့နေရသည့်အတွက် ရခိုင်ပြည်နယ်မှ သတင်းများဟု လူသိများစေရန် Hastag တွဲမည်ဆိုပါက အထူးသတိထားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။




၎င်းတို့သည် အစီအစဉ်ထုတ်လုပ်သူအား တွေ့ဆုံပြီး ဤကဲ့သို့ လုပ်ကြံဖန်တီးထားသော မှားယွင်းသည့် ဓာတ်ပုံအချို့ရှိနေကြောင်း တင်ပြခဲ့ကြောင်း၊ အစီအစဉ်ထုတ်လုပ်သူက ထိုသို့ မြန်မာနိုင်ငံနှင့် ပတ်သက်သော သတင်းများကို ပေးပို့နေသူ တစ်ဦးရှိကြောင်း၊ ၎င်းမှာ သူ့ကိုယ်သူ လူမျိုးတစ်မျိုး(မြန်မာနိုင်ငံတွင် တရားမဝင်သော လူမျိုးအမည်)ဟု ပြောကြောင်း၊ ၎င်း၏ အမည်မှာ (Ro Nay San Lwin) ရိုနေဆန်းလွင်ဟု ခေါ်ကြောင်း၊ ယင်းမတိုင်မီ Human Rights Watch အဖွဲ့က အဆောက်အအုံများ

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ✱**



ကြေးမုံ

# ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှု

စစ်ပွဲဟူသည် မည်သည့်စစ်ပွဲအမျိုးအစားမျိုးမှ သက်သာသော အနေအထားတွင်မရှိချေ။ ကြီးမားပြင်းထန်သည့် နိုင်ငံအချင်းချင်းဆင်နွှဲသည့် စစ်ပွဲများမှာ နှစ်ဖက်လူသားများ အမြောက်အမြားသေကျေ ပျက်သုဉ်းရသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် မြို့ရွာများ ပြာပုံအတိကျ၍ ပြန်လည်နာလန်ထူနိုင်အောင် များစွာအချိန်ယူကြိုးပမ်းကြရသည်။

ကမ္ဘာပေါ်တွင် လူမျိုးရေးအရ၊ နယ်မြေပိုင်ဆိုင်မှုအရ၊ အယူဝါဒကွဲလွဲမှုအရ နိုင်ငံအတွင်းရှိ လူမျိုးအချင်းချင်း စစ်ခင်းကြသည်တို့ကို ကမ္ဘာ့သမိုင်းတွင် မြင်တွေ့နိုင်ပြီး မျက်မှောက်ကာလတွင်လည်း ဖြစ်ပွားလျက်ရှိသည်။ ထိုစစ်ပွဲများမှာ တိုက်ပွဲဖြစ်ချိန်မကြာသောကြောင့် နှစ်ဖက်သေကျေပျက်စီးမှု နည်းပါးသည်လည်း ရှိသည်။ သို့သော် စစ်ပွဲနှစ်ကာလတာရှည်သောအခါ သေကျေပျက်စီး၊ ထိခိုက်နစ်နာမှုများမှာ နိုင်ငံချင်းဖြစ်ပွားရသည့် စစ်ပွဲကြီးများကဲ့သို့ ဆုံးရှုံးမှုကြီးမားနိုင်သည်။

စစ်ပွဲကြာရှည်ခြင်းသည် နိုင်ငံနှင့်လူမျိုးကို ကြီးမားသည့်အနုတ်လက္ခဏာဆောင်သည်။ ထိုသို့ ရေရှည်စစ်ပွဲ၏ဆိုးကျိုးရလဒ်ကို သိရှိသောကြောင့် ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တရားမဲ့ပြည်ပကျူးကျော်သူ နယ်ချဲ့တို့ကိုပင် မတတ်သာသည့်အဆုံး အမြန်ဆုံးပြီးပြတ်အောင် ချေမှုန်းနိုင်ရေးအတွက် စစ်ထွက်နေ့တွင် စစ်ပွဲကိုအမြန်ဆုံး အောင်မြင်စွာအဆုံးသတ်တွန်းလှန်တိုက်ခိုက်ရန် နိုင်ငံနှင့်ပြည်သူ့အကျိုးကို မြော်တွေး၍ မှာကြားခဲ့သည်။

ကမ္ဘာစစ်ကာလက ပြည်ပစစ်ပွဲကြီးများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဂျပန်နိုင်ငံသည် မိမိတို့နိုင်ငံအား ပြာပုံဘဝမှ အမြန်ဆုံးပြန်လည်နာလန်ထူနိုင်ရေးအတွက် စစ်ပွဲများကို အပြီးတိုင်အဆုံးသတ်ပြီးနောက် ပြည်တွင်းရှိ နိုင်ငံသားများ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မကြာမြင့်မီအချိန်ကာလမှာပင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဆင့်သို့ ရောက်ရှိခဲ့သည်။ တိုင်းသူပြည်သားများ အားလုံးလူမှုအဆင့်အတန်း မြင့်မားတိုးတက်လာသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အကြောင်းအမျိုးမျိုးကြောင့် သံသယများ၊ ပဋိပက္ခများ ပေါ်ပေါက်ခဲ့သည်။ အမြင်မတူကွဲပြားခြားနားမှုကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်ခြင်းမှာ လွတ်လပ်ရေးရရှိပြီးသည်မှ မျက်မှောက်ကာလအထိ နှစ်ပေါင်း ၇၀ နီးပါးပင်ရှိခဲ့ပြီ။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများတွင် ကမ္ဘာပေါ်၌ မြန်မာနိုင်ငံသည် စစ်ပွဲအရှည်ကြာဆုံး နိုင်ငံတစ်နိုင်ငံဟုပင် ဆိုရလောက်သည်။

အကျိုးရလဒ်မှာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နယ်မြေဒေသများတွင် နှစ်ဖက်လက်နက်ကိုင်အဖွဲ့များသာမက ဒေသခံတိုင်းရင်းသားပြည်သူများပါ သေကျေပျက်စီးခြင်း၊ စစ်ဘေးစစ်ဒဏ်သင့် ဒုက္ခသည်များဖြစ်ကြရခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးပြီး ခေတ်နောက်ကျနေခြင်း စသည်တို့ကြုံတွေ့နေရဆဲဖြစ်သည်။ လွတ်လပ်ရေးရသော်ငြားလည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားဒေသအချို့တွင် လွတ်လပ်ရေး၏အသီးအပွင့်များကို မခံစားရဘဲ အနာဂတ်ပျောက်ဆုံးအမှောင်ဖုံးနေသည်ကို စိတ်မကောင်းဖွယ်မြင်တွေ့နေရသည်။

ယခုအခါ သံသယနှင့်ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

လက်နက်ကိုင်ပဋိပက္ခဟူသည် နိုင်ငံနှင့်ပြည်သူအား ကောင်းကျိုးမပေး ဆိုးကျိုးများသာပေးသောကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ထာဝရငြိမ်းချမ်းရေးကို ဆန္ဒပြင်းပြစွာမျှော်လင့်နေကြသည်။ ထို့ကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးအတွက် စုပေါင်းတွေ့ဆုံ၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာခြင်းဖြင့် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံးအကျိုးကို မျက်မှောက်ပြုရန် အထူးလိုအပ်ပါသည်။ ။




## မြစိမ်းရောင်စီမံကိန်းကျေးရွာများ ကွင်းဆင်းစစ်ဆေး

**သီပေါ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ဆောင်ကြဲကျေးရွာအုပ်စု ပန်မြိုင်းကျေးရွာ၌ ကျေးလက်ဒေသခံ ၉၈ ဦးအား တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးမှူး ဦးခိုင်ထွန်းက ထပ်မံရှင်းလင်းပြောကြားပြီး ဆောင်ရွက်ထားရှိသော စာရင်းဇယားများ စနစ်တကျရှိမရှိ၊ လိုအပ်သောစာရင်းဇယားများ ထိန်းသိမ်းခြင်း၊ ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်သော ပုံစံများဖြည့်စွက်စေခြင်း၊ ရရှိသော အတိုးရငွေများ စနစ်တကျထိန်းသိမ်းခြင်း၊ ပြန်လည်ချေးယူလိုသော ကျေးရွာသူ ရွာသားများထံ ချေးငှားခြင်း စသည်တို့ကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# တရုတ်နှင့် နိုင်ငံတကာမှ မော်တော်ဆိုင်ကယ်များပြပွဲ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၆**

တရုတ်မော်တော်ဆိုင်ကယ်များအပါအဝင် နိုင်ငံတကာမှ နာမည်ကြီး အမှတ်တံဆိပ် မော်တော်ဆိုင်ကယ်များကိုပြသမည့် နိုင်ငံတကာမော်တော်ဆိုင်ကယ်ပြပွဲကြီး MOTOEXPO အား ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်ထိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲဦးဆောင်ကျင်းပသည့် တရုတ်နိုင်ငံ Heliview International Exhibition ကုမ္ပဏီမှ Vice President Mr. Yang Yu Feng ကပြောသည်။

အဆိုပါ မော်တော်ဆိုင်ကယ်ပြပွဲတွင် တရုတ်နိုင်ငံမှ မော်တော်ဆိုင်ကယ်ကုမ္ပဏီပေါင်း ၃၀ ကျော်ပါဝင်မည့်အပြင် Honda, Yamaha, Kawasaki, Bajaj, TVS, KTM အစရှိသော နိုင်ငံတကာ နာမည်ကြီးကုမ္ပဏီများမှ မော်တော်ဆိုင်ကယ်များနှင့် အပိုပစ္စည်း၊ လျှပ်စစ်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်၊ ယောက်ျားစီးကလပ်ဘီးများ ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ ဆိုင်ကယ်ကုမ္ပဏီများမှ တိုက်ရိုက်လာရောက်ပြသရောင်းချပေးမည်ဖြစ်သဖြင့် ကိုယ်စားလှယ်ရယူလိုသူများ လာရောက်ဆွေးနွေးနိုင်မည်ဖြစ်ပြီး ဝယ်ယူသူများအတွက် အထူးဈေးနှုန်းများဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။ ပြပွဲလာပြည်သူများကိုလည်း ကူပွန်များပေးမည်ဖြစ်ပြီး တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်တစ်စီးနှင့် အခြားဆုမဲများစွာကို ကံစမ်းမဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**

## မြို့သာယာလှပရေး ရေဆိုးထုတ်မြောင်း ရေခလုတ်တိုးချဲ့ပြုပြင်

**ပွင့်ဖြူ ဇန်နဝါရီ ၆**

ပွင့်ဖြူမြို့ မြို့ပတ်လမ်းထိပ်ရှိ ရေဆိုးထုတ်မြောင်း ရေခလုတ်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တိုးချဲ့ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ယခင်ရေဆိုးထုတ်မြောင်း ရေခလုတ်သည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရေမြောင်းများ ပိတ်ဆို့ကာ မြို့တွင်းရှိ ရေဆိုးများ ရေထွက်ပေါက်မရှိဘဲ အနံ့ဆိုးများထွက်ကာ မြို့ပေါ်ရပ်ကွက်နေပြည်သူများ သွားလာရေးနှင့် ကျန်းမာရေး ထိခိုက်လာနိုင်သဖြင့် တိုးချဲ့ပြုပြင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဆိုးထုတ်မြောင်း ရေခလုတ်အား ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ ကျပ် ၃၄ သိန်း ၄ သောင်းကျပ်ဖြင့် မြေသားမြောင်းအရှည် ပေ ၂၀၀၀ တူးဖော်ခြင်း၊ ရေထွက်ပေါက် ရေခလုတ်အား အနက်ခုနစ်ပေ၊ အကျယ် ၆ ဒသမ ၅ ပေ၊ အလျား ၅၄ ပေရှိ ကွန်ကရစ်ခင်း၊ အုပ်စီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖိလစ်ပိုင်သံအမတ်ကြီးနှင့် NDI ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Alex G. Chua အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရေးခရီးစဉ်များ သွားလာရေး၊ နှစ်နိုင်ငံအကြား ကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၃ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် National Democratic Institute (NDI)၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter M. Manikas အား လက်ခံတွေ့ဆုံပြီး NDI ၏ လွှတ်တော်လုပ်ငန်းများ ခိုင်မာအားကောင်းလာစေရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုများ၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးမှုများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် NDI ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter M. Manikas အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း NDI ၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူးနှင့် ဖိလစ်ပိုင်သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် National Democratic Institute (NDI) ၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Peter M. Manikas နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၃ နာရီတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး H.E.Mr. Alex G. Chua အား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး H.E.Mr. Alex G. Chua အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**

# စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ဆိုင်ခန်းများ အစမ်းဖွင့်ကြပြီ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း၌ ဇန်နဝါရီ ၇ ရက် (စနေနေ့)နှင့် ၈ ရက် (တနင်္ဂနွေနေ့)တို့တွင် စတင်ဖွင့်လှစ်ရောင်းချမည့် Yangon Books Street စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းဈေးတန်းတွင် ဖွင့်လှစ်ရောင်းချကြမည့် ပုဂ္ဂလိက စာအုပ်ဆိုင်များသည် ယနေ့မွန်းလွဲပိုင်းမှစတင်၍ ဆိုင်ခန်းများခင်းကျင်းကာ အစမ်းဖွင့်ကြပြီဖြစ်သည်။

အစမ်းဖွင့်လှစ်ကြသည့် ဆိုင်ခန်းအများစုမှာ သိမ်ဖြူလမ်း(အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)ရှိ ဝန်ကြီးများရုံးမျက်နှာစာ မြောက်ဘက်ခြမ်း ဆိုင်ခန်း အမှတ် ၁မှ ၄၄ အထိနှင့် ဝန်ကြီးများရုံး တောင်ဘက်ခြမ်းရှိ ဆိုင်ခန်းအမှတ် ၄၅ မှ ၈၉ အထိ ဆိုင်ခန်းအချို့တို့ ဖြစ်ကြသည်။

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးရောင်းပွဲတွင် စာအုပ်ဆိုင်ခန်းများ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် သိမ်ဖြူလမ်း ဗဟိုပုံနှိပ်စက်ရုံဝင်းမျက်နှာစာ၌ ဆိုင်ခန်းအမှတ် ၉၀ မှ ဆိုင်ခန်းအမှတ် ၁၂၃ အထိ ဆိုင်ခန်းနေရာများ ရေးဆွဲသတ်မှတ်ထားသည်ကို တွေ့ရသည်။

အဆိုပါ စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးရောင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ စနေ၊တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းစာအုပ်ဈေးရောင်းပွဲကို ဧပြီလအထိ အပတ်စဉ် စနေ၊တနင်္ဂနွေ နေ့တိုင်း သုတ၊ရသ စာအုပ်စာပေ ဘာသာရပ်မျိုးစုံ (အသစ်၊အဟောင်း) ကို နံနက် ၉ နာရီ မှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ စာအုပ်စာပေ ချစ်မြတ်နိုးသူတိုင်း မည်သူမဆို လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေအသိပညာ ထွန်းကားပြန့်ပွားတိုးတက်စေရေးနှင့် လူကြီး၊ လူရွယ်၊ ကလေးငယ်များမှအစ အရွယ်သုံးပါးစလုံး စာဖတ်ရှိန် မြင့်မားကာ စာပေအသိပညာဖြင့် ဘဝအောင်မြင်မှုလမ်းတွင် အသုံးချ၊ အသုံးတတ်နိုင်ရေးကို ရည်ရွယ်ကာ ၂၀၁၆ ခုနှစ် အတွင်း နေပြည်တော်တွင် ကလေးစာပေပွဲတော်၊ ရန်ကုန်မြို့တွင် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် သမိုင်းဆိုင်ရာစာပေစာတမ်းဖတ်ပွဲများကို စာအုပ်ဈေးရောင်းပွဲတော်နှင့်အတူ ကျင်းပခဲ့သည်မှာ အထူးအောင်မြင်မှုရခဲ့သည်။

ထိုနည်းတူ ယခုရန်ကုန်မြို့ သိမ်ဖြူလမ်း၌ကျင်းပမည့် စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ဈေးရောင်းပွဲ၊ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် နိုဘယ်လ်-မြန်မာစာပေပွဲတော်နှင့် မန္တလေးမြို့ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိကျင်းပမည့် ကလေးစာပေပွဲတော်တို့သို့ စာပေချစ်ပြည်သူများ တစ်ခဲနက်လာရောက်အားပေးကြမည်ဟု ယုံကြည်ပါကြောင်း။ ။

**(ကိုချစ်)**



**ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးရေးအစီအစဉ်အရ ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချမည့် စာအုပ်(အသစ်၊အဟောင်း)ဆိုင်ခန်းများ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား သိမ်ဖြူလမ်းမပေါ် (စနေ၊ တနင်္ဂနွေ စာအုပ်လမ်း)၌ ဇန်နဝါရီ ၆ ရက် ညနေပိုင်းက လာရောက်ခင်းကျင်းနေကြသည်ကို တွေ့ရစဉ်။**

ခင်မောင်ဝင်း(ကြေးမုံ)

**✱ ရှေ့ဖုံးမှ**

ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာ သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်နှင့် အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်တို့က ကိုယ်ပိုင်စုဆောင်းထားသည့် မြန်မာ့နိုင်ငံခြားဆက်ဆံရေးဆိုင်ရာမှတ်တမ်းများကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# ရုရှားသည် ဖိလစ်ပိုင်၏မဟာမိတ်နှင့် ကာကွယ်စောင့်ရှောက်သူ ဖြစ်လာမည်ဟု မျှော်လင့်ကြောင်း သမ္မတဒူတာတေး ပြောကြား

**မနီလာ ဇန်နဝါရီ ၆**

ဖိလစ်ပိုင်နိုင်ငံသို့ လေးရက်ကြာချစ်ကြည်ရေးအလည်အပတ်ခရီးအဖြစ်ရောက်ရှိနေသည့် ရုရှားရေတပ်မှ စစ်ရေယာဉ် နှစ်စင်းအနက် တစ်စင်းပေါ်သို့ ဇန်နဝါရီ ၆ ရက်တွင် ဖိလစ်ပိုင်သမ္မတဒူတာတေးက သွားရောက်လည်ပတ်ခဲ့ပြီး ရုရှားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ မဟာမိတ်နှင့် ကာကွယ်စောင့်ရှောက်သူဖြစ်လာမည်ဟု မိမိမျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက ၎င်းတို့နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလုပ်ဆောင်မှုဖြစ်ပေါ်ရေးအတွက် ရည်မှန်းချက်ထားရှိကာ ခေတ်မီဆန်းပြားသော စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးသွားရန် အသင့်ရှိနေကြောင်းပြောကြားပြီး တစ်ရက်အကြာတွင် ဖိလစ်ပိုင်သမ္မတ ဒူတာတေးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် မိတ်ဆွေရုရှားများအား ကြိုဆိုပါကြောင်း၊ သင်တို့ဆန္ဒရှိသလို အချိန်မရွေး၊ နေရာမရွေး ဖိလစ်ပိုင်သို့ရေယာဉ်များဝင်ရောက် ဆိုက်ကပ်နိုင်ကြောင်း၊ ယင်းသို့ဆိုက်ကပ်ရာတွင် စစ်ရေးလေ့ကျင့်မှုအတွက်ဖြစ်စေ၊ ထောက်ပံ့ရေးပစ္စည်းများ ပြန်လည်ဖြည့်တင်းရေးအတွက်ဖြစ်စေ မဟာမိတ်အနေဖြင့် ကျွန်ုပ်တို့အား ကာကွယ်စောင့်ရှောက်ရေးအတွက်လည်း ပါဝင်ကြောင်း ဖိလစ်ပိုင်သမ္မတကပြောကြားပြီး အဆိုပါရေယာဉ်စုအား ဦးဆောင်လာသည့် ရုရှားပစိဖိတ်ရေတပ် တပ်မှူးဗိုလ်ချုပ်ကြီး အီဒူဝပ်မီဟိုင်းလာ့ဗ်အား လက်ဆွဲနှုတ်ဆက်ခဲ့သည်။

ဖိလစ်ပိုင်သမ္မတဒူတာတေးသည် ယခုနှစ်ဧပြီလအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်မည်ဖြစ်သည်။ ရုရှားစစ်ရေယာဉ်များသည် ဖိလစ်ပိုင်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံရေတပ်များဆက်သွယ်မှုဖြင့် တရားဝင်လာရောက်လည်ပတ်ခြင်းဖြစ်သည်။

**ရိုက်တာ။**

# ထိုင်းတောင်ပိုင်းတွင် မိုးသည်းထန်၍ ရေလွှမ်းမိုးမှုဖြစ်ပွား လူခြောက်ဦးသေဆုံးပြီး ကားလမ်းနှင့်ရထားလမ်းများပြတ်တောက်

**ဗန်ကောက် ဇန်နဝါရီ ၆**

ထိုင်းနိုင်ငံတောင်ပိုင်းဒေသတွင် အချိန်အခါမဟုတ်မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးပြီး ကားလမ်းနှင့်ရထားလမ်းပိုင်းများ ပြတ်တောက်သွားခဲ့သည်။ ဒေသအတွင်းရှိ လေဆိပ်တစ်ခုမှာလည်း ပိတ်ထားရမည့်အခြေအနေနှင့် ကြုံတွေ့နေရပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာသည် နိုင်ငံတောင်ပိုင်း ရေလွှမ်းမိုးမှုဖြစ်ပွားရာဒေသသို့ ဇန်နဝါရီ ၆ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ မိုးရာသီကာလသည် ပုံမှန်အားဖြင့် နိုဝင်ဘာလနှောင်းပိုင်းတွင် ကုန်ဆုံးမြဲဖြစ်သည်။ ယခုကဲ့သို့ ဇန်နဝါရီလအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပွားခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်သည်။ ဇန်နဝါရီလသည် ထိုင်းတောင်ပိုင်းဒေသရှိပင်လယ်ကမ်းခြေအပန်းဖြေစခန်းသို့ ခရီးသည်ဝင်ရောက်မှုအမြင့်မားဆုံး ရာသီဖြစ်သည်။

ထိုင်းနိုင်ငံတောင်ပိုင်း နာခွန်စီ သမ်မာရက်ပြည်နယ်ရှိ အဓိကကျသော လေဆိပ်မှ ပျံသန်းမည့် လေယာဉ်ခရီးစဉ် ၂၆ ခုကို လေယာဉ်ပြေးလမ်းရေလွှမ်းနေခြင်းကြောင့် ဇန်နဝါရီ ၆ ရက်တွင် ဖျက်သိမ်းလိုက်ရကြောင်း အဆိုပါ လေဆိပ်မှ ပြောကြားသည်။

ထိုင်းနှင့်မလေးရှားနှစ်နိုင်ငံအကြား ဆက်သွယ်ထားသည့်အဓိကရထားလမ်းပေါ်တွင် လမ်းပိုင်းအချို့ရေလွှမ်းနေ၍ ရထားခုတ်မောင်းသွားလာမှုကို ရပ်ဆိုင်းထားရကြောင်း သတင်းတွင်ဖော်ပြသည်။

ထိုင်းနိုင်ငံတွင် ရေကြီးရေလျှံမှုများသည် မေလမှ နိုဝင်ဘာလအတွင်း ကျရောက်သည့်မိုးရာသီအတွင်း၌သာ ဖြစ်ပွားလေ့ရှိသည်။

**ရိုက်တာ။**



# အိုစမာဘင်လာဒင်၏သား ဟမ်ဇာဘင်လာဒင်ကို အမေရိကန်က အကြမ်းဖက်သမားအဖြစ်သတ်မှတ်

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်ပြည်ထောင်စုက အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်၏သား ဟမ်ဇာဘင်လာဒင်အား အကြမ်းဖက်သမားတစ်ဦးအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ် ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဟမ်ဇာဘင်လာဒင်ကို အကြမ်းဖက်အဖွဲ့၏ တရားဝင်အဖွဲ့ဝင်တစ်ဦးအဖြစ် အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင် အေမန် အယ်လ် ဇာဝါဟီရီက ကြေညာခဲ့သည်။

ဟမ်ဇာဘင်လာဒင်က အနောက်နိုင်ငံများ၏မြို့တော်များတွင် အကြမ်းဖက်လုပ်ရပ်များဆင်နွှဲရန်နှင့် အမေရိကန်နိုင်ငံကို လက်စားချေတုံ့ပြန်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင်ပါရှိသည်။

ထို့ပြင် ဟမ်ဇာဘင်လာဒင်က ၂၀၁၆ ခုနှစ်တွင် ဆော်ဒီအာရေဗျအခြေစိုက် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့များအား ယီမင်နိုင်ငံရှိ မဟာမိတ်များနှင့်ပူးပေါင်းပြီး ဆော်ဒီအာရေဗျနိုင်ငံအား သိမ်းပိုက်ရန် ဆော်ဩထားကြောင်း သိရသည်။

ဟမ်ဇာဘင်လာဒင်ကို ၁၉၈၉ ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူအယ်လ်ခိုင်ဒါအဖွဲ့တည်ထောင်သူ အိုစမာဘင်လာဒင်ကို ၂၀၁၁ ခုနှစ် မေ ၂ ရက်တွင် ပါကစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များက စစ်ဆင်ရေးဆောင်ရွက်နေစဉ် အသေပစ်သတ်ခဲ့သည်။



**ဆင်ဟွာ။**

# ဂွါတာနာမို ပင်လယ်အော် အကျဉ်းစခန်းမှ အကျဉ်းသားလေးဦးကို ဆော်ဒီသို့လွှဲပေးမည်

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်ပြည်ထောင်စုသည် ဂွါတာနာမို ပင်လယ်အော်ရှိ စစ်ဘက်ဆိုင်ရာ အကျဉ်းစခန်းမှ အကျဉ်းသားလေးဦးကို ဆော်ဒီအာရေဗျနိုင်ငံသို့ လာမည့် ၂၄ နာရီအတွင်း လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားကြသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ၎င်း၏ရာထူးသက်တမ်း မကုန်မီ ဂွါတာနာမို ပင်လယ်အော်အကျဉ်းစခန်းရှိ အကျဉ်းသားဦးရေကို လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ သို့ရာတွင် ယင်းသို့ဆောင်ရွက်မှုကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်က ကန့်ကွက်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဒေါ်နယ်ထရန့် သမ္မတတာဝန်၌ ထမ်းဆောင်ခြင်း မရှိမီ သမ္မတ အိုဘားမား၏အစီအစဉ်အရ ဂွါတာနာမို ပင်လယ်အော်အကျဉ်းစခန်းမှ အကျဉ်းသား ၁၉ ဦးအထိ နိုင်ငံပေါင်း လေးနိုင်ငံထက်မနည်းသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံများတွင် အီတလီ၊ အိုမန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ ပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ရိုက်တာ။**

# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ဆားဘီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဆားဘီးယားပြည်သူများ ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ဆားဘီးယားသမ္မတ တော်မီစလပ် နီကိုလစ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

အပြန်အလှန်လေးစားမှုကိုအခြေခံသည့် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ဆားဘီးယားတောင်ပိုင်း ကိုဆိုဗိုနှင့် မီထရိုဂျာပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံက အသိအမှတ်မပြုသည့် ရပ်တည်မှုကို မိမိတို့အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

အလားတူ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒြားဗူစ်ကလည်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**ကျူးဘားသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကျူးဘားသမ္မတ မစ္စတာ ရာဟူးလ်ကက်စထရိုဇ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့လည်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို ရိုထရီဂွေ့ဇ်ပါရေးရားကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**မော်ရိုကို ဘုရင်နိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပါစေဟု ဆန္ဒပြုပါကြောင်း မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက်ဘုရင် မိုဟာမက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံအကျိုးစီးပွားအတွက် နယ်ပယ်ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တည်တံ့ခိုင်မြဲစေရန် ဆန္ဒရှိသကဲ့သို့ အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူညီချက်ကိုလည်း အားကောင်းလာစေရန် ဆန္ဒရှိပါသည်ဟု ဖော်ပြထားသည်။

**အီဂျစ်အာရပ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်ဟု အီဂျစ်အာရပ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အက်ဒယ်လ် ဖာတာ အယ်လ်စီစီက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

ယခုကဲ့သို့ သဝဏ်လွှာပေးပို့ခွင့်ရခြင်းသည် မိမိတို့နှစ်နိုင်ငံပြည်သူများကြား ခင်မင်ရင်းနှီးသောဆက်ဆံရေးကို တိုးမြှင့်နိုင်မည့် အရေးပါသောအခွင့်အလမ်းဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြီးပွားတိုးတက်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

**တောင်အာဖရိကသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် တောင်အာဖရိကသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလဲ့ ကီဆာဇူးမားက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာပါစေဟုဆန္ဒပြုပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံကြား တည်ရှိနေသော ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော ဇန်နဝါရီ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဆန်နှင့် ကုလားပဲများ ထောက်ပံ့ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာအုပ်စု အတွင်းရှိကျွဲထားပြင်၊ သာဇေကုန်း၊ ဟော်ရီဟူလ္လာနှင့် ဖူခါလီကျေးရွာများရှိ အိမ်ထောင်စု ၃၉၈ စုအတွက် ဆန်အိတ် ၉၉ ဒသမ ၅၀ အိတ်၊ ပဲ ၁၉၉ အိတ်ကိုလည်းကောင်း၊ လှဖိုးခေါင်ကျေးရွာရှိ အိမ်ထောင်စု ၃၄၁ စုအတွက် ဆန် ၈၅ ဒသမ ၂၅ အိတ်၊ ပဲ ၁၇၀ ဒသမ ၅၀ အိတ်ကိုလည်းကောင်း၊ ကျောက်ပြင်ဆိပ်ကျေးရွာရှိ အိမ်ထောင်စု ၁၁၆ စုအတွက် ဆန် ၂၉ အိတ်နှင့် ပဲ ၅၈ ပိဿာကိုလည်းကောင်း၊ သူဦးလာကျေးရွာရှိ အိမ်ထောင်စု ၆၉ စုအတွက် ဆန် ၁၇ ဒသမ ၂၅ အိတ်နှင့် ပဲ ၃၄ ဒသမ ၅၀ ပိဿာကိုလည်းကောင်း၊ သရက်အုပ် (ရခိုင်)ကျေးရွာရှိအိမ်ထောင်စု ၁၅ စုအတွက် ဆန် ၃ ဒသမ ၇၅ အိတ်နှင့် ပဲ ၇ ဒသမ ၅၀ ပိဿာကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒါကြီးစားကျေးရွာရှိ အိမ်ထောင်စု ၂၉၄ စုအတွက် ဆန် ၇၃ ဒသမ ၅၀ အိတ်နှင့် ပဲ ၁၄၇ ပိဿာကိုလည်းကောင်း၊ ရွက်ညိုတောကျေးရွာရှိ အိမ်ထောင်စု ၄၆ စုအတွက် ဆန်၁၁ ဒသမ ၅၀ အိတ်နှင့် ပဲ ၂၃ ပိဿာကို လည်းကောင်း ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မောင်တောမြို့နယ်အတွင်း စုစုပေါင်း ကျေးရွာ ၁၂ ရွာရှိ အိမ်ထောင်စု ၁၂၇၉စုအတွက် ဆန် ၃၁၉ ဒသမ ၇၅ အိတ်နှင့် ပဲ ၆၃၉ ဒသမ ၅၀ ပိဿာကို ထောက်ပံ့ပေးအပ်ကာ အဆိုပါကျေးရွာများရှိ ကလေးသူငယ်များအတွက် ကစားစရာအရုပ်များနှင့် မုန့်ပဲသရေစာများကိုလည်းဝေငှပေးခဲ့သည်။

ထိုသို့ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သောကျေးရွာများသို့ ကြိမ်ချောင်းတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ရွေ့လျားဆေးကုသရေးအဖွဲ့များက ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုများ တစ်ပြိုင်တည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

**❋ ရခိုင်ပြည်နယ်မှ**

မီးလောင်ထားသော ဂြိုဟ်တုဓာတ်ပုံများ ထုတ်ပြန်ပြီးနောက်၌ (မဟုတ်မမှန်) ဓာတ်ပုံများကို တင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

အယ်ဂျာဇီးယားရုပ်မြင်သံကြားသတင်းဌာန၏ အင်္ဂလိပ်ဘာသာဖြင့် Tweeter In Chief #Rohingya Fake News on AJ News Grid အစီအစဉ်တွင် အစီအစဉ် တင်ဆက်သူ Leah Harding ၏ ပြောကြားချက်ကို Leah Harding ယူကျု စာမျက်နှာတွင် ကြည့်ရှုနိုင်သည်။ ယင်းသတင်း ကြည့်ရှုရန် အင်တာနက်လိပ်စာမှာ https://www.youtube.com/watch?v=EBhXhOsbMJc ဖြစ်သည်။

ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ သတင်းမှားများ ဖြန့်ချိလျက်ရှိသော Ro Nay San Lwin သည် ကာကွယ်ဆေး အစမ္မွထိုးနှံရာမှ ကလေးငယ်တစ်ဦး သေဆုံးရသည်ဟူ၍ မဟုတ်မမှန် လုပ်ကြံဖန်တီးထားသော သတင်းကိုစတင်ဖြန့်ချိခဲ့သူလည်း ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသတွင် အောက်တိုဘာလ ၉ ရက်နေ့တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များအား အကြမ်းဖက် တိုက်ခိုက်ခံရပြီးနောက် မဟုတ်မမှန် လုပ်ကြံဖန်တီးထားသည့် သတင်းမှားကို ဖြန့်ချိလျက်ရှိရာ ထိုသတင်းမှားများကြောင့် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထိုသို့ သတင်းမှားများကို ဦးဆောင်ဖြန့်ချိနေသူများမှာ မြန်မာနိုင်ငံ ပြင်ပတွင် နေထိုင်နေကြသူများဖြစ်ပြီး လူမျိုးအမည်တစ်ခုကို အကြောင်းပြု၍ အကျိုးဆောင်သူများအဖြစ် အလှူရှင်နိုင်ငံများ၊ အလှူရှင်အဖွဲ့အစည်းများ၊ အလှူရှင် လူပုဂ္ဂိုလ်များထံမှ ငွေကြေးနှင့် ထောက်ပံ့ကူညီမှုများစွာရရှိလျက်ရှိကြောင်း၊ ပြည်ပရောက်ရှိနေကြသူများ ဖြစ်၍ ထောက်ပံ့ကူညီမှုများ အသုံးပြုကာ မြန်မာနိုင်ငံအတွင်း ပဋိပက္ခများ ဖြစ်ပေါ်လာစေရန်၊ ပဋိပက္ခများ ငြိမ်သက်သွားပါကလည်း ပြန်လည်ဖြစ်ပွားလာစေရန် သွေးထိုးပေးနေခြင်းဖြစ်ကြောင်း သိရှိရသည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၂၆) အား စီရင်ချက် (အမိန့်) ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် မြန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးအောင်စိန်က ယင်းမဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့်ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထားသူသာလျှင် ခိုင်လုံမဲအများဆုံးရရှိမည်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၂၆/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်၊ ဥက္ကဋ္ဌများအဖြစ် ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ အဖွဲ့ဝင်ပါဝင်သည့် ရွေးကောက်ပွဲ ခုံအဖွဲ့(၂)က ကြားနာ စစ်ဆေးနေစဉ် လျှောက်ထားသူ ဦးအောင်စိန် မှာ ၂၀၁၆ခုနှစ် ဇူလိုင် ၂၈ ရက်တွင်ကွယ်လွန်ခဲ့သဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၉၇(က)နှင့်အညီ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအားရပ်စဲကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်း ဥပဒေ ၈၇ ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၀ ၌ပြဋ္ဌာန်းထား သည့်အတိုင်း လိုက်နာ၍ ကန့်ကွက်သူအဖြစ် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ၉၇(ခ)အရ လျှောက်ထားခွင့်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၇/၂၀၁၆)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ကွယ်လွန်သူ ဦးအောင်စိန်အစား ဦးသန်းမောင် (ရခိုင်အမျိုးသားပါတီ) က ရခိုင်ပြည်နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်နု(ခ) ဦးတင်နုအောင် (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့်ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထားသူသာလျှင် ခိုင်လုံမဲအများဆုံးရရှိမည်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန်နှင့် လျှောက်ထားသူ ဦးအောင်စိန်၏ရွေးကောက်ပွဲကိုယ်စားလှယ် ဦးသန်းဝင်း (မဲဆန္ဒရှင်)ကလည်း လျှောက်ထားခံရသူ ကိုယ်တိုင်နှင့် ၎င်း၏ပါတီဝင်များသည် ရွေးကောက်ပွဲ ဥပဒေချိုးဖောက်မှုနှင့်တရားမဲ့ပြုကျင့်မှုများကြောင့် အနိုင်ရရှိသွားခြင်းဖြစ်၍ လျှောက်ထားခံရသူအား ရွေးကောက်တင်မြှောက်ခြင်းသည်ပျက်ပြယ်ကြောင်း ဆုံးဖြတ်ပေးပါရန် ကန့်ကွက်လွှာတင်သွင်းခဲ့သည်။

သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ဆက်လက်စစ်ဆေးပြီးနောက် ဇန်နဝါရီ ၆ ရက်တွင် ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးတင်နု(ခ) ဦးတင်နုအောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်ပြီး လျှောက်ထားသူများ၏ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်း၊လျှောက်ထားသူတို့က တရားစရိတ်ငွေကျပ်တစ်သိန်းစီကို လျှောက်ထားခံရသူအား ပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မူဆယ်မြို့နယ်မုံးပေါ်ကျေးရွာအနီးမှ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာအနီး တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ်လက်နက်ခဲယမ်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

မူဆယ်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မုံးပေါ်ကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခန့်အကွာ၌ လက်နက်ကိုင်အဖွဲ့များ အခြေပြုနေထိုင်ခဲ့သည့် သစ်ခက်မိုးသစ်ခက်ကာ နှစ်ယောက်အိပ်လူနေတဲ ငါးလုံး၊ ပစ်ကျင်း ၂၀၊ အမ် ၂၁ သေနတ် နှစ်လက်၊ အမ် ၂၂ သေနတ် တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခုနှင့် ၎င်းကျည် ၅၇ တောင့်၊ R-3 စနိုက်ပါ(မှန်ပြောင်းပါ) တစ်လက်၊ ၎င်းကျည်အိမ် သုံးခုနှင့် ၎င်းကျည်အတောင့် ၆၀၊ ကျည်ကာဦးထုပ် တစ်လုံး၊ ဆိုလာပြား တစ်ချပ်နှင့် ဆိုင်ကယ်ဘက်ထရီအိုး တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ အာမခံရရှိ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့၏ အမှုအား ယနေ့နံနက်ပိုင်းက ရုံးထုတ်ရာတွင် တာမွေမြို့နယ် တရားရုံးက အာမခံပေးလိုက်ကြောင်း သိရသည်။

ယနေ့ ရုံးထုတ်ရာတွင် တရားလိုပြသက်သေ ၁၂ဦး တင်သွင်းထားသည့်အနက် တရားလို ဦးမိုးဟိန်းကို စတင်စစ်ဆေးခဲ့ပြီး စွပ်စွဲခံရသူတို့ဘက်မှ အာမခံလျှောက်ထားမှုအပေါ် မြို့နယ်တရားသူကြီးက Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ နှစ်ဦးလုံးကို အာမခံပေးလိုက်ကြောင်း တာမွေမြို့နယ် တရားရုံးမှ သိရသည်။

အဆိုပါ အမှုကို စတင်တရားစွဲဆိုသည့်နေ့မှစ၍ စွပ်စွဲခံရသူတို့ဘက်မှ သုံးကြိမ်တိုင် အာမခံလျှောက်ထားခဲ့ရာ တရားရုံးက ပယ်ချခဲ့သော်လည်း ယနေ့ လေးကြိမ်မြောက် အာမခံလျှောက်ထားရာတွင် အာမခံရရှိခဲ့ကြောင်းသိရသည်။ **ဇော်ကြီး (ပဏိတ)**

# ဝန်ဆောင်မှုလုပ်ငန်းများနှင့် စားသုံးသူကာကွယ်ရေး

**ဦးနိုင်ဦး၊ ဒေါ်မြင့်မြင့်ချို**

**ကတိကဝတ်ပြုထားသည့် ဝန်ဆောင်မှုလုပ်ငန်းများ**

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများတွင် အစားအသောက်များသာမက လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအားလုံး ပါဝင်ပါသည်။ အဆိုပါ ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ကြသူများသည် ပြည့်စုံမှန်ကန်တိကျသော တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ယုံကြည်ရသည့် သတင်းအချက်အလက်များကို ပေးရန်လိုအပ်ပါသည်။ လက်ရှိမြန်မာနိုင်ငံသည် ခေတ်မီတိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးသည်လည်း စားသုံးသူများ၏တောင်းဆိုမှုများအရ ပေါ်ပေါက်လျက်ရှိရာ စားသုံးသူပြည်သူများမှ ပေးအပ်သော ဝန်ဆောင်ခများနှင့်အညီ သက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများမှ ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပေးထားသည့် ဝန်ဆောင်မှုများအတိုင်း စားသုံးသူပြည်သူများအား အပြည့်အဝ ဝန်ဆောင်မှုပေးရန် အထူးလိုအပ်လှပါသည်။

**ဥပဒေပါပြဋ္ဌာန်းထားချက်များအပေါ် အလေးထားရန်လိုအပ်**

စားသုံးသူများအား ကာကွယ်ပေးနိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄) တွင် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များသည် ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များတွင် ဖော်ပြထားသောအခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ ကာလသတ်မှတ်ချက်၊ အကျိုးသက်ရောက်မှုတို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှု၊ ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှုများအား မပြုလုပ်ရပေ။ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူများ ထင်ယောင်ထင်မှားဖြစ်စေရန်ရည်ရွယ်၍ အသုံးမပြုနိုင်သော သို့မဟုတ် မရနိုင်သောဝန်ဆောင်မှု၊ အပြစ်အနာအဆာချွတ်ယွင်းချက်များကို ဖုံးကွယ်ထားသော ဝန်ဆောင်မှု၊ အခြားသောဝန်ဆောင်မှုများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချိုးနှိမ်ဖော်ပြမှု၊ ချဲ့ကားဖော်ပြမှု၊ မသေချာမရေရာသော ကတိများဖြင့် ဝန်ဆောင်မှုလုပ်ငန်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရအရေးယူခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် လိမ်လည်လှည့်ဖြားရန်အကြံဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း၊ ကမ်းလှမ်းထားသော ကုန်စည်အစား အခြားကုန်စည်များနှင့် အစားထိုးရောင်းချကြောင်း၊ နောက်ဆုံး သုံးစွဲရမည့်ရက်စွဲ ကျော်လွန်နေသည့် ကုန်စည်ကို ပြုပြင်မွမ်းမံ ရောနှောရောင်းချကြောင်း၊ အရောင်းမြှင့်တင်ခြင်းမပြုမီ ဈေးနှုန်းမြှင့်ခြင်းများအား လိမ်လည်မဆောင်ရွက်သင့်ပေ။ ထို့အပြင် စားသုံးသူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကို အနှောင့်အယှက်ဖြစ်စေမည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဥပဒေပါပြဋ္ဌာန်းချက်များ ယဉ်ကျေးမှု၊ လူမှုကျင့်ဝတ်၊ ဓလေ့ထုံးတမ်းများကို ဖောက်ဖျက်ကာ ကြော်ငြာခြင်းများကို မပြုလုပ်အပ်ပေ။ စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် အကျိုးဆက်များကို တာဝန်ယူဖြေရှင်းပေးရန် တာဝန်ရှိကြောင်းကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)တွင် ပြဋ္ဌာန်းကာ စားသုံးသူများအား ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ကာကွယ်ပေးထားပါသည်။

ယနေ့ကာလတွင် စားသုံးသူများသည် ရွေးချယ်စရာ မြောက်မြားစွာထဲမှ ဝန်ဆောင်မှုကောင်းသော ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပေးထားသည့် ဝန်ဆောင်မှုများအတိုင်း တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လိမ်လည်လှည့်ဖြားမှုကင်းသော ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ရွေးချယ်လျက်ရှိနေကြပါသည်။ သို့သော် အချို့သော ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သူများသည် အောက်ပါအတိုင်း စားသုံးသူများ မသိနားမလည်မှုများအပေါ် အမြတ်ထုတ်ကာဆောင်ရွက်လျက်ရှိ၍ စားသုံးသူများ နစ်နာလျက်ရှိကြောင်း တွေ့ရှိရပါသည်။

**ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းများ**

မြန်မာနိုင်ငံတွင် ခေတ်နှင့်အညီ ပုဂ္ဂလိကပညာရေးကျောင်းများ၊ ဘော်ဒါများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို တရားဝင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိကြပါသည်။ မိဘများကလည်း မိမိကလေးများ၏ ပညာရေးကို ပိုမိုကောင်းမွန်စေရေးအတွက်လည်းကောင်း၊ ကြော်ငြာပါ ကတိကဝတ်များကို ယုံကြည်၍လည်းကောင်း၊ မိမိကလေးများ၏ ပညာရေးနှင့်ပတ်သက်၍ အချိန်မပေး၊ လှည့်မကြည့်နိုင်၍လည်းကောင်း အဆိုပါကျောင်းများ၌ မိမိကလေးများအား အပ်နှံထားသော်လည်း အဆိုပါ ကျောင်းများမှ မူလကတိကဝတ်ပေးထားသည့်အတိုင်း ဝန်ဆောင်မှုများ မပေးနိုင်ခြင်းများကြောင့် အပြင်၌ ကျူရှင်ပြန်ထားရခြင်း၊ စားသောက်မှုမကောင်း၍ အိမ်မှချက်ပြုတ်ပေးရခြင်း၊ နေထိုင်မကောင်း၍ အပြင်၌ ဆေးကုပေးရခြင်း၊ လိုအပ်သောဆေးဝါး၊ အသုံးအဆောင်များ ဝယ်ပေးရခြင်းများကြောင့် အဆင်မပြေမှုများနှင့် နစ်နာမှုများ ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

**ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းဝန်ဆောင်မှုလုပ်ငန်းများ**

ငွေကြေးတတ်နိုင်သူများ၊ ဝန်ဆောင်မှု အပြည့်အဝ ရရှိလိုသော လူနာများ၊ လူနာရှင်များသည် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသကုသကြပါသည်။ အများအားဖြင့် ဝန်ဆောင်မှုကောင်းစွာပေးခြင်း၊ အထူးကုဆရာဝန်ကြီးများဖြင့် အချိန်တိုအတွင်း ကုသပေးနိုင်ကြသော်လည်း တချို့သော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင်မူ အပြည့်အဝ ဝန်ဆောင်မှုမပေးနိုင်ခြင်း (ဥပမာ- Air-con များ တပ်ဆင်ထားသော်လည်း မီးပျက်ပါက မီးစက်မမောင်းဘဲထားခြင်း၊ ပြင်ပမှာထက် ဆေးဝါးများ ဈေးပိုပေး၍ ဝယ်ယူအသုံးပြုရခြင်း၊လူနာရှင်အား ကြိုတင်အသိမပေးဘဲ မူလခန့်မှန်းကုန်ကျငွေထက် မြောက်မြားစွာ ပိုမိုတောင်းခံခြင်း၊ ဆေးကုသစရိတ်ဘောက်ချာ မပေးခြင်းများရှိကြသော်လည်း မြန်မာတို့၏ စိတ်ရင်းအတိုင်း အားနာမှု၊ ခွင့်လွှတ်မှု၊ သည်းခံမှုများကို လက်ကိုင်ထားသဖြင့် စားသုံးသူ အခွင့်အရေးများ နစ်နာဆုံးရှုံးရပါသည်။ အမှန်မှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသည် လူနာနှင့် လူနာရှင်များ စိတ်ချမ်းသာစေရေးအတွက် သတ်မှတ်ထားသော ဝန်ဆောင်မှုများကို အပြည့်အဝပေးရမည်သာဖြစ်ပါသည်။



**စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်းများ**

စားသုံးသူပြည်သူများသည် မိသားစုနှင့်ဖြစ်စေ၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့်ဖြစ်စေ ဝန်ဆောင်မှုကောင်းသော စားသောက်ဆိုင်များတွင် သွားရောက်စားသောက်ကြရာတွင် စားသောက်ဆိုင်အတော်များများသည် အစိုးရသို့ ပေးသွင်းရမည့် စားသောက်ခွန်များကို ငွေရှင်းပြေစာများတွင် ထည့်သွင်းတွက်ချက်၍ တောင်းခံကြသည်မှာ သဘာဝကျပြီး လက်ခံနိုင်ပါသည်။ စားသောက်ဆိုင်အများစုမှာ မိမိဆိုင် ရောင်းအားတက်ရေးအတွက် အပြိုင်အဆိုင် ဆောင်ရွက်ကြရာ၌ ကြော်ငြာ၍တစ်မျိုး၊ အမျိုးသမီးငယ်များကို ဧည့်ကြိုစေ၍တစ်မျိုး၊ သူများနှင့်မတူသော မက်လုံးပေးမှုမျိုးဖြင့်တစ်မျိုး ဆောင်ရွက်ကြရာ၌ တချို့သော စားသောက်ဆိုင်ကြီးများတွင် စားသုံးသူများကို နစ်နာဆုံးရှုံးစေလျက်ရှိပါသည်။ (ဥပမာ - ဆိုင်မှဝန်ထမ်းများ၏ လုပ်အားခအတွက် စားသုံးသူများထံမှ ဝန်ဆောင်ခအဖြစ် ကောက်ခံခြင်း၊ အစားအသောက်များ မသန့်ရှင်းခြင်း၊ ဘေးအန္တရာယ်မကင်းသော ပစ္စည်းများသုံးစွဲခြင်း) အမှန်မှာ စားသောက်ဆိုင်ကြီးများသည် စားသုံးသူများ စိတ်ကျေနပ်မှုရှိရေးအတွက် ဝန်ဆောင်မှုပေးရာ၌ အစားအသောက်များတွင် အဆိုပါဝန်ဆောင်မှုအတွက်ပါ ထည့်သွင်း၍ တွက်ချက်ရောင်းချသဖြင့် ထပ်မံ၍ ဝန်ဆောင်ခတောင်းခံခြင်း၊ အစားအသောက်များတွင် အရည်အသွေးလျှော့ချထားခြင်းများ မပြုလုပ်သင့်ပေ။



ထို့အပြင် မြန်မာပြည်အနှံ့ ခရီးသွားယာဉ်ရပ်နားစခန်းရှိ စားသောက်ဆိုင်အများစုသည် Menu စာအုပ်ချထားပေးခြင်း၊ နံရံ၌ ကပ်ထားပေးခြင်းမရှိကြသည်ကို တွေ့ရှိရသည်။ ၎င်းဆိုင်အားလုံးသည် ပုံမှန်ဆိုင်များထက် ဈေးနှုန်းကြီးမြင့်လေ့ရှိသဖြင့် ငွေကြေးကိုတိုင်းတာပြီး မဖြစ်မနေ သွားလာရသော ခရီးသည်များအတွက် အခက်အခဲဖြစ်စေသည်။ ဈေးနှုန်းကြီးမြင့်သည့်အပြင် လူများသဖြင့် ဝန်ဆောင်မှုမှာ စိတ်ကျေနပ်ဖွယ်မဖြစ်ချေ။

**ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ**

ပြည်သူများသည် တာဝန်အရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ အပျော်ခရီးဖြစ်စေ၊ ဘုရားဖူးရန်အတွက်ဖြစ်စေ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် ကင်း၍မရဘဲ ဆက်သွယ်သွားလာလျက်ရှိကြပါသည်။ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှလည်း အပြိုင်အဆိုင် ခရီးသွားများကို ဝန်ဆောင်မှုအမျိုးမျိုးဖြင့် ဆွဲဆောင်၍ ဆောင်ရွက်လျက်ရှိကြပါသည်။ ခရီးသွားပြည်သူများမှလည်း ဝန်ဆောင်မှုကောင်းသော၊ အချိန်မှန်သော၊ ဘေးကင်းလုံခြုံမှုရှိသော ယာဉ်များဖြင့်သာ သွားလာလိုကြသည်မှာ သဘာဝဖြစ်ပါသည်။ ဥပမာ-Air-con ကားဖြစ်သော်လည်း Air-con မဖွင့်ပေးခြင်း၊ ၈ နာရီထွက်ရမည်ဖြစ်သော်လည်း ၉ နာရီမှကားထွက်ခြင်း၊ ကြော်ငြာထားသည့်ယာဉ်အစား အခြားယာဉ်များဖြင့် စီစဉ်ပေးခြင်း၊ ခရီးသည်များအား ကြိုရမည့်နေရာ၌မကြိုဘဲ အချိန်နီးကပ်မှ ဘယ်နေရာ၌ စောင့်ပါဟု ပြောဆိုခြင်း၊ ယာဉ်မောင်းများ သောက်စားမောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုမရှိဘဲ မောင်းနှင်ခြင်းများဖြစ်ပေါ်နေသည်ကို ကြုံတွေ့နေရပါသည်။ အမှန်မှာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများသည် ခရီးသွားများအား အပြည့်အဝစိတ်ချမ်းသာစေရေးအတွက် ဝန်ဆောင်မှုများဖြစ်သည့်အချိန်မှန်ခြင်း၊ ဘေးကင်းလုံခြုံမှုရှိရေးတို့အတွက် မထွက်ခွာမီ ယာဉ်ကိုသေချာစွာစစ်ဆေးခြင်း၊ ယာဉ်ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ပုံမှန်နှုန်းဖြင့် မောင်းနှင်စေခြင်း စသည်ဖြင့် စည်းကမ်းသတ်မှတ်ပါက ပိုပြီးဘေးကင်းလုံခြုံမည်ဟု ထင်ပါသည်။

**ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်း**

ပြည်သူများသည် နေထိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများကို အားကိုးလာကြသဖြင့် ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်းများသည် အပြိုင်အဆိုင် ပေါ်ပေါက်လာရပါသည်။ အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းများသည် အသုံးပြုသောပစ္စည်းများ၏ စံချိန်၊ စံညွှန်း၊ သတ်မှတ်ချက်များအပေါ် နည်းပညာများနှင့် ပေါင်းစပ်၍ သက်တမ်းစေ့နေထိုင်နိုင်သည့် အဆောက်အအုံများကို ဝန်ဆောင်ခနှင့် ကိုက်ညီစွာဆောက်လုပ်ပေးရန် တာဝန်ရှိပါသည်။ သဘာဝဘေးဒဏ်ခံ အဆောက်အအုံများအားလည်း အလားတူပင် ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။ သို့သော် အချို့သော ကျင့်ဝတ်မညီသည့် ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ပြည်သူလူထု စိတ်သောကရောက်ကာ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးသည်အထိ ဒုက္ခများခံစားကြရပါသည်။ (ဥပမာ- စံချိန်စံညွှန်းမပြည့်မီသည့် အုတ်၊ ဘိလပ်မြေများ သုံးစွဲ၍ ဆောက်လုပ်ခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ခို၍၊ လျော့၍ ဆောင်ရွက်ခြင်း)၊ ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား စံချိန်၊ စံညွှန်း၊ အရည်အသွေးပြည့်မီသော ပစ္စည်းများသုံးစွဲပြီး နည်းပညာများဖြင့် ပေါင်းစပ်ကာ ပေးအပ်သော ဝန်ဆောင်ခနှင့်အညီ စေတနာထား ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထိုသို့စေတနာထား ဆောင်ရွက်ရာတွင် ၎င်းအဆောက်အအုံကို တာဝန်ခံလက်မှတ်ရေးထိုးကြသော်လည်း ၎င်းအဆောက်အအုံ ဆောက်သည့်နေရာသို့ မရောက်ဖူးသည့် အင်ဂျင်နီယာပင်ရှိသေးသည်။ ဆောက်လုပ်ရေးဝန်ဆောင်မှုကုမ္ပဏီအပြင် တာဝန်ယူလက်မှတ်ရေးထိုးသော အင်ဂျင်နီယာ၌လည်း တာဝန်ရှိပေသည်။ ထို့သို့ ကြီးကြပ်မှုအားနည်းသည့်အတွက် ခွင့်ပြုထားသည်မှာ ၃ ထပ်၊ ဆောက်တာက ၃ ထပ်ခွဲ၊ ၄ ထပ် စသည်ဖြင့် ဆောက်ကြသဖြင့် စစ်ဆေးရေးအဖွဲ့များက ပြန်လည်စစ်ဆေးသောအခါ ဖျက်သိမ်းရမှုလည်းရှိသည်။

**ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ**

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများစွာပေါ်ပေါက်လာပြီး သုံးစွဲသူများကို မက်လုံးပေး၊ မျှော်လင့်ချက်များပေးကာ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် အပြိုင်အဆိုင် ဆောင်ရွက်နေကြပါသည်။ စားသုံးသူများ၏ လိုအပ်ချက်၊ လိုလားချက်များနှင့် ကိုက်ညီသော ဝန်ဆောင်မှုများမှာ ကောင်းမွန်ပြီး ရေရှည်နှစ်ဦးနှစ်ဖက် အကျိုးရှိစေသော်လည်း မပေးနိုင်သော ဝန်ဆောင်မှုများ၊ မဖြစ်နိုင်သောမက်လုံးပေးမှုများကိုမူ မပေးသင့်ပေ။ (ဥပမာအားဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပရိုမိုးရှင်းပေးသောအချိန်သည် လူအများစု တကယ်အသုံးမပြုနိုင်သော ညအချိန်များ၊ အချိန်မတော်ဖြစ်နေသည်။ စေတနာမှန်ပါက ပုံမှန်အချိန်ဖြစ်သင့်သည်။ ၎င်းပရိုမိုးရှင်းပေးသော အချိန်သည် လူငယ်များ၏ ကျန်းမာရေးကိုထိခိုက်စေပြီး လူ့စွမ်းအားအရင်းအမြစ်တွေကိုပါ ကျဆင်းစေသဖြင့် ၎င်းပရိုမိုးရှင်းကို ဘဝင်မကျ။

**(ဆက်လက်ဖော်ပြပါမည်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပညာရေးပြုပြင်ပြောင်းလဲရေး

**ဦးသန်းဖေ(ညော်လမ်းညွှန်)**

မြန်မာနိုင်ငံရဲ့ လက်ရှိပညာရေးစနစ် အဆင်မပြေတာ၊ ပြင်ဖို့လိုနေတာ သိကြပြီး ဖြစ်ပါတယ်။ ဘယ်လိုပြင်ရမယ်လို့ ဆွေးနွေးကြရင်တော့ တော်တော်လေးငြင်းကြ၊ ခုံကြရဖို့ရှိပါတယ်။ ဒါပေမယ့် ဒီအလုပ်ကသိပ်အချိန်ရွှေ့ဖို့လည်း မသင့်တော့ပါ။

ပညာရေးနဲ့ တိုက်ရိုက်ဆက်စပ်တဲ့ stakeholder တွေ အချင်းချင်း သဘောတူညီမှုရဖို့ဆိုတာလည်း တော်တော်ခက်ခဲမယ့် သဘောရှိပါတယ်။ လက်ရှိစနစ်ကလည်း နှစ်ပေါင်း ၅၀ ကျော်၊ တိတိကျကျပြောရရင် (၅၂) နှစ်ရှိနေပြီဖြစ်လို့ အရိုးစွဲနေပြီ။ ဒါကိုပဲ အမှန်ထင်နေသူတွေနည်းမှာ မဟုတ်ပါ။ ဆွေးနွေးကြရမယ့် အချက်တွေကလည်း မနည်းလှပါ။

မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး ဒီသုံးမျိုးမှာကိုက ဆွေးနွေးစရာတွေ အများကြီးဖြစ်ပါတယ်။ ဒါတွေက အများနဲ့ပတ်သက်တဲ့ ကိစ္စတွေလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို ဆွေးနွေးရတာ အခက်ဆုံးဖြစ်ပါမယ်။ လတ်တလော ဒီအပိုင်းနဲ့ပတ်သက်လို့ အခြေပြုစဉ်းစားဖို့လောက်ပဲ တင်ပြချင်ပါတယ်။ ဒီနေ့လူငယ်တွေရဲ့ ပညာရေးနဲ့ပတ်သက်လို့ ထိတွေ့မှုရှိသူတစ်ယောက်ရဲ့ တင်ပြချက်မျှသာ ဖြစ်ပါတယ်။

**အရေးကြီးတဲ့ မူလတန်းပညာရေး**

မူလတန်းပညာက နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့ အခြေခံလိုအပ်ချက်ကို သင်ပေးရာမှာ အရေးအကြီးဆုံးပထမငါးနှစ် ဖြစ်ပါတယ်။ တိုက်ရိုက်ပတ်သက်သူတွေက မူလတန်းအရွယ် နိုင်ငံသူ နိုင်ငံသား အားလုံး ဖြစ်ပါတယ်။ ဒါကြောင့် သူတို့လေးတွေရဲ့အကျိုးကို ဦးထိပ်ထားပြီး စဉ်းစားရပါမယ်။

**လက်ရှိမြင်ကွင်း**

သူတို့လေးတွေက ဘယ်သူတွေလဲ။ စီးပွားရေးအရ သူတို့လေးတွေ ၈၀ ရာခိုင်နှုန်းလောက်က မပြည့်စုံတဲ့ မိဘတွေရဲ့ သားသမီးလေးတွေဖြစ်ပါတယ်။ ၇၀ ရာခိုင်နှုန်းကနေ ၈၅ ရာခိုင်နှုန်းလောက်က ကျေးလက်နဲ့ မြို့ငယ်လေးတွေမှာ ရှိနေပါတယ်။ ၃၅ ရာခိုင်နှုန်းလောက်က ဗမာစာ၊ ဗမာစကားကို မပြောတဲ့ မိသားစုထဲမှာ လူဖြစ်လာခဲ့ကြရသူလေးတွေ ဖြစ်ပါတယ်။ ဒီအထဲမှာ ဒေသတွင်း၊ သဘာဝဘေးအန္တရာယ်၊ စစ်ဘေးစစ်ဒဏ်ကြောင့် ယာယီစခန်းလေးတွေမှာ ခိုလှုံနေကြရသူက ရာခိုင်နှုန်းဘယ်လောက်ရှိတာကို မသိနိုင်ပါ။ မိဘဆင်းရဲ၊ မိဘတာဝန်မဲ့လို့ စားသောက်ဆိုင်တွေ၊ အိမ်တွေမှာ ရောက်နေကြတာကြောင့် ကျောင်းမနေနိုင်သူတွေနဲ့ တခြားအကြောင်း အမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သူလေးတွေရဲ့ ပညာရေးကို ထည့်တွက်မယ်ဆိုရင် တော်တော်ရှုပ်ရှုပ်ထွေးထွေးဖြစ်မှာ သေချာပါတယ်။ သူတို့လေးတွေ ချန်ထားမယ်ဆိုပြန်တော့လည်း မသင့်ပါ။

**အနာဂတ်ကိုမျှော်ကြည့်ပါ**

ဒီကြားထဲမှာ ဒီနေ့ဘယ်လိုပဲမျှော်လင့်လို့ မရလောက်အောင်၊ အခြေခံဥပဒေနဲ့ ဖက်ဒရယ်စစ်စစ်မဖြစ်နိုင်သေးပေမယ့် ဒီလိပ်ခဲတည်းလည်း အခြေအနေဟာ တစ်နေ့ကျရင် ပြေလည်သွားပြီး ဖက်ဒရယ်ပြည်ထောင်စု စစ်စစ်ဖြစ်ပေါ်လာမှာကိုတော့ ပညာရေးအနေနဲ့ မျှော်လင့်ထားရပါမယ်။ အဲဒီအချိန်၊ ဒေသတွင်း၊ ခရိုင်အတွင်း ၊ မြို့နယ်အတွင်းသာမက ရွာကြီးများမှာတောင် မူလတန်းပညာကို ကြိုက်သလိုဖော်ဆောင်ခွင့်ရလာမှာကို ကြိုကြိုတင်တင် ဉာဏ်မျက်စိနဲ့ ရှုမြင်ထားရပါမယ်။ ဒါကြောင့် ဘာသာစကားတွေ ဘယ်လိုပဲ တိုးချဲ့သင်လာသင်လာ နိုင်ငံတော်ရဲ့ မူဘောင်ရှိပြီးသားဆိုရင် အနာဂတ်မှာ ရှင်းဖို့လွယ်ကူမှာကို ကြိုတင်တွက်ဆထားရင်မပိုပါ။

**ရသင့်တဲ့အသိပညာ**

ဒီနေ့ အခြေအနေမှာ မူလတန်းပြီးလို့ ကျောင်းဆက်မတက်ကြတဲ့ ကလေးတွေ၊ မတက်ချင်တဲ့ကလေးတွေ၊ မတက်နိုင်တဲ့ကလေးတွေအတွက် ရလိုက်တဲ့ မူလတန်းပညာလေးဟာ အတိုင်းအတာတစ်ခုလောက်အထိ ပြီးပြည့်စုံတာမျိုးတော့ရှိရမှာ ဖြစ်ပါတယ်။ အရွက်မစုံတဲ့ပတ္တလားလို တီးမရ ခတ်မရ မူလတန်းပညာမျိုးမဖြစ်ဖို့လည်း လိုပါမယ်။

**'အ'သုံးလုံးကျေဖို့လို**

မူလတန်းပညာပြီးတဲ့ ပုဂ္ဂိုလ်လေးတွေဟာ၊ ရှေးလူကြီးတွေပြောသလို သေစာရှင်စာလေးတော့ ရေးတတ်ရပါမယ်။ သာမန်ပြည်သူတွေအတွက် ထုတ်ဝေတဲ့ ညွှန်ကြားချက်၊ သတင်းစာထဲက သတင်း၊ ကြေညာချက်လောက်ကို နားလည်ရပါမယ်။ တိုင်းရင်းသားဆိုရင်လည်း ဗမာစာကို အခြေခံလောက်ဖတ်နိုင်ရပါမယ်။ အရေးအဖတ်လိုပဲ၊ အတွက်အချက်မှာလည်း အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား၊ ဒသမနဲ့ အပိုင်း အပေါင်းအနုတ်၊ ဈေးတွက်လောက်ကို ပိုင်ပိုင်နိုင်နိုင်သင်ပေးရပါမယ်။

**မမြင်ချင်ယောင်၊ မကြားချင်ယောင် မဆောင်ပါနဲ့တော့**

နိုင်ငံသားကောင်းလေးတွေဖြစ်လာစေဖို့ လိုအပ်တဲ့ ပထဝီ၊ သမိုင်း၊ ကျန်းမာရေးအခြေခံနဲ့ အခြေခံသိပ္ပံပညာ၊ ပြည်သူ့နီတိတို့ကို မိမိရရသင်ပေးဖို့ လိုပါမယ်။ အင်္ဂလိပ်စာကို မူလတန်းမှာ သင်တာအကျိုးရှိ၊ မရှိဆိုတာ မေးစရာ၊ ဆွေးနွေးစရာ ကိစ္စမဟုတ်ပါ။ ဆွံ့အ နားမကြား၊ မျက်မမြင်ကလွဲရင် အားလုံး သိပါတယ်။ ဆယ်တန်းအောင်သူတွေရဲ့ အင်္ဂလိပ်စာတောင်မှ သုံးစားလို့မရတဲ့ ပညာရေးစနစ်မှာရှိတဲ့ ဆရာတွေ၊ သင်နည်းတွေ၊ သင်ရိုးတွေနဲ့ မူလတန်းမှာ အင်္ဂလိပ်စာသင်ပေးတာ အခြေခံ အေ၊ ဘီ၊ စီ ၂၆ လုံးတောင် မှန်အောင်မရေးတတ်တာကို ဆက်သင်စရာမလိုပါ။ ပြီးတော့ မူလတန်းနဲ့ ကျောင်းထွက်မယ့် ကလေးအတွက် အင်္ဂလိပ်စာသင်ရတဲ့အချိန်တွေဟာ အဟောသိကံဖြစ်ရတဲ့ အချိန်တွေသာဖြစ်ပါတယ်။ အကျိုးမရှိပါ။

**တုတ်နဲ့မခြောက်ပါနဲ့**

မူလတန်း ဆရာ ဆရာမတွေ တုတ်မကိုင်ဘဲ သင်တတ်ရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဒါပေမယ့် တုတ်ကိုင်ပြီး မရိုက်မနှက်ဘဲ သင်နိုင်ဖို့နဲ့ သင်တတ်ဖို့ လိုပါမယ်။ တုတ်ကိုင်သည်ကို ဘယ်မိဘကမှ မကန့်ကွက်ပါ။ မရိုက်မနှက်ဘဲ ဆုံးမနည်း၊ အပြစ်ပေးနည်းတွေ တစ်ပုံတစ်ပင်ရှိပါတယ်။ တကယ် အသင်အပြကောင်းတဲ့ ဆရာတွေ ဆရာမတွေဟာ ရိုက်တာနှက်တာ နာမည်ရသူ ရှားပါတယ်။

**ဆရာစံပြမှ တပည့်တုလို့ရ**

မူလတန်းမှာ ဆရာ ဆရာမတွေဟာ ရိုးသားပြီး သစ္စာရှိရင် (Honest and sincere) နှစ်စဉ်စာမေးပွဲမလိုပါ။ အသက် ၁၀ နှစ်မှာ စာမေးပွဲ တစ်ကြိမ်သာ စစ်စရာလိုပါတယ်။ အဲဒီ စာမေးပွဲအတွက် ဘာသာရပ် (Subject) အဆင့် (Level) နဲ့ ပုံစံ (Format) တော့ရှိပြီးသားဖြစ်ရပါမယ်။ အဲဒီသတ်မှတ်ချက်တွေကို မူလတန်းဆရာတွေအားလုံးက စုပေါင်းတာဝန်ယူကြရပါမယ်။ မူလတန်းဆရာများက ပူးပေါင်းဆောင်ရွက်မှု (Cooperation) ညှိနှိုင်းဆောင်ရွက်မှု (Coordination) မှာ စံပြဖြစ်ရပါမယ်။ တစ်ကိုယ်ကောင်းဝါဒကို အားမပေးသလို ကိုယ်ကိုယ်တိုင်ကလည်း မကျင့်သုံးဖို့ အရေးကြီးပါတယ်။

**ကြိုးစားသူအတွက် ထွက်ပေါက်**

မူလတန်းမှာ ကျောင်းသား ကျောင်းသူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းကို စကောလားရှစ်ဖြေခွင့်ပေးသင့်ပါတယ်။ စကောလားရှစ်စနစ်ရဲ့ကျေးဇူးက ဆင်းရဲတဲ့ ကလေးတွေထဲက ကြိုးစားတဲ့ကလေးတွေ ဖော်ထုတ်ပေးနိုင်ပါတယ်။ ငယ်စဉ်ကစပြီး ရည်ရွယ်ချက်ကြီးမားတဲ့ ကလေးတွေပေါ်ပေါက်လာစေပါတယ်။ စကောလားရှစ်စီမံကိန်းကို ကြိုကြိုတင်တင် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာထားရင် ကြိုးစားချင်သူတွေအတွက် အခွင့်အရေးဖြစ်ပါတယ်။

**စာဖတ်ကျင့်ရစေချင်ရင်**

မူလတန်းကျောင်းမှာ စာကြည့်တိုက်ရှိသင့်ပါတယ်။ မူလတန်းကျောင်းကတည်းက စာဖတ်ဝါသနာပါလာအောင်၊ စာရေးချင်စိတ်ရှိလာအောင် လေ့ကျင့်ပေးရပါမယ်။ ဒါတွေဟာ ခက်ခဲတဲ့လုပ်ငန်းတွေတော့ မဟုတ်ပါ။ စဉ်းစားစွမ်းရည်ရှိတဲ့ ဆရာ ဆရာမတွေတော့ ရှိဖို့လိုပါမယ်။ ဒီနေရာမှာ အထက်မှာ တင်ပြခဲ့သလို မတူတဲ့အခြေအနေမျိုးစုံကို အသိအမှတ်ပြုရပါမယ်။ One size fits all ဆိုတဲ့ ငါးခူတစ်ကျပ်၊ ငါးခုံးမတစ်ကျပ်မူနဲ့တော့ မတူပါ။ တော်တဲ့ကလေးတွေကို တော်သလို မြေတောင်မြှောက်ပေးရပါမယ်။ အဲဒီနေရာမှာ မျက်နှာလိုက်မှုက ကြောက်စရာအကောင်းဆုံး ချို့ယွင်းချက်ကြီး ဖြစ်ပါတယ်။

**အင်္ဂလိပ်စာသင်သင့်သေးသလား**

မူလတန်းပညာနဲ့ပတ်သက်တဲ့ ဒီတင်ပြချက်မှာ အကြီးမားဆုံးငြင်းခုံစရာကတော့ အင်္ဂလိပ်စာသင်ကြားရေးပဲဖြစ်ပါမယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းကလည်း လူများစုက ဖြစ်သင့်တာ၊ ဖြစ်နိုင်တာကို မစဉ်းစားဘဲ၊ ဖြစ်ချင်တာကိုပဲ ဇောင်းပေးစဉ်းစားကြလို့ ဖြစ်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် ခေါင်းနဲ့ ဦးနှောက်နဲ့ မစဉ်းစားဘဲ နှလုံးသားနဲ့ စဉ်းစားကြလို့ပါ။ နောက်ပြီးတော့ ပင်လယ်ရေပြင်ကို မမြင်ဖူးတဲ့ ရေတွင်းပျက်ထဲက ဖားသူငယ်လို အမြင်ကျဉ်းနေလို့ပါ။ ကိုယ့်ခြေမနှစ်ချောင်းကိုငုံ့ကြည့်နေလို့ကတော့ အမြင်ကျဉ်းနေမှာပဲ ဖြစ်ပါတယ်။ အဲဒီလို ငုံ့မကြည့်ဘဲ ခေါင်းကိုနည်းနည်းမော့ပြီး တစ်မျှော်တစ်ခေါ် လောက်ကြည့်လိုက်ရင် ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာတွေကိုမြင်ပြီး သင်ခန်းစာယူနိုင်တာပေါ့။

**မူလတန်းမှာ ကျောင်းသား ကျောင်းသူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းကို စကောလားရှစ်ဖြေခွင့်ပေးသင့်ပါတယ်။ စကောလားရှစ်စနစ်ရဲ့ကျေးဇူးက ဆင်းရဲတဲ့ကလေးတွေထဲက ကြိုးစားတဲ့ကလေးတွေ ဖော်ထုတ်ပေးနိုင်ပါတယ်။ ငယ်စဉ်ကစပြီး ရည်ရွယ်ချက်ကြီးမားတဲ့ ကလေးတွေပေါ်ပေါက်လာစေပါတယ်။ စကောလားရှစ်စီမံကိန်းကို ကြိုကြိုတင်တင် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာထားရင် ကြိုးစားချင်သူတွေ အတွက် အခွင့်အရေးဖြစ်ပါတယ်။**

**အင်္ဂလန်မှာတောင်အကုန်မတတ်**

အင်္ဂလန်ဆိုတာ အင်္ဂလိပ်စကားပြောတဲ့ လူတွေနေတဲ့ နိုင်ငံပါ။ အဲဒီနိုင်ငံက ဆရာ ဆရာမတွေ အင်္ဂလိပ်စကားကို ပြောတတ်ကြမယ်လို့ ပြောရင် လူတိုင်းလက်ခံနိုင်မယ်ထင်ပါတယ်။ အဲဒီအင်္ဂလန်နိုင်ငံက အသက် ၁၈ နှစ်အရွယ်ကျောင်းပညာသင်ကာလ ၁၂ နှစ်ရှိတဲ့ ကျောင်းသား ကျောင်းသူ ၁၉ ရာခိုင်နှုန်းက အင်္ဂလိပ်စာအရေး၊ အဖတ်စွမ်းရည်က ပညာသင်ကာလ ခြောက်နှစ်သာရှိတဲ့ ကျောင်းသား ကျောင်းသူတွေလောက်ပဲ ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် အင်္ဂလိပ်စကား ဝါကျတစ်ကြောင်းလက်တန်း ပြောဖို့တောင် မသေချာတဲ့ ဆရာ ဆရာမတွေနဲ့ အင်္ဂလိပ်စကားပြောကိုတောင် ကောင်းကောင်းမကြားဖူးတဲ့ ဗမာကလေးဘယ်လောက် တတ်နိုင်ခြေရှိတယ်ဆိုတာ ခန့်မှန်းဖို့မခက်ပါ။

**ဘာသာစကားသုံးမျိုးသင်ရတဲ့ ခြောက်နှစ်အရွယ်**

ဗမာမဟုတ်တဲ့ တိုင်းရင်းသားကလေးတွေရဲ့ ဘဝကိုလည်း စာနာကြည့်ဖို့ လိုပါမယ်။ သူတို့ဗမာစာ၊ ဗမာစကားကလည်း မပြောတတ်။ ဒီကြားထဲ အင်္ဂလိပ်စာကလည်း သင်ရဦးမယ်ဆိုရင် ငါးနှစ်၊ ခြောက်နှစ်ကလေးတွေရဲ့ဘဝ မတွေးဝံ့စရာပါ။ အဲဒီကလေးတွေကို သင်မယ့်ဆရာ ဆရာမကလည်း ဗမာ၊ အလုပ်မရှိလို့ ရရာအလုပ်နဲ့စေလိုရာစေဆိုပြီးလာတဲ့ ဆရာ ဆရာမဆိုရင်၊ အဲဒီသင်မယ့် ပုဂ္ဂိုလ်နဲ့ အသင်ခံရမယ့် ကလေးတွေရဲ့ အတွေ့အကြုံကို ခံစားကြည့်ပါ။ ဒီအခက်အခဲပြဿနာတွေကို မသိချင်ယောင်ဆောင်နေလို့ မဖြစ်ပါ။ ပြောင်းလဲနိုင်ဖို့၊ ပြုပြင်နိုင်ဖို့ (Revolutionary Thinking) တော်လှန်သော အတွေးအခေါ် လိုမှာကို သတိပြုလက်ခံရပါမယ်။

*(ဆက်လက်တင်ပြပါမည်)*

## ကုန်စည်ပြပွဲမှရရှိသော အကျိုးအမြတ်အားလုံး ဖျာပုံမြို့ရှိ ပရဟိတအဖွဲ့ ရှစ်ဖွဲ့သို့လှူဒါန်း

**ဖျာပုံ ဇန်နဝါရီ ၆**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် NIBBAN ကုမ္ပဏီနှင့် ဖျာပုံမြို့ ဒုတိယလမ်းရှိ ကြိုးကြာလှျပ်စစ်ဆိုင်တို့ ပူးပေါင်း၍ ဖျာပုံခရိုင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမတွင် ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ NIBBANကုမ္ပဏီထုတ်ပစ္စည်းများ ခင်းကျင်းပြသရောင်းချခြင်းမှရရှိသည့် အကျိုးအမြတ်အားလုံးကို ဖျာပုံမြို့၌ ပရဟိတလုပ်ငန်းလုပ်ကိုင်နေကြသော အသင်းအဖွဲ့ ရှစ်ဖွဲ့အားရွေးချယ်ကာ ဇန်နဝါရီ ၅ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် ဖျာပုံမြို့ ကြိုးကြာလှျပ်စစ်ပစ္စည်းအရောင်းဆိုင်မှ ကိုဝီချိုင်းက ဖျာပုံမြို့နယ်အတွင်း ပရဟိတလုပ်ငန်းများ လုပ်ကိုင်နေသော အသင်းအဖွဲ့များ အနက် ကရုဏာရှင် လူမှုကူညီရေးအသင်း (၁၄)ရပ်ကွက်၊ ဇမ္ဗူသုခကုသိုလ်ဖြစ်ဆေးခန်း၊ ရွှေညီအစ်ကိုများအဖွဲ့၊ စေတနာရှင် လူမှုကူညီရေးအသင်း (၃)ရပ်ကွက်၊ ဘေသဇ္ဇကုသိုလ်ဖြစ်ဆေးခန်း၊ သံသရာခရီးသည် လူမှုကူညီရေးအသင်း၊ လောဟိတသွေးလှူရှင်များအသင်းနှင့်ပဲ့တင်သံပရဟိတဘောလုံးအသင်းတို့အား ရွေးချယ်၍ တစ်ဖွဲ့လျှင် ငါးသောင်းကျပ်နှုန်း အချိုးကျ ခွဲဝေလှူဒါန်းပေးခဲ့ပြီး၊ ကုန်စည်ပြပွဲကာလအတွင်း ဝယ်ယူအားပေးခဲ့ကြသူများအား ကံစမ်းမဲလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ပြည်တွင်းရေးရာ

**❒ ရခိုင်ပြည်နယ်မှ**

နူမာမောက်၏နေအိမ်သို့ ဂေါ်ဇီရာမောက်ပါ ၁၅ ဦးက လာရောက်၍ နေအိမ်အတွင်းရှိ လူများအားရိုက်နှက်ပြီး အသက် ၁၈ နှစ်နှင့် ၁၂ နှစ်အရွယ် နူမာမောက်၏ သားနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာသို့ရောက်ရှိကြပြီး အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသားများ၏ခံစားချက်နှင့် လိုအပ်ချက်များကို မေးမြန်းစုံစမ်း၍ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့နှင့်အတူ လိုက်ပါလာသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ကျေးရွာအတွက် ဆန် ၉၉ အိတ်နှင့် ၁၂ ပြည်၊ ကုလားပဲ ၁၆ အိတ်နှင့် ၁၂ ပိဿာတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ထောက်ပံ့ပေးအပ်သည်။ အဆိုပါ ဇင်ပိုင်ညာကျေးရွာအုပ်စု၌ အစ္စလာမ်ဘာသာဝင် အများစုနေထိုင်ပြီး အိမ်ခြေ ၉၂၀ ရှိကာ လူဦးရေ ၈၈၂၁ ဦးနေထိုင်ကြောင်း သိရသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာ၏ လုံခြုံရေးနှင့် လူမှုစီးပွားအခြေအနေ၊ ရောင်းဝယ်ဖောက်ကားမှု အခက်အခဲများ၊ ကူးသန်းသွားလာမှု အခက်အခဲများ၊ ဘာသာရေးဆိုင်ရာ ဝတ်ပြုဆုတောင်းခြင်းများ လွတ်လပ်စွာ ပြုလုပ်ဆောင်ရွက်နိုင်ရေး အခြေအနေများကို တွေ့ဆုံမေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဒေါ်ကျိန်ငိုက်မန်တို့သည် အဆိုပါကျောင်းဝင်းအတွင်း၌ ကျေးရွာနေ အစ္စလာမ်ဘာသာဝင် အမျိုးသမီးများအားတွေ့ဆုံ၍ ဖြစ်စဉ်များတွင် အမျိုးသမီးများအား အကြမ်းဖက်တိုက်ခိုက်ခံရမှုအခြေအနေများ ဖြစ်ပွားခဲ့ခြင်း ရှိ၊ မရှိကို လွတ်လပ်ပွင့်လင်းစွာဖြင့် သီးခြားစီတွေ့ဆုံ၍ မေးမြန်းခဲ့ကြရာ ဒေသခံအမျိုးသမီးများက ၎င်းတို့ကျေးရွာများတွင် ယင်းဖြစ်စဉ်မျိုးလုံးဝဖြစ်ပွားခဲ့ခြင်းမရှိကြောင်း၊ ပတ်ဝန်းကျင်၌ သူပြောကိုယ်ပြော ကောလာဟလအနေဖြင့်သာ ကြားသိရပါကြောင်း စသည်ဖြင့် ဖြေကြားကြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြို့သူကြီးကျေးရွာအနီး လုံခြုံရေးစစ်ကြောင်းမှ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် အကြမ်းဖက်တိုက်ခိုက်သူ ၂၀ ခန့်က တုတ်၊ ဓား လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်လာသဖြင့် ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်တိုက်ခိုက်သူ အလောင်းခုနစ်လောင်း၊ လုပ်သေနတ် အတိုတစ်လက်၊ ကျည်သုံးတောင့်ရရှိခဲ့သည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မြို့သူကြီးကျေးရွာအုပ်စု၌ အစ္စလာမ်ဘာသာဝင် အများစုနေထိုင်ပြီး အိမ်ခြေ ၁၂၄၀ ရှိကာ လူဦးရေ ၈၈၇၉ ဦး နေထိုင်ကြောင်း သိရသည်။ မြို့သူကြီးကျေးရွာအုပ်စု၌ အိမ်တစ်လုံးမျှ မီးလောင်ကျွမ်းခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျေးရွာသူ ကျေးရွာသားများမှာလည်း အေးချမ်းစွာ၊ သွားလာနေထိုင်လျက်ရှိကြောင်း မြင်တွေ့နေရသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မောင်တောမြို့နယ် ကျီးကန်းပြင် နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများရရှိရေးအတွက် ရင်ဆိုင်တွေ့ကြုံရသော စိန်ခေါ်မှုများ၊ လိုအပ်ချက်များ၊ ပြည်နယ်အဆင့်မှ ဆောင်ရွက်ထားမှုများ၊ နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်ပေးသင့်သည်များကို အပြန်အလှန်မေးမြန်းညှိနှိုင်းဆွေးနွေးကြသည်။



**ဒုတိယသမ္မတ ဦးမြင့်ဆွေ မောင်တောမြို့နယ် ကျီးကန်းပြင် နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အတွင်း ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ကော်မရှင်၏လုပ်ငန်းတာဝန်များ၊ ကြားဖြတ်အစီရင်ခံစာ တင်ပြထားမှု၊ အပြီးသတ်အစီရင်ခံစာတင်ပြရာ၌ ပြည့်စုံမှန်ကန်မှုရှိရန် လိုအပ်သည့်အတွက် ဒေသတာဝန်ခံများနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက အကြမ်းဖက်မှုဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးနှင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် နိုင်ငံသားစိစစ်ရေးကိစ္စတို့ကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့ပြင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ဒေါ်ကျိန်ငိုက်မန်တို့သည် မောင်တောမြို့ သာသနာ့ဗိမာန်၌ ဒေသခံရခိုင်တိုင်းရင်းသူများနှင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးသာဉာဏ်နှင့် ဦးစောသလေးစောတို့သည် မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး ညှိနှိုင်းခန်းမ၌ အစ္စလာမ်ဘာသာဝင်များနှင့်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ဟိန္ဒူဘာသာဝင်များနှင့် လည်းကောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၌ မောင်တောမြို့ပေါ်ရှိ ဆရာတော်ကြီးများနှင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် ဦးညွန့်ဆွေတို့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ မောင်တောမြို့ပေါ်ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များ၊ INGOs အဖွဲ့များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့်လည်းကောင်း အဖွဲ့များခွဲ၍ သီးခြားစီတွေ့ဆုံခဲ့ကြသည်။

ကော်မရှင်အနေဖြင့် အပြီးသတ်အစီရင်ခံစာရေးသားရာ၌ ပြည့်စုံခိုင်လုံရေးအတွက် မောင်တောဒေသ ပဋိပက္ခဖြစ်စဉ်တို့၏ သဘောသဘာဝအရ ဥပဒေနှင့်မညီသော ပြုလုပ်မှုများ ပါရှိလာနိုင်သည့် အခြေအနေများကိုလည်းကောင်း၊ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကောလာဟလသတင်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုလည်းကောင်း အစဉ်သတိပြုလျက် လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E.Mr. Alex G.Chua အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် အာဆီယံအသိုင်းအဝိုင်း ပိုမိုခိုင်မာရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**■ ကျောဖုံးမှ**

နေ့စဉ် လိုင်းကားစီးခရီးသည် နှစ်သန်းခန့်သွားလာနေတာမှာ လမ်းကြောင်းတူနေတာ၊ ထပ်နေတာတွေ ရှိနေတဲ့အတွက် ခရီးသည်အလုအယက်တင်တာ၊ ပြိုင်မောင်း လုမောင်းတာတွေလည်း နေ့စဉ်ကြုံနေရတယ်။ ယာဉ်ပိုင်ရှင်တွေက ကားကို ပုတ်ပြတ်ပေးတဲ့စနစ်နဲ့ အုံနာကြေးယူပြီး လုပ်နေတော့ ထိန်းသိမ်းကြပ်မတ်ဖို့ ခက်ခဲတယ်။ ဒါကြောင့် ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေးစနစ်က မဖြစ်မနေလုပ်ရမယ့်ဟာဖြစ်နေပြီး နိုင်ငံတကာလို BRT စစ်စစ်ကို မပြောင်းလဲနိုင်သေးတဲ့အချိန်မှာ BRT Lite လို အများပိုင်ယာဉ်လိုင်းတွေဖြစ်ဖို့ တစ်ဆင့်ချင်း ဆောင်ရွက်နေပါတယ်။ အခုလောလောဆယ်မှာ ယာဉ်လိုင်းတာဝန်ရှိသူတွေ၊ ယာဉ်ပိုင်ရှင်တွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်။ လက်ရှိမှာ သတ်မှတ်လမ်းကြောင်းအလိုက် ယာဉ်လိုင်းတွေကို ပြေးဆွဲစေမှာဖြစ်ပြီး ဥပဓိရုပ်ကောင်းသေးတဲ့ ဘတ်စ်ကားတွေကို အသုံးပြုပြီး စပယ်ယာလိုက်ပါတဲ့အနေအထားမျိုးကနေ ကားသစ်တွေနဲ့ ကတ်စနစ် ငွေပေးချေစနစ်တွေကျင့်သုံးတဲ့ BRT Lite ယာဉ်လိုင်းလို အများပိုင်ယာဉ်လိုင်းအဆင့်အထိ ပြောင်းလဲသွားရမှာပါ”ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ရန်ကုန်မြို့ အများပြည်သူ သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းများ ပြုပြင်ပြောင်းလဲရန်အတွက် ဘတ်စ်ကားမှတ်တိုင်များတွင် ခရီးသွားပြည်သူများ သိရှိနိုင်စေရန် ယာဉ်လိုင်းအမှတ်များနှင့် ပြေးဆွဲမည့်လမ်းကြောင်းများကို ကြော်ငြာဆိုင်းဘုတ်များ ကပ်ထားပေးမည်ဖြစ်ပြီး နံပါတ် (၁)မှ (၅၈)အထိ မြို့တွင်းပြေးဆွဲမည့်လမ်းကြောင်းများအဖြစ် သတ်မှတ်ထားကာ လမ်းကြောင်းထပ်တိုး အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

“အများပိုင်ကုမ္ပဏီဖြစ်ဖို့ဆိုတာ သတ်မှတ်ချက်တွေများစွာရှိတဲ့အတွက် ဥပဒေနဲ့အညီဖြစ်ပေါ်ဖို့ အချိန်ယူရပါတယ်။ လက်ရှိမှာ ဘတ်စ်ကား ပြုပြင်ပြောင်းလဲဖို့အတွက် ကုမ္ပဏီရှစ်ခုကို လိုင်းပေါင်း ၆၀ ခန့်လမ်းကြောင်းအလိုက် ပြေးဆွဲရမှာပါ။ စနစ်တစ်ခုကို ပြောင်းလဲတာမှာ အခက်အခဲများစွာ ရှိနိုင်ပါတယ်။ ကားအသစ်တွေနဲ့ အများပိုင် ယာဉ်လိုင်းစစ်စစ်မဖြစ်ခင် လက်ရှိကားကောင်းတွေကို တွဲသုံးပြီး ပြေးဆွဲရမှာပါ။ စပယ်ယာလိုက်ပါတာ ရှိနေသေးပေမယ့် ပုတ်ပြတ်စနစ်နဲ့ ခန့်တာမဟုတ်ဘဲ ကုမ္ပဏီက ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အတွက် တာဝန်ယူရမယ့်စနစ်ပါ။ ယာဉ်စီးခအနေနဲ့ ခရီးလမ်းကြောင်း အနီးအဝေးအပေါ်ကောက်ခံတာမျိုး ဖြစ်မယ်ထင်ပါတယ်”ဟု အများပိုင်ကုမ္ပဏီ ထူထောင်ရန် ပြင်ဆင်နေပြီး ယာဉ်လိုင်းပြေးဆွဲရန် ပြင်ဆင်နေသည့် ယာဉ်လိုင်းပိုင်ရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့ပြ ဘတ်စ်ကားပြုပြင်ပြောင်းလဲရေးစနစ်အပါအဝင် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ဥပဒေအတည်ပြုနိုင်ရေးဆောင်ရွက်လျက်ရှိပြီး လက်ရှိ ဖွဲ့စည်းထူထောင်ပြေးဆွဲမည့် ယာဉ်လိုင်းကုမ္ပဏီရှစ်ခုကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ပေးအပ်လှူဒါန်းနိုင်

## ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အသိုင်းအဝိုင်းတစ်ခုအားထောက်ပံ့ရန် မလေးရှားနိုင်ငံ NGOs များ၏ ထောက်ပံ့ရေးရေယာဉ်များ စေလွှတ်မည့်သတင်းနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အသိုင်းအဝိုင်းတစ်ခုအား ထောက်ပံ့ရန် မလေးရှားနိုင်ငံ NGOs များ၏ အထောက်အပံ့ရေယာဉ်များ စေလွှတ်မည့် သတင်းများနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၅ ရက်နေ့စွဲဖြင့် မြန်မာနိုင်ငံရှိ မလေးရှားသံရုံးသို့ အကြောင်းကြားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်လိုက်သည်။

ထိုသို့ အကြောင်းကြားရာတွင် ရန်ကုန်မြို့ရှိ မလေးရှားသံရုံးအနေဖြင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အသိုင်းအဝိုင်းတစ်ခုအား ကူညီရန် အထောက်အပံ့ရေယာဉ်များစေလွှတ်ရန် စီစဉ်နေသော မလေးရှား NGOs များ၏ သတင်းများနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေး အလေးပေးဆောင်ရွက်နေခြင်းအပေါ် ဝမ်းမြောက်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ အစိုးရများအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အသိုင်းအဝိုင်း နှစ်ခုလုံးအတွက် ခွဲခြားမှုမရှိဘဲ ပေးပို့လာမည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို မြန်မာနိုင်ငံက ကြိုဆိုဝမ်းမြောက်ပါကြောင်း ဖော်ပြထားသည်။

ထိုသို့ ထောက်ပံ့ကူညီလိုသည့် အာဆီယံနိုင်ငံများအနေဖြင့် လျော်ကန်သင့်မြတ်သည့် သံတမန်လမ်းကြောင်းများမှတစ်ဆင့် အဆိုပြုချက်များ တင်ပြဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ်သို့လှူဒါန်းလိုသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများအား ငွေသား သို့မဟုတ် အလားတူ ကူညီမှုများကို သံတမန်လမ်းကြောင်းဖြင့်သာ ပေးအပ်ကြရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၂ ရက်က ရန်ကုန်မြို့အခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများသို့ အကြောင်းကြားခဲ့ပြီး ဖြစ်ကြောင်း။

အင်ဒိုနီးရှားနိုင်ငံအစိုးရက သံတမန်လမ်းကြောင်းမှတစ်ဆင့် လှူဒါန်းခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းနှစ်ခုစလုံးသို့ ထောက်ပံ့ပေးပို့နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အင်ဒိုနီးရှားသံရုံးနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ အာဆီယံအစိုးရများ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် အကူအညီလိုအပ်နေသည့် ရခိုင်ပြည်နယ်ရှိဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်လိုပါက အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံအနေဖြင့်လည်း အင်ဒိုနီးရှားနိုင်ငံကို ဥပမာပြု၍ ဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း။

ထို့ကြောင့် NGOs အဖွဲ့အစည်းများမှ မြန်မာနိုင်ငံအစိုးရ၏ ကြိုတင်ခွင့်ပြုချက် မရယူဘဲ ဝင်ရောက်ခွင့်ပြုမထားသော အထောက်အပံ့ရေယာဉ်များ စေလွှတ်မည့် သတင်းများအပေါ် တားဆီးရန်အတွက် မလေးရှားနိုင်ငံအစိုးရမှ လိုအပ်သည့် နည်းလမ်းများ ဆောင်ရွက်ပေးသွားမည်ဆိုပါက ကျေးဇူးတင်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

## နတ်မြစ်အတွင်း ငွေကျပ်သိန်း ၂၀၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မောင်တောမြို့နယ် နတ်မြစ်အတွင်း၌ ယနေ့ နံနက်ပိုင်းတွင် လက်ခတ်လောင်းလှေတစ်စင်းပေါ်မှ ငွေကျပ်သိန်း ၂၀၀၀ ခန့် တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နတ်မြစ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းတာဝန် ထမ်းဆောင်စဉ် ယနေ့ နံနက် ၄ နာရီခွဲတွင် တက်ချောင်းဝအနီး၌ တစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသော မသင်္ကာဖွယ် လက်ခတ်လောင်းလှေတစ်စင်းအားတွေ့ရှိ၍ လိုက်လံဖမ်းဆီးရာ လှေပေါ်ပါသူများသည် ကမ်းတွင် လှေထိုးကာ ထွက်ပြေးသွားပြီး လှေအတွင်းမှ အနက်ရောင် ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို သိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိသည့် အထုပ်အား ဖွင့်ဖောက်စစ်ဆေးရာ ငွေကျပ်သိန်း ၂၀၀၀ ခန့် တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ခန့်ကို တွေ့ရှိရပြီး သိမ်းဆည်းရမိသည့်လှေနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မောင်တောမြို့နယ်တွင် လက်နက်ကိုင်သင်တန်း တက်ရောက်ပြီးသူငါးဦးအား ထပ်မံဖမ်းဆီးရမိ



ဆူနာလီ — မာမက်ကာဆိမ်း — မာမောက်နိုမန် — မာမောက်ဟူဆန် — အီစမိုင်

**နေပြည်တော် ဇန်နဝါရီ ၆**

မောင်တောမြို့နယ် ဒါးပိုင်ဆရာကျေးရွာ၊ မောင်ကြီးတောင်ကျေးရွာနှင့် ဂေါ်ဒူသာရ(အရှေ့)ကျေးရွာများ၌ ယနေ့ နံနက်ပိုင်းတွင် လက်နက်ကိုင်သင်တန်း တက်ရောက်ခဲ့သူငါးဦးအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဒါးပိုင်ဆရာကျေးရွာနေ ဆူနာလီ၏ ဥယျာဉ်ခြံအတွင်း ၂၀၁၆ ခုနှစ် ဇူလိုင်ပထမပတ်မှစ၍ နည်းပြဆရာ မော်လဝီအဒူရော်ဖောက်က မာဒူးလာ အပါအဝင် သင်တန်းသား ၁၅ ဦးကို တစ်လခန့် သင်တန်းပို့ချခဲ့သည်ဟူသော ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာအနီး ပိတ်ဆို့၍ အိမ်ထောင်စုစာရင်းများဖြင့် တိုက်ဆိုင်စစ်ဆေးရာ ဆူနာလီသည် လာရောက်ခြင်းမရှိဘဲ တိမ်းရှောင်နေခဲ့သည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၆ ရက် နံနက် ၈နာရီတွင် ဆူနာလီ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဖမ်းဆီးရမိခဲ့သည်။ အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၆ ရက် နံနက် ၆ နာရီတွင် မောင်ကြီးတောင်(တောင်)ရွာအား ပိတ်ဆို့ရှာဖွေရာ လက်နက်ကိုင်သင်တန်းတက်ရောက်ပြီးသူ မာမောက်နိုမန်အား ၎င်း၏နေအိမ်အတွင်း၌ လည်းကောင်း၊ နံနက် ၇ နာရီတွင် ဂေါ်ဒူသာရကျေးရွာအား ပိတ်ဆို့ရှာဖွေရာ အီစမိုင်၊ မာမောက်ဟူဆန်နှင့် မာမက်ကာဆိမ်း သုံးဦးတို့အား လည်းကောင်း ထပ်မံဖမ်းဆီးရမိသည်။

၎င်းတို့ ငါးဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## AA လက်နက်ကိုင်အဖွဲ့၏ စေခိုင်းချက်အရ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အဝေးထိန်းစနစ်ဖြင့် မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူသုံးဦး ဖမ်းဆီးရမိ



ယဉ်မောင် — အောင်အောင် — နိုင်နိုင်

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာ ရန်ကုန်-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ် (၁၆၀) အနီးနှင့် မင်းပြားမြို့ မေလွမ်းရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ၌ ဇန်နဝါရီ ၁ ရက်က တပ်မတော်စစ်ကြောင်းများနှင့် ခရီးသွားပြည်သူများအား ထိခိုက်စေရန်ရည်ရွယ်၍ AA လက်နက်ကိုင်အဖွဲ့က အဝေးထိန်းစနစ်ဖြင့် ဒေသန္တရ မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ မိုင်းဖောက်ခွဲမှုဖြစ်စဉ်များတွင် ပါဝင်သူများအား ဖမ်းဆီးရမိရေး တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃ ရက်က ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာနေ သံထည်ပစ္စည်းလုပ်ငန်းဆောင်ရွက်သည့် မသင်္ကာဖွယ် အမျိုးသား ၁၅ ဦးတို့အား သက်ဆိုင်ရာမှ ခေါ်ယူစစ်ဆေးခဲ့ပြီး ၎င်းတို့အနက် အဘ ဦးစောလှ၏ သားများဖြစ်သော နိုင်နိုင်နှင့် အောင်အောင်၊ အဘ ဦးကျော်သန်းမောင်၏သား ယဉ်မောင်တို့ သုံးဦးမှာ မိုင်းဖောက်ခွဲဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

စစ်ဆေးချက်အရ နိုင်နိုင်မှ မိုင်းထောင်ဖောက်ခွဲသည့် AA လက်နက်ကိုင်အဖွဲ့ နှင့် ပူးပေါင်း၍ ပုဏ္ဏားကျွန်းမြို့နယ် ရန်ကုန်-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ် (၁၆၀) အနီး၌ မိုင်းထောင်ဖောက်ခွဲမှုတွင် အဓိက စီစဉ်ဆောင်ရွက်ခဲ့သူဖြစ်ပြီး ယဉ်မောင်နှင့် အောင်အောင်မှာ အဝေးထိန်းစနစ် ဒေသန္တရမိုင်းများကို ကူညီပြုလုပ်ပေးခဲ့သူများဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဖော်ထုတ်ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သည့် AA လက်နက်ကိုင်အဖွဲ့များအား ဖမ်းဆီးရမိနိုင်ရေး တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AA လက်နက်ကိုင်အဖွဲ့များသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း လောက်ကိုင်ဒေသနှင့် မုံးကိုးဒေသ တိုက်ပွဲဖြစ်စဉ်များ၌ KIA လက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းကာ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ ယာဉ်နှင့် လမ်းတံတားများအား မီးရှို့/ မိုင်းထောင်ဖောက်ခွဲခြင်းစသည့် လုပ်ရပ်များ လုပ်ဆောင်ခဲ့သူများဖြစ်ပြီး ယခုအခါ ရခိုင်ပြည်နယ်အတွင်း၌ အများပြည်သူ ထိတ်လန့်တုန်လှုပ်မှု ဖြစ်စေရန်၊ နယ်မြေဒေသ မတည်မငြိမ်ဖြစ်စေရန် အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်သစ်ကူးတရားအလှူမဏ္ဍပ်သဘင် ရန်ကုန်မြို့ပြည်သူ့ရင်ပြင်တွင် ငါးရက်တိုင်တိုင် ကျင်းပခဲ့

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူမဏ္ဍပ်သဘင်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ငါးရက်တိုင် ညစဉ် ၇ နာရီခွဲမှစ၍ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ပြည်သူများလာရောက်တရားနာယူခဲ့ကြကြောင်း သိရသည်။

### တရားရေအေးတိုက်ကျွေး

နှစ်သစ်ကူးတရားအလှူမဏ္ဍပ်သဘင်တွင် ဇန်နဝါရီ ၂ ရက် ည၌ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက လည်းကောင်း၊ ဇန်နဝါရီ ၃ ရက် ည၌ ယောဆရာတော်အရှင်သီရိန္ဒာဘိဝံသကလည်းကောင်း၊ ဇန်နဝါ ရီ ၄ ရက် ည၌ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသက လည်းကောင်း၊ ဇန်နဝါရီ ၅ ရက်ည၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကကလည်းကောင်း၊ နောက်ဆုံးနေ့ ဇန်နဝါရီ ၆ ရက်ည၌ ရဝေနွယ်အင်းမဆရာတော်အရှင်ရာဇိန္ဒတို့က ပြည်သူများအား တရားရေအေးအမြိုက်ဆေးတိုက်ကျွေးခဲ့ကြသည်။

### အလှူငွေများလှူဒါန်းကြ

ယခုကျင်းပခဲ့သော နှစ်သစ်ကူးတရားအလှူမဏ္ဍပ်သဘင်အခမ်းအနားတွင် ပြည်သူများက တရားအလှူတော်ငွေ မြန်မာငွေကျပ်သိန်း ၇၁၀ လှူဒါန်းခဲ့ပြီး နိုင်ငံခြားငွေများလည်း လှူဒါန်းကြကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-စောသိန်းဝင်း)**



**ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူမဏ္ဍပ်သဘင်ပွဲ ကျင်းပစဉ်။**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်စီးလာသည့် မော်တော်ယာဉ် မတော်တဆမှုဖြစ်



**ဝန်ကြီးချုပ်စီးလာသည့် မော်တော်ယာဉ်အား ယာဉ်မတော်တဆဖြစ်ပြီးနောက် တွေ့ရစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီသည် ပုသိမ်မြို့မှ နေပြည်တော်သို့ အစည်းအဝေးတက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ထွက်ခွာလာရာ ညောင်တုန်းမြို့ ဆားမလောက်ကျေးရွာအကျော်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်လိုက်ပါလာသည့် ယာဉ်တန်းသည် ပုသိမ်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် ရန်ကုန်မှ ပုသိမ်ဘက်သို့ မောင်းနှင်လာသည့် Passo အမျိုးအစားအငှားယာဉ်က ရှေ့မှ Light Truck ယာဉ်အား ကျော်တက်ရာ တစ်ဖက်ယာဉ်ကြောမှ ဝန်ကြီးချုပ်ယာဉ်တန်းရှိ၍ အရှိန်ပြန်လျှော့စဉ် နောက်မှပါလာသည့် ရွှေတော်ဝင်ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်က အငှားယာဉ်၏ နောက်ပိုင်းအား ဝင်တိုက်မိပြီး အငှားယာဉ်မှ ထပ်မံ၍ ဝန်ကြီးချုပ်စီးနင်းလာသည့်ကားအား မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ ယာဉ်တိုက်မှုကြောင့် ဝန်ကြီးချုပ် မန်းဂျော်နီအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့လိုက်ရပြီး လက်ရှိ အခြေအနေမှာ လက်နှစ်ဖက်လုံး လှုပ်၍မရသေးကြောင်း၊ ဝန်ကြီးချုပ်စီးနင်းလာသည့် မော်တော်ယာဉ်၏ ရှေ့ခန်း၌ လိုက်ပါလာသူနှစ်ဦးမှာ ကားလေအိတ်ပွင့်သည့်အတွက် မည်သည့်ထိခိုက်ဒဏ်ရာမျှမရရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ Passo အမျိုးအစား အငှားယာဉ်မောင်းနှင့် ရွှေတော်ဝင်ယာဉ်လိုင်းမှ ယာဉ်မောင်းတို့အား သက်ဆိုင်ရာ နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# နယ်မြေရှင်းလင်းရေးပုံမှန်ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား KIA၊ TNLA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းမိုင်းဖောက်ခွဲ၍တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၆**

ကွတ်ခိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား KIA/ TNLA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းမိုင်းဖောက်ခွဲပြီး တိုက်ခိုက်သဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာ အလောင်းတစ်လောင်းရရှိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အရှေ့ မြောက်ဒေသ ကွတ်ခိုင်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းက ကွတ်ခိုင်မြို့ အမှတ်(၆)ရပ်ကွက်အတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့ညနေ ၃ နာရီခန့်တွင် KIA/TNLA လက်နက်ကိုင်အဖွဲ့အင်အား ၄၀ ခန့်က အဝေးထိန်းမိုင်း တစ်လုံးဖောက်ခွဲ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်တိုက်ခိုက်ခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် လက်နက်ကိုင်အဖွဲ့များ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရန်သူ့ထံမှ အလောင်း တစ်လောင်းရရှိကာ တပ်မတော်စစ်ကြောင်းမှ စစ်သည်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စခန်းအား လက်နက်ကိုင်အဖွဲ့များက နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မူဆယ်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် မုံးပေါ်စခန်းသို့ ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က လက်နက်ကိုင်အဖွဲ့အင်အား ၃၀ ခန့်က စခန်း၏တောင်ဘက် မီတာ ၁၀၀၀ ခန့်မှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် ည ၇ နာရီခန့်တွင် ပစ်ခတ်မှုရပ်တန့်သွားပြီး ပြန်လည်ဆုတ်ခွာသွားသည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လောက်ကိုင်မြို့ ရပ်ကွက်(၁) ကြယ်စင်လမ်းမပေါ်၌ မော်တော်ယာဉ် တစ်စီး ပေါက်ကွဲ၍ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ ရပ်ကွက်(၁) ကြယ်စင်လမ်းမပေါ်၌ ရပ်တန့်ထားသည့် Mark II အဖြူရောင်ယာဉ်သည် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ကျွမ်းခဲ့ရာ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းရာနေရာဝန်းကျင်၌ တပ်ဆင်ထားသည့် လုံခြုံရေးကင်မရာ မှတ်တမ်းများအား စစ်ဆေးချက်အရ အဆိုပါ မော်တော်ယာဉ်သည် မပေါက်ကွဲမီ တစ်နာရီခွဲခန့် အလိုတွင် လာရောက်ရပ်တန့်ကာ ယာဉ်မောင်းသည် ယာဉ်နောက်ခန်းသို့ ခေတ္တဝင်ရောက်ပြီး အနီးရှိ ဟွန်ဒါဖစ် အမျိုးအစား အငှားယာဉ် တစ်စီးအား ငှားရမ်း၍ မြို့တွင်းဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါမှတ်တမ်းများအရ တရားခံအားဖမ်းဆီးနိုင်ရေး ပူးပေါင်းအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးဆောင်ရွက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ၂၀၁၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပ

**မုံရွာ ဇန်နဝါရီ ၆**

၂၀၁၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို မုံရွာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။




အခမ်းအနားတွင် ၂၀၁၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ဆိုင်းဘုတ်အား တိုင်းဒေသကြီးအတွင်းရှိ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော ပညာရေးဆိုင်ရာ ပြခန်းများ၊ ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာ၊ ပန်းဖွား၊ မြန်မာ့ရိုးရာ သရုပ်ပြခြင်းများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး ကျောင်းခန်းမ၌ ပညာရေးထူးချွန်ဆုပေးပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်အတွင်း ကျင်းပခဲ့သော အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရ ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များအား ပေးအပ်ရာ ထူးချွန်ဆုရ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူခဲ့ကြသည်။

**မင်းဝေ(မုံရွာ)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေး ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးသည် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်တို့နှင့်အတူ ပုသိမ်အကျဉ်းထောင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းထောင်ရှိ အကျဉ်းကျခံနေရသူများအား တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများရရှိမှု ရှိ၊ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၆**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၄၇၀၀၀ | - | ၈၄၇၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၄၇၀၀၀ | - | ၈၄၇၀၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၉၁ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၂၉. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅. ၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၇. ၈၃၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁. ၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၂၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၆၇. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၈၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၉. ၈၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၄. ၂၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## အနူးအညွတ်တောင်းပန်ပါသည်

(၆-၁-၂၀၁၇)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၁)တွင် ပါရှိသော "၂၀၁၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပ" သတင်း၏ တတိယအပိုဒ်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အမည်မှားယွင်းရေးသားမိပါသည်။ ယင်းမှားယွင်းမှုမှာ သဘောရိုးဖြင့် မှားယွင်းခြင်းဖြစ်ပြီး မှားယွင်းမှုအတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။

**မင်းဝေ(မုံရွာ)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၆-၁-၂၀၁၇)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၁)၌ ဖော်ပြပါရှိသော "၂၀၁၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပ" သတင်း၏ တတိယအပိုဒ်၊ တတိယစာကြောင်းကို "တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် အဆိုပါ မှားယွင်းဖော်ပြပေးခဲ့မှုအတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**(စာတည်းမှူးချုပ်)**

# သီပေါ၌ စာပေဟောပြောပွဲကျင်းပ

**သီပေါ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်းသီပေါမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပရဟိတအဖွဲ့များပူးပေါင်းစီစဉ်၍ စာပေဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက်နံနက် ၉ နာရီက သီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းသန့်ဇင်က အမှာစကားပြောကြားပြီး၊ စာရေးဆရာသီပေါကိုလတ်က သီပေါဟော်နန်းနှင့် တော်ဝင်နွယ်အလွမ်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမခင်မမမျိုးက အမျိုးသမီးများနှင့် ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဟိဏ်း(ကာယန်း)ကနိဗ္ဗာန်လိုချင် နိဗ္ဗာန်ယာဉ်မကြောက်နှင့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမင်းဇေယျက စစ်မှန်သောမိသားစုမှသည်စစ်မှန်သောပြည်ထောင်စုသို့ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြပြီး တာဝန်ရှိသူများက စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

**ကိုနေ(သီပေါ)**

# ဗန်းမောက်မြို့နယ် ဇလုံတောင်သို့ လာရောက်လည်ပတ်စေချင်

**စစ်ကိုင်း ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့ မြောက်ဘက်တွင်တည်ရှိသော ဇလုံတောင်သို့ ဘုရားဖူးပြည်သူများ လာရောက်ဖူးမျှော်နိုင်ပြီဖြစ်ကြောင်း သိရသည်။



ဗန်းမောက်မြို့နယ်သည် သဘာဝအဖိုးတန်ရတနာများဖြစ်သော ကျွန်းသစ်နှင့် သစ်မျိုးစုံ၊ ရွှေသတ္တု စသောမြေပေါ် မြေအောက်ရတနာများထွက်ရှိပြီး မြန်မာ့အကြီးဆုံးကျွန်းပင်ကြီးတည်ရှိရာ ဒေသလည်းဖြစ်ကြောင်း သိရသည်။ ဇလုံတောင်သည် ဗန်းမောက်မြို့မြောက်ဘက် ၁၄ မိုင် ၆ ဖာလုံကွာဝေးသော ကြိုးဝိုင်းသစ်တောအတွင်းတည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၉၀ တွင် တည်ရှိကာ မြေပုံအညွှန်းမှာ အက်စ်ဂျီ ၄၅၁၃၄၉ ဖြစ်ပြီး နက်ရှိုင်းသော တောတောင်လျှိုမြောင်များအတွင်း တည်ရှိသည်။

ဇလုံတောင်မှာ ကျောက်သားအပြည့်ရှိသောကျောက်တောင်ကြီးဖြစ်ပြီး တောတောင်များအထက် ငေါထွက်နေသောကြောင့် အဝေးမှမြင်နိုင်သည်။ ဇလုံတောင်မှာ အမြင့်ပေ ၆၆၆ ပေမြင့်မားပြီး တောင်တော်ပေါ်ရှိ ဘုရားစေတီကို သက္ကရာဇ် ၄၉၂ ခုနှစ်က တည်ထားခဲ့သောကြောင့် ယခုဆိုလျှင် နှစ်ပေါင်း ၉၀၀ နီးပါးကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဇလုံတောင်ဘုရားသမိုင်းတွင် ဖော်ပြထားသည်။ ဇလုံတောင်တော်တွင် ခမည်းတော်တောင်၊ မယ်တော်တောင်ဟူ၍ ကျောက်လုံးကြီးနှစ်လုံးပူးတွဲနေပြီး ဘေးနှစ်ဖက်တွင်အနည်းငယ်နိမ့်သော သမီးတော်တောင်နှင့် သားတော်ကျောက်တောင်တို့တွဲနေခဲ့သည်။ သမီးတော်ကျောက်တောင်မှာ လွန်ခဲ့သော နှစ် ၄၀ ခန့်က ပဲ့ကျခဲ့ကြောင်း၊ ထိုကျောက်တောင်ပဲ့ကျခဲ့သော အသံမှာ ဗန်းမောက်မြို့နယ်တစ်ခုလုံး မြည်ဟည်းတုန်လှုပ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

ဇလုံတောင်တော်ကို အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိဇယက လွန်ခဲ့သော၂၅ နှစ်မှစပြီး ဇလုံတောင်သာသနာပြုလုပ်ငန်းများကို ယနေ့တိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်က ဘုရားဖူးပြည်သူ ရှစ်သောင်းဝန်းကျင်နှင့် နိုင်ငံခြားသား ၅၀ ခန့် လာရောက်လည်ပတ်ခဲ့ကြောင်း၊ တောင်တော်ပေါ်တွင် ညအိပ်ဆောင်များလည်း တည်ဆောက်ပေးထားပြီး ထမင်းကိုဟင်းသုံးမျိုးဖြင့် နေ့စဉ်စီစဉ်ပေးထားကြောင်း ဆရာတော်က မိန့်ကြားသည်။

"ကျွန်တော်တို့ ဇလုံတောင်ဘုရားဖူးယာဉ်ငယ်အသင်းက ဗန်းမောက်မြို့ အထကအနောက် မြနန္ဒာရပ်ကွက်မှာ ဂိတ်ဖွင့်လှစ်ထားပြီး လက်ရှိမှာ ၂၃ စီးနဲ့ပြေးဆွဲနေပါပြီ။ နောက်ပိုင်းမှာယာဉ်အစီးရေ ၃၀ အထိ ပြေးဆွဲသွားမှာပါ။ ယာဉ်တစ်စီးမှာ လူ ၁၅ ဦး စီးနင်းနိုင်ပြီး အသွားအပြန်ယာဉ်စီးလုံးငှားပါက ရှစ်သောင်းငါးထောင်ကျပ်၊ တစ်ဦးချင်းစီးလိုပါက လူတစ်ဦးခြောက်ထောင်ကျပ်နှုန်း သတ်မှတ်ထားကြောင်း ယာဉ်မောင်း ကိုထွန်းမင်းက ပြောသည်။

ဇလုံတောင်ဒေသ လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) ကို ခမိုး၊ ညောင်သာယာ၊ ခိုပြင်စသော ကျေးရွာသုံးရွာမှ ပြည်သူများပူးပေါင်းပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ CBT လုပ်ငန်းကို အခုဇန်နဝါရီလဆန်းပိုင်းမှာ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်နေပါတယ်။ လက်ရှိမှာ ဝါးတဲအိမ် ၁၂ လုံး တည်ဆောက်ထားပါတယ်။ တဲတစ်လုံးကို ခရီးသည် ငါးယောက်တည်းခိုနိုင်ပါမယ်။ နိုင်ငံသားဆိုရင် တဲတစ်လုံးကို နှစ်သောင်းခွဲကျပ်သတ်မှတ်ထားပြီး နိုင်ငံခြားသားတွေကိုတော့ နိုင်ငံတော်ကသတ်မှတ်ပေးထားတာတွေရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေက မြန်မာငွေ တစ်သောင်းကျပ်၊ မနက်စာ သုံးထောင်ကျပ်၊ နေ့လည်စာ ငါးထောင်ကျပ်၊ ညစာ ငါးထောင်ကျပ်၊ ညအိပ်ခွင့် တစ်သောင်းကျပ်၊ ညပိုင်းအကဖျော်ဖြေမှုက တစ်သောင်းကျပ်၊ စက်ဘီးနဲ့ ကျေးရွာဒေသတွင်းလေ့လာမယ်ဆို လေးထောင်ကျပ်၊ CBT လမ်းကြောင်းနဲ့ သွားမယ်ဆိုရင် လမ်းညွှန်ခအတွက် သုံးထောင်ကျပ်တို့ကို သတ်မှတ်ထားပါတယ်"ဟု CBT ပရောဂျက် မန်နေဂျာ ဦးစိန်ကျော်ဦးက ပြောသည်။

ဆက်လက်ပြီး "ကျွန်တော်တို့ ဗန်းမောက်မြို့နယ်က ကျေးရွာအုပ်စု ၄၇ အုပ်စု၊ ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၂၃ ရွာတို့တွင် လူဦးရေ ၁၂၀၀၀၀ ဝန်းကျင်ခန့် မှီတင်းနေထိုင်ကြတယ်။ ရှမ်းတိုင်းရင်းသားနဲ့ ကဒူးတိုင်းရင်းသားတို့ အများဆုံးနေထိုင်ကြပြီး တောင်သူလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပါတယ်" ဟု ဗန်းမောက်မြို့နယ် တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်က ပြောသည်။

ဇလုံတောင်သို့ မြန်မာပြည်တစ်ဝန်းမှဘုရားဖူးပြည်သူများနေ့စဉ် လာရောက်လည်ပတ်လျက်ရှိရာ ယခင်နှစ်များထက် ဘုရားဖူးပြည်သူများ ပိုမိုလာရောက်လည်ပတ်နိုင်မည်ဟုခန့်မှန်းထားကြောင်း ဒေသခံများထံမှ သိရသည်။ ထို့ကြောင့် မြန်မာပြည်တစ်ဝန်းမှ ဘုရားဖူးလိုသူများ၊ ဒေသတွင်းလေ့လာလိုသူများအား ဇလုံတောင်သို့ လာရောက်လေ့လာလှည့်ပါဟု ဖိတ်ခေါ်လိုက်ရပေသည်။

**သတင်းနှင့်ဓာတ်ပုံ-မောင်ချစ်လင်း**

# ဂျပန်ရုပ်ရှင်ပွဲတော် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြသမည်

ဂျပန်ရုပ်ရှင်နှင့် ရုပ်သံဖန်တီးမှုရုပ်ရှင်အသစ်များ ပါဝင်သည့် ဂျပန်ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၁၃ ရက်မှ စတင်ကာ ၁၉ ရက်အထိ ဝင်ကြေးအခမဲ့အဖြစ် ပြသသွားမည်ဟု ဇန်နဝါရီ ၅ ရက်က Summit Park View ဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ယင်းရုပ်ရှင်ပွဲတော်သည် Japan Image Council ( JAPIC) နှင့် Agency of Cultural Affairs၊ ဂျပန်သံရုံးတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပလျက်ရှိသော ၁၃ ကြိမ်မြောက် ရုပ်ရှင်ပွဲတော်ဖြစ်ပြီး ယခုနှစ် မြန်မာနိုင်ငံ၌ ပထမဆုံး လာရောက်ကျင်းပခြင်းဖြစ်သည်။ ယခင်ပွဲတော်များကို ကိုရီးယား၊ ဗီယက်နမ်၊ တူရကီ၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကျင်းပခဲ့သည်။

"ဒီနှစ် ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံမှာ ကျင်းပတော့မှာဖြစ်တဲ့အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ မြန်မာနဲ့ဂျပန် နှစ်နိုင်ငံကြား ဆက်ဆံရေးက အရင်နှစ်ပေါင်းများစွာတည်းက တည်တံ့ခိုင်မြဲနေတာဖြစ်ပြီး ဒီရုပ်ရှင်ပွဲတော်က ကျွန်တော်တို့နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ပိုမိုအားကောင်းလာစေဖို့ အထောက်အပံ့ဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဂျပန်သံရုံးမှ အချက်အလက်နှင့် ယဉ်ကျေးမှုဆိုင်ရာ ပထမအတွင်းဝန် မစ္စတာယူစုကီမက်စူအိုကာက ပြောသည်။

ရုပ်ရှင်ပွဲတော်တွင် ဂျပန်နိုင်ငံမှ တက်သစ်စ ရုပ်ရှင်ဒါရိုက်တာများနှင့် နာမည်ကျော် ဒါရိုက်တာများ၏ သည်းထိတ်ရင်ဖိုဇာတ်ကားများ၊ အချစ်ဇာတ်ကားများ၊ ဒရာမာဇာတ်ကားများ၊ အက်ရှင်ဇာတ်လမ်းတိုများ၊ ရုပ်သံဖန်တီးမှုကာတွန်းရုပ်ရှင်များကို ပြသသွားမည့်အပြင် ပြသမည့် ဇာတ်ကားအားလုံးတွင် မြန်မာစာတန်းထိုး ပါဝင်ကြောင်း သိရသည်။ ယင်းပြင် ဒါရိုက်တာများ၏ ဟောပြောမှုများ၊ တက်ရောက်လာသူများနှင့် အမေး၊ အဖြေကဏ္ဍများ၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန် အကူအညီပေးမည့် အခြားသော အစီအစဉ်များလည်း ပွဲတော်ကာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဂျပန်ရုပ်ရှင်ပွဲတော် စတင်မည့် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီမှ စတင်ကာ နေပြည်တော်ရုပ်ရှင်ရုံတွင် ရုပ်ရှင်ဇာတ်ကားများကို တစ်နေ့လျှင် လေးကြိမ်ပြသသွားမည်ဖြစ်ရာ လက်မှတ်များကိုမူ ရုပ်ရှင်မပြမီ တစ်နာရီကြိုတင်၍ ထုတ်ယူနိုင်သည်ဟု သိရသည်။

**ခင်ဇာလီ**




**အထက်တန်းကျောင်းသားနှစ်ဦး ရုပ်ပြကာတွန်းဆရာဖြစ်အောင် ရည်မှန်းချက်ထား ကြိုးစားကြပုံကို စိတ်လှုပ်ရှားဖွယ် ပုံဖော်ရိုက်ကူးထားသည့် ဂျပန်ရုပ်ရှင်ပွဲတော်တွင် ပြသမည့် လူငယ်ကြိုက် Bakuman ရုပ်ရှင်ဇာတ်ကား။**

# အဖွဲ့ဝင်လေးဦးနဲ့ ပထမဆုံးဓာတ်ပုံရိုက်ကူးခဲ့တဲ့ Fifth Harmony

နာမည်ကျော် အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Fifth Harmony ဟာ အဖွဲ့ဝင်တစ်ဦး နုတ်ထွက်သွားပြီးတဲ့နောက် လေးဦးသာ ပါဝင်တော့တဲ့ အဖွဲ့ရဲ့ဓာတ်ပုံကို ရိုက်ကူးကာ အဖွဲ့ဝင်တွေရဲ့ လူမှုကွန်ရက်မီဒီယာတွေဖြစ်ကြတဲ့ တွစ်တာနဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်ကနေ တစ်ဆင့် တရားဝင်ထုတ်ဖော်ပြသခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့စတင်ဖွဲ့စည်းခဲ့စဉ်က အဖွဲ့ဝင်ငါးဦးပါဝင်ခဲ့တဲ့ Fifth Harmony ဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကမီလာကပ်ဘဲလို အဖွဲ့ကနေ ရုတ်တရက်ထွက်ခွာသွားခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုပါတေးဂီတအဖွဲ့ဟာ လတ်တလောမှာတော့ အဖွဲ့ဝင်လေးဦးနဲ့သာ အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားဖို့ စီစဉ်နေတာဖြစ်ပြီး အဖွဲ့ဝင်လေးဦးသာပါဝင်တော့တဲ့ အဖွဲ့ရဲ့ တရားဝင်ဓာတ်ပုံကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၅ ရက်က ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့တာ ဖြစ်ပါတယ်။

ကမီလာကပ်ဘဲလိုဟာ Fifth Harmony ကနေ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

ဗြိတိန်ရဲ့ အထင်ကရ သီချင်းဆိုပြိုင်ပွဲတစ်ခုဖြစ်တဲ့ The X Factor ပြိုင်ပွဲကြီးကနေ မွေးထုတ်ပေးခဲ့တဲ့ Fifth Harmony ဟာ " Work From Home"၊ "That's My Girl" နဲ့ "Worth It" စတဲ့တေးသီချင်းတွေနဲ့ လတ်တလောမှာ အထူးကျော်ကြားနေတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။ **(အေးပြည့်)**



# နောက်ဆုံးနှုတ်ဆက်သွားမယ့် 2NE1

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းက အဖွဲ့ဖျက်သိမ်းတော့မှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တဲ့ တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ 2NE1 ဟာ အဖွဲ့ရဲ့ နောက်ဆုံးဖျော်ဖြေမှုအဖြစ် တေးသီချင်းသစ်တစ်ပုဒ်နဲ့ ပရိသတ်တွေကို နှုတ်ဆက်ဖို့ စီစဉ်ထားကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

2NE1 ဟာ "Good Bye"လို့ အမည်ရတဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို လာမယ့် ဇန်နဝါရီ ၂၁ ရက်မှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ပြီးခဲ့တဲ့ ဇန်နဝါရီ ၅ ရက်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်လေးဦးပါဝင်တဲ့ 2NE1 ဟာ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်ဇီအဖွဲ့ကနေ နှုတ်ထွက်သွားပြီးနောက် အဖွဲ့ဝင်သုံးဦးသာ ကျန်ရှိနေခဲ့ရာက ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းမှာတော့ 2NE1ကို ဖျက်သိမ်းတော့မှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ယခုနောက်ဆုံးအနေနဲ့ ထုတ်လွှင့်သွားမယ့် တေးသီချင်းမှာတော့ 2NE1 ရဲ့ ကျန်ရှိနေတဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ စီအယ်လ်၊ စန်ဒရာပ့ါခ်နဲ့ ပ့ါခ်ဘွန်မ်တို့ရဲ့ ဖျော်ဖြေမှုတွေကို တွေ့မြင်ခံစားကြရမှာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ အဆိုပါတေးသီချင်းသစ်အတွက် တေးဗွီဒီယိုရိုက်ကူးထုတ်လုပ်မှုတွေကို အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။



2NE1 ရဲ့ ဖျော်ဖြေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကလည်း "2NE1 ဟာ တောင်ကိုရီးယားနိုင်ငံမှာသာမက ပြည်ပနိုင်ငံတွေမှာပါ ကျော်ကြားတဲ့တေးဂီတအဖွဲ့ ဖြစ်တာကြောင့် အဖွဲ့ရဲ့နောက်ဆုံးနှုတ်ဆက်ပွဲကို မှတ်မှတ်ရရရှိစေချင်တဲ့အတွက် ယခုလို စီစဉ်ခဲ့ရတာပါ"လို့ ဆိုပါတယ်။

၂၀၀၉ ခုနှစ် မေ ၆ ရက်က ထုတ်လွှင့်ခဲ့တဲ့ ပထမဆုံးသော တေးသီချင်း "Fire"နဲ့အတူ အနုပညာလှုပ်ရှားမှုတွေစတင်ခဲ့တဲ့ 2NE1 ဟာ တေးအယ်လ်ဘမ်ပေါင်းများစွာကို ထုတ်လုပ်ခဲ့တဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ ၂၀၁၆ ဧပြီလအတွင်းမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်ဇီဟာ သီးခြားလှုပ်ရှားမှုတွေပြုလုပ်လိုတာကြောင့် အဖွဲ့ကနေ နှုတ်ထွက်ခဲ့ကြောင်း တရားဝင်ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ကျန်ရှိခဲ့တဲ့အဖွဲ့ဝင်သုံးဦးအနက် စီအယ်လ်နဲ့ စန်ဒရာပ့ါခ်တို့နှစ်ဦးဟာ လတ်ရှိအေဂျင်စီနဲ့ စာချုပ်သစ်ချုပ်ဆိုထားပြီးဖြစ်ကာ ပ့ါခ်ဘွန်မ်ကတော့ စာချုပ်သက်တမ်းတိုးခဲ့ခြင်း မရှိကြောင်းလည်း သိရပါတယ်။ **(အေးပြည့်)**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၇-၁-၂၀၁၇(သောကြာနေ့)**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၀ Hyper Sports
၈း၃၀ "သူ့ပညာ သူ့ဝါသနာ(ဂျုံရုပ်ပြုလုပ်သူ)"
၈း၅၀ "မောတို့ပျော်ရာတောင်သာယာ"
၉း၃၀ Business News
၁၀း၃၀ ကဗျာရိပ်မြုံ "ရွှေယုန်နှင့်ရွှေကျား"
၁၀း၄၅ "လူငယ်ဖက်ရှင်ဒီဇိုင်နာတစ်ယောက်၏အားထုတ်ကြိုးစားဘဝပုံရိပ်များ"
၁၁း၁၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး "ကုလားပဲနှင့် ပဲပိစပ်"
၁၁း၃၅ "ချစ်စရာ့အရွယ်ကစားကြမယ်"
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း-၃)
၁း၄၀ အနုပညာသတင်းအစီအစဉ်
၂း၂၀ ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာနိုင်ငံတကာ ရုပ်ရှင်ပွဲတော်) (ဆရာလေး၊ သတိ) (ဒါရိုက်တာ-မိုးဇက်မာ့က်(စ်)၊ ဖြိုးဇေယျာကျော်)
၃း၁၅ "ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတပူးပေါင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်"
၃း၄၅ "အပူပိုင်းဒေသ၏ ရတနာ"
၄း၃၅ NHK Programme "ရေ၏အံ့သြဖွယ်ရာများ" (ရေ၏အရည်ပုံစံ) "The Wonder of Water" (Water as a Liquid)
၅း၁၅ "ရှေးဦးအရွယ်ကလေးငယ်များအားရင်းနှီးမြှုပ်နှံကြစို့"
၅း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၅၀ Asean Spotlight (Traditional Medicine)
၆း၃၅ Tasty Trip
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့ မာယာကလဲ့စား" (အပိုင်း-၂၁)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
-ဂီတတံခါးလေးဖွင့်ပါဦး
-ဂီတသမား၊ ဂီတစကား
"နန်းတော်ရှေ့ဆရာတင်၏ အံတော်ကြိုး" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၇-၁-၂၀၁၇(စနေနေ့)**

၆း၀၃ တရားတော်
၇း၀၀ မေတ္တာပို့
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၇း၃၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၂၀ မွေးမြူသုတ
၈း၃၀ ခရီးလည်းသွားစကားလည်းဆို
၉း၁၀ မောင်မယ်လေးများသိစေချင်
၉း၂၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၉း၄၅ ခရီးလည်းသွားစကားလည်းဆို
၁၀း၁၀ တစ်ပတ်အတွင်းစာပေနှင့်အနုပညာသတင်း
၁၁း၁၀ English For Myanmar
၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၁း၃၀ တစ်ပတ်အတွင်းအားကစားသတင်း
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "မိုးခါးရေတစ်ပေါက်" (ကျော်ရဲအောင်၊ စိုးမြတ်နန္ဒာနှင့် သရုပ်ဆောင်များ)
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေသူမရဲ့ခြေရာများ" (အပိုင်း-၂၈)
၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ သီချင်းလက်ဆောင်
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဖေဖေကြီးကိုချစ်တယ်" (အပိုင်း-၈၅)
၅း၄၅ ရွှေလမ်းငွေလမ်းသူ့ဌေးလမ်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ စားဖို့ဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံသရာတစ်ကွေ့ဝယ်" (အပိုင်း-၁၈)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-ဘောလုံးကန်ကြမယ်
-လူ့ရှင်တော်စတား
-ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အကြင်နာမျက်ဝန်း" (အပိုင်း-၃၆)

## ဆန်းချက်ဇ်၏ အပြုအမူက အာဆင်နယ်မှ ထွက်ခွာလိုသည့် အချက်ပေးသံမဟုတ်ကြောင်း ဝင်းဂါးတုံ့ပြန်



အာဆင်နယ်နည်းပြ ဝင်းဂါးက ဘုန်းမောက်နှင့် ပွဲအပြီးတွင် တိုက်စစ်မှူး ဆန်းချက်ဇ် အဘယ်ကြောင့် ဒေါသပေါက်ကွဲသည်ကို နားလည်သဘောပေါက်သော်လည်း အဆိုပါကိစ္စရပ်က ဆန်းချက်ဇ် အာဆင်နယ်မှ ထွက်ခွာတော့မည်ဟူသော အချက်ပေးသံမဟုတ်ကြောင်း တုံ့ပြန်လိုက်သည်။ အာဆင်နယ်အသင်းသည် အဆိုပါပွဲစဉ်တွင် သုံးဂိုးပြတ်အရေးနိမ့်နေရာမှ မိနစ် ၂၀ ကျော်အတွင်း သုံးဂိုးပြန်သွင်းကာ သရေတစ်မှတ်ရယူနိုင်ခဲ့သည်။

အာဆင်နယ်၏ သရေရလဒ်အတွက် တိုက်စစ်မှူး ဂီရော့ဒ်နှင့် အခြားကစားသမားများက ပျော်ရွှင်စွာ အောင်ပွဲခံခဲ့သော်လည်း ဆန်းချက်ဇ်က အဆိုပါပွဲရလဒ်အပေါ် မပျော်မရွှင်ဖြစ်နေခြင်း ဖြစ်သည်။ ပြိုင်ပွဲရှိန်မြင့်မားနေသည့် ကာလအတွင်း ရသင့်သည့်အမှတ်များ မရရှိဘဲ ဆုံးရှုံးနေသည့်အတွက် ဆန်းချက်ဇ်က ပွဲအပြီး အဝတ်လဲခန်းအတွင်း မည်သူကိုမျှ စကားမပြောခဲ့ဘဲ လက်အိတ်များကို ဆွဲချွတ်ခဲ့သည်အထိ ဒေါသဖြစ်ကြောင်း ပြသခဲ့သည်။

ဝင်းဂါးက သုံးဂိုးပြတ်ရှုံးနိမ့်နေရာမှ ချေပဂိုးများ ပြန်သွင်းကာ သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းမှာ ယေဘုယျတွေးလျှင် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ သို့သော် အနိုင်မရခဲ့ခြင်းအတွက် အားလုံးစိတ်ပျက်ခဲ့ရကြောင်း၊ ဆန်းချက်ဇ်၏ အပြုအမူမှာ ပြဿနာတစ်ရပ်မဟုတ်ကြောင်း ဆိုခဲ့သည်။ အာဆင်နယ်သည် ဆန်းချက်ဇ်ကို တစ်ပတ်လုပ်ခလစာ ပေါင်၁၈၀၀၀၀ဖြင့် စာချုပ်သစ်ကမ်းလှမ်းသော်လည်း ဆန်းချက်ဇ်က တစ်ပတ်လျှင် ပေါင် ၂၅၀၀၀၀ ရလိုသည်ဟု တောင်းဆိုထားရာ စာချုပ်ကိစ္စ မပြေလည်သေးဘဲ ရှိနေသည်။ အာဆင်နယ်သည် ဂီရော့ဒ်၊ ဝီရှိုင်းယား၊ အိုဇေးလ်၊ ဆန်းချက်ဇ်တို့ကို စာချုပ်သစ်ကမ်းလှမ်းထားပြီး အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးကို စာချုပ်သစ် မချုပ်ဆိုနိုင်သေးသဖြင့် ဖိအားများနေခြင်းဖြစ်သည်။ အိုဇေးလ်ကို မန်ယူ၊ ရီးယဲလ်မက်ဒရစ်တို့က အလိုရှိနေပြီး ဆန်းချက်ဇ်ကို မန်စီးတီးနှင့် ဂျူဗင်တပ်အသင်းတို့က ခေါ်ယူလိုနေကြောင်း သိရသည်။

## အော့ဘာမီယန်ကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး၊ စံချိန်တင် လုပ်ခလစာတို့ဖြင့် ရှန်ဟိုင်း SIPG ကမ်းလှမ်းထား



ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်ကို ရှန်ဟိုင်း SIPG အသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၁၂၅ သန်း၊ တစ်ပတ်လုပ်ခလစာ ပေါင် ၆၇၅၀၀၀ ဖြင့် ကမ်းလှမ်းထားရာ အော့ဘာမီယန်အား အလိုရှိနေသည့် ရီးယဲလ်မက်ဒရစ်၊ မန်ယူ၊ အာဆင်နယ်တို့အတွက် အဓိကထိုးနှက်ချက်ဖြစ်လာခဲ့ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ ရှန်ဟိုင်း SIPG အသင်းသည် ဘရာဇီး စူပါစတား ကစားသမားများဖြစ်သည့် အော်စကာနှင့် ဟော့ခ်တို့ကိုလည်း ခေါ်ယူထားပြီးနောက် အော့ဘာမီယန် ရယူရေး ထပ်မံအားထုတ်လာခြင်းဖြစ်သည်။

အကယ်၍ အော့ဘာမီယန်၏ အပြောင်းအရွှေ့သာ ဖြစ်မြောက်လာပါက ပြီးခဲ့သည့် နွေဈေးကွက်အတွင်း အမှန်တကယ် မန်ယူသို့ ပြောင်းရွှေ့သွားသည့် ပေါ့ဂ်ဘာ၏ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းကို ကျော်လွန်သွားမည် ဖြစ်သလို ရှန်ဟိုင်းရှန်ဟွာအသင်းသို့ ကမ္ဘာ့စံချိန်တင် လုပ်ခလစာဖြင့် ပြောင်းရွှေ့သွားသည့် ကားလို့စ်တီဗက်ဇ်၏ တစ်ပတ်လုပ်ခ ပေါင် ၆၁၅၀၀၀ ကိုလည်း ကျော်ဖြတ်နိုင်ကာ ပြောင်းရွှေ့ကြေးနှင့် လုပ်ခလစာနှစ်ရပ်လုံးတွင် ကမ္ဘာ့စံချိန်သစ် ဖြစ်လာမည်ဖြစ်သည်။

အော့ဘာမီယန်က သူ၏အဖိုးအား ပေးထားသည့် ကတိအရ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်ဟု ပြောကြားခဲ့ဖူးသော်လည်း ယခုကဲ့သို့ ရှန်ဟိုင်း SIPG မြင့်မားလွန်းသည့် လုပ်ခလစာကြောင့် တရုတ်ကလပ်အသင်းသို့ ပြောင်းရွှေ့ရန် အာရုံပြောင်းသွားနိုင်သည်ဟု ခန့်မှန်းချက်များလည်း ထွက်လာခဲ့သည်။ အော့ဘာမီယန်သည် ယခုနှစ် ဘောလုံးရာသီအတွင်း ဘွန်ဒက်စ်လီဂါ ပွဲစဉ် ၁၅ ပွဲတွင် ၁၆ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးများထဲတွင် တစ်ဦးအပါအဝင်အဖြစ် အားလုံးက သတ်မှတ်ထားသူဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်စူပါလိဂ်ကို ကမ္ဘာ့အင်အားအကြီးဆုံးလိဂ်များတွင် တစ်ခုအပါအဝင်ဖြစ်လာစေရန်နှင့် ထိုမှတစ်ဆင့် တရုတ်လက်ရွေးစင်အသင်းကို အထောက်အပံ့ပြုကာ နှစ် (၃၀)အတွင်း ကမ္ဘာ့ဖလား ရယူနိုင်ရေးအတွက် စီမံချက်ချဆောင်ရွက်စေခြင်းဖြစ်သည်။ တရုတ်စူပါလိဂ်သည် မကြာသေးခင်ကာလအတွင်း ကမ္ဘာ့ထိပ်တန်း ကစားသမားအမြားအပြားကို ခေါ်ယူခဲ့ပြီး ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့သည်ကို သက်သေထူနိုင်ခဲ့သည်။

မေလှဲ့သင်း-ရေးသားသည်

## ဂရစ်ဇ်မန်းကို ခေါ်ယူရန် မန်ယူ ထပ်မံကြိုးပမ်းလာ



မန်ယူအသင်းအနေဖြင့် အက်သလက်တီကိုစတား ဂရစ်ဇ်မန်းကို ခေါ်ယူရန် ယခု ရက်သတ္တပတ်အတွင်းမှာပင် မန်ယူတာဝန်ရှိသူများနှင့် ဂရစ်ဇ်မန်း၏ ကိုယ်စားလှယ်ကြား ဆွေးနွေးမှုများ စတင်သွားမည်ဖြစ်ကြောင်း သိရသည်။ အကယ်၍ ဂရစ်ဇ်မန်းအနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာပါက ပေါ့ဂ်ဘာ မန်ယူတွင် ရရှိနေသည့် လုပ်ခလစာနှုန်းထားအတိုင်း ပေးချေသွားမည်ဖြစ်ကြောင်း မန်ယူတာဝန်ရှိသူများက အစောပိုင်းကပင် ကတိပြုထားပြီးဖြစ်သည်။ ပေါ့ဂ်ဘာမှာ မန်ယူတွင် အခွန်ဆောင်ပြီး အသားတင်တစ်ပတ်လုပ်ခ ပေါင် ၂၂၀၀၀၀ အပြင် အခြားအပိုဆုကြေးခံစားခွင့်များပါ ရရှိထားသူဖြစ်သည်။

ဂရစ်ဇ်မန်းကို ခေါ်ယူလိုသည့် အသင်းများတွင် ပီအက်စ်ဂျီ၊ ချယ်လ်ဆီးအသင်းတို့ကဲ့သို့ ထိပ်တန်းအသင်းများလည်းပါဝင်ရာ မန်ယူအနေဖြင့် ဂရစ်ဇ်မန်း ခေါ်ယူရေးအတွက် ယခုကတည်းက အားစိုက်ဆွေးနွေးနေခြင်းဖြစ်သည်။ ဂရစ်ဇ်မန်းသည် နည်းပြ မော်ရင်ဟို အလိုအရှိဆုံးစာရင်းတွင် ထိပ်ဆုံးနေရာက ရှိနေပြီး ၎င်းအတွက် အက်သလက်တီကိုအသင်းကို ပြောင်းရွှေ့ကြေး ပေါင် ၈၆ သန်း ပေးချေမည်ဟု မန်ယူအသင်းဘက်မှ သဘောတူထားပြီးဖြစ်ကြောင်းလည်း သိရသည်။ သို့သော် ဂရစ်ဇ်မန်းအား ဇန်နဝါရီကာလအတွင်းရရှိရန် မဖြစ်နိုင်ဘဲ နွေဈေးကွက်ရောက်မှသာ ဖြစ်နိုင်ခြေရှိသည်။

မန်ယူအသင်းသည် ပေါ့ဂ်ဘာကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ် ပေးချေခေါ်ယူနိုင်ခဲ့ပြီးနောက် ဂရစ်ဇ်မန်းကိုလည်း ခေါ်ယူနိုင်ဦးမည်ဟု သေချာပေါက် ယုံကြည်ထားခြင်းဖြစ်သည်။ မန်ယူအသင်းသည် နည်းပြ မော်ရင်ဟို လက်အောက်တွင် နာမည်ကျော်ကစားသမားများကို ခေါ်ယူ၍ အင်္ဂလန်နှင့် ဥရောပထိပ်တန်းအသင်းအဖြစ် ပြန်လည်တည်ဆောက်နိုင်ရန် မျှော်မှန်းနေပြီး မန်ယူ၏ ပစ်မှတ်ကစားသမားများထဲတွင် ဂါရတ်ဘေးလ်၊ အိုဇေးလ်နှင့် အော့ဘာမီယန်တို့လည်း ပါဝင်နေသည်။

## မာကိုဆေးလ်ဗားအား ဟားလ်စီးတီး နည်းပြအဖြစ် ခန့်အပ်

ဟားလ်စီးတီးအသင်းသည် အိုလံပီယာကော့စ် နည်းပြဟောင်း မာကိုဆေးလ်ဗားကို လစ်လပ်လျက်ရှိသည့် နည်းပြရာထူးနေရာတွင် အစားထိုးခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အသက် (၃၉)နှစ်ရှိ ပေါ်တူဂီလူမျိုး မာကိုဆေးဗားသည် ရာသီကုန်အထိ ဟားလ်စီးတီးတွင် ရှိနေမည်ဖြစ်ပြီး ၎င်းကို ပြီးခဲ့သည့် ဇန်နဝါရီ ၃ ရက်တွင် ထုတ်ပယ်ခံလိုက်ရသည့် နည်းပြ မိုက်ခ်ဖီလန်၏ နေရာတွင် အစားထိုး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ သူ၏ ဟားလ်စီးတီး နည်းပြပွဲဦးထွက်အဖြစ် ဆွမ်ဆီးကို အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်အဖြစ် အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်သည်။

မာကိုဆေးလ်ဗားသည် ပြီးခဲ့သည့်နွေရာသီက အိုလံပီယာကော့စ်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် ချန်ပီယံရှစ်အသင်းများဖြစ်သည့် ဝုဖ်၊ နော့တင်ဟမ်ဖောရက်စ်အသင်းများမှ ဆက်သွယ်ခဲ့ကြသေးသော်လည်း အဆိုပါကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့သည်။

မာကိုဆေးလ်ဗားသည် ၂၀၁၁ ခုနှစ်တွင် အိစ္စတိုရယ်အသင်းနှင့်အတူ နည်းပြဘဝစတင်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်တွင် စပို့တင်းလစ္စဘွန်းအသင်းကို ကိုင်တွယ်ခဲ့ပြီး သူ၏ ဦးဆောင်မှုအောက်တွင် စပို့တင်းအသင်း ၂၀၁၅ ခုနှစ်တွင် ပေါ်တူဂီဖလားကို ဆွတ်ခူးနိုင်ခဲ့သော်လည်း လေးရက်အကြာတွင် ရာထူးမှ ထုတ်ပယ်ခံရသည်။ သတင်းရင်းမြစ်များ၏ အဆိုအရ ကလပ်အသင်း သတ်မှတ်ထားသည့် ဝတ်စုံကို ဝတ်ဆင်ရန် ပျက်ကွက်ခဲ့သောကြောင့်ဟု သိရသည်။ ယင်းနောက် ဆေးလ်ဗားသည် အိုလံပီယာကော့စ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ပြီးနောက် ပြည်တွင်းလိဂ် ၁၇ ပွဲဆက် အနိုင်ရရှိသည့် မှတ်တမ်းအပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အမ်းမရိတ်စ်ကွင်း၌ပင် အာဆင်နယ်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

## အလှူရန်ပုံငွေ အထူးဘောလုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၇ ခုနှစ်ဘောလုံးရာသီအကြို အလှူရန်ပုံငွေ အထူးဘောလုံးပြိုင်ပွဲအဖြစ် 2016 MNL Champion ရတနာပုံအသင်းနှင့် General Aung San Shield Champion မကွေးအသင်းတို့ ထိပ်တိုက်တွေ့မည့် MFF Charity Cup 2017 ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ MFF Charity Cup 2017 ဘောလုံးပြိုင်ပွဲ မယှဉ်ပြိုင်မီ မွန်းလွဲ ၁ နာရီခွဲတွင် အနုပညာရှင်များဖြစ်သည့် Rဇာနည်၊ လင်းလင်း၊ ဂျီလတ်၊ ဟက်ကက်၊ ယုန်လေး၊ မိုးယံဇွန်၊ Wai လျှံ၊ သိန်းလင်းစိုး၊ အစ္စဏီ၊ စည်သူမောင်၊ ဗျူဟာ၊ နန်းခင်ဇေယျာ၊ မေမြတ်နိုး၊ စိုးနန္ဒာကျော်၊ ဆုဇီ၊ ခိုင်သဇင်ဦးနှင့် သဥ္စာမြင့်မိုရ်တို့က Dream Lover တေးဂီတအဖွဲ့နှင့်အတူ ပရိသတ်များအား ဖျော်ဖြေမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၂၀၀၀၊ ရိုးရိုးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ကွင်းဝင်ကြေးအားလုံးကို အမှန်တကယ်လိုအပ်သည့် နေရာများအား လှူဒါန်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

**ဇေယျာ(မိုင်ရာ)**

# ၂၀၁၆ ခုနှစ် ၁၁ လအတွင်း မူးယစ်ဆေးဝါး ၈၁၁၇ မှု အရေးယူဆောင်ရွက် စိတ်ကြွရူးသွပ်ဆေးပြား ၆၉၈၃၅၆၂၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် နိုင်ငံတော်အစိုးရမှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါး အန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးအတွက် လူညွန့်တုံးစေမည့်အန္တရာယ်ဖြစ်သည်နှင့်အညီ ကမ္ဘာ့နိုင်ငံများမှ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအတွင်း မူးယစ်ဆေးဝါးနှင့် အရက်သေစာ သုံးစွဲမှုပြဿနာနှင့် ယင်း၏ ဆိုးကျိုးများအား ပိုမိုသိရှိနားလည် သဘောပေါက်စေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ပညာပေးနည်းလမ်းပေါင်းစုံဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း ဝိသမလောဘသားများ၏ မသမာမှုဖြင့် စီးပွားရှာခြင်း၊ တချို့မှာလည်း စားဝတ်နေရေးအရ လုပ်ဆောင်ခြင်း၊ တချို့မှာလည်း ငွေရလွယ်၍ လုပ်ကိုင်ခြင်းများနှင့် တရားဥပဒေစိုးမိုးမှု လက်လှမ်းမမီခြင်းများကြောင့် မူးယစ်ဆေးဝါးအမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ထို့ကြောင့် ၂၀၁၆ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ မူးယစ်ဆေးဝါးမှု ၈၁၁၇ မှု ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ ဘိန်း ၃၂၇ မှုတွင် အလေးချိန် ၆၁၆ ဒသမ ၅၆၂၈ ကီလို၊ ဘိန်းဖြူ ၂၇၅၄ မှုတွင် အလေးချိန် ၅၄၄ ဒသမ ၂၃၇၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားမှု ၄၂၉၄ မှုတွင် ၆၉၈၃၅၆၂၀ ဒသမ ၅ ပြား၊ ဆေးခြောက်မှု ၂၃၃ မှုတွင် ၁၄၆ ဒသမ ၃၃၉၈ ကီလို၊ ဘိန်းဆီခဲ ၃၉ မှုတွင် ၄၄ ဒသမ ၈၆၉၃ ကီလို၊ အဆင့်နိမ့်ဘိန်း ၄၀ မှုတွင် ၂၁ ဒသမ ၇၈၅၆ ကီလို၊ အိုက်စ် ၄၀ မှုတွင် ၂၃၆၉ ဒသမ ၁၆၈၃ ကီလို၊ ဘိန်းစာမှုန့် ၁၁၂ မှုတွင် ၁၃၈၃ ဒသမ ၃၈၇၇ ကီလို၊ ဘိန်းစာရွက် ငါးမှုတွင် ၂ ဒသမ ၂၂၆ ကီလို၊ စိတ်ကြွဆေးအကြေမှုန့် ၂၃ မှုတွင် ၄၄ ဒသမ ၂၅၈၁ ကီလို၊ ဘိန်းညိုမှုန့် လေးမှုတွင် ၄၇၁ ဒသမ ၈ ကီလို၊ ဘိန်းဆီရည်တစ်မှုတွင် ၄၉ ဒသမ ၁၅၂၅ လစ်တာ၊ အက်တက်စီတစ်မှုတွင် ၂၂ ပြား၊ ဘိန်းဖြူရည် သုံးမှုတွင် သုည ဒသမ ၁၂၂ လစ်တာ၊ ဘိန်းရည် သုံးမှုတွင် ၂ ဒသမ ၀၅၇ လစ်တာ၊ ထရာမဒေါလ်ငါးမှုတွင် ၄၁၈၂ တောင့်၊ ထရာမဒေါလ်ထိုးဆေးနှစ်မှုတွင် ၁၄၂၁ ပုလင်း၊ ဗျူပရီနော်ဖင်းသုံးမှုတွင် ၁၆၈ ပြား၊ ဗျူပရီနော်ဖင်းထိုးဆေး နှစ်မှုတွင် ၃၉၃၂ ပုလင်း၊ ဒိုင်ယာဇီပမ်ဆေးပြား ငါးမှုတွင် ၃၄၀၀၉၃ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး တစ်မှုတွင် ၂၇၈ ပုလင်း၊ အယ်ပရာဇိုလမ်ဆေးပြားသုံးမှုတွင် ၂၅၀၄၇၁ ပြား၊ လိုရာဇီပမ်ဆေးပြား ၃၂၀၊ မော်ဖင်းထိုးဆေး လေးမှုတွင် ၁၇၁ ပုလင်း၊ မက်သာဒုန်းနှစ်မှုတွင် သုည ဒသမ ၄၆ လစ်တာ၊ Fentanyl ထိုးဆေးတစ်မှုတွင် ပုလင်း ၇၀၀၊ ကော့စတစ် ကီလို ၄၀၊ Phenol ကီလို ၂၀၀၀၊ အရိုးမီးသွေး တစ်မှုတွင် ၃၃၅၁ ကီလို၊ အက်ဖီဒရင်း နှစ်မှုတွင် ၅၀၀ ဒသမ ၁၀၄ ကီလို၊ ကဖင်းရှစ်မှုတွင် ၁၉၆၄၈ ဒသမ ၅၁၅ ကီလို၊ ဆူဒိုအက်ဖီဒရင်းတစ်မှုတွင် ဆေးပြား ၁၁၉၂၀၀၀၊ ဆူဒိုအက်ဖီဒရင်းအမှုန့် တစ်မှုတွင် ၆၁ ဒသမ ၅ ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ကီလို ၁၁၈၀၀၊ အမိုနီယမ်ကလိုရိုက် ၃၈၂၇ ကီလို၊ အက်စစ်အခဲ ကီလို ၃၆၀၀၊ အမိုနီယမ်ဟိုက်ဒရောဆိုက် ၂၅၀၀ ဒသမ ၃ လစ်တာ၊ ဆာလ်ဖျူရစ်အက်စစ် ၁၇၇၅ ဒသမ ၈ လစ်တာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ်နှစ်မှုတွင် ၃၄၉၄ ဒသမ ၈ လစ်တာ၊ Phosphorica Acid နှစ်မှုတွင် ၁၀၅၃ လစ်တာ၊ ကလိုရိုဖောင်း ၅၂၂၇ ဒသမ ၉ လစ်တာ၊ အက်စီတစ်အင် ဟိုက်ဒရိုက်တစ်မှုတွင် ၁၆ လစ်တာ၊ အီသိုင်း/အီသာ တစ်မှုတွင် လစ်တာ ၂၅၀၊ အက်စီတုန်းတစ်မှုတွင် ၈၅ ဒသမ ၈၅ လစ်တာ၊ ဘိန်းစာရည် သုည ဒသမ ၂ လစ်တာ၊ ကတ်တမင်းတစ်မှုတွင် သုည ဒသမ ၁၆ ကီလို သိမ်းဆည်း ရမိခဲ့သည်။ ၎င်းတွင် မှတ်ပုံတင်ပျက်ကွက်မှု ၂၇၃ မှု၊ အခြားအမှု ၁၆ မှု ဖြစ်ပွားခဲ့သည်။

သို့ပါ၍ မူးယစ်ဆေးဝါးအမှုပေါင်း ၈၁၁၇ မှု ဖြစ်ပွားခဲ့ပြီး တရားခံအမျိုးသား ၁၀၇၇၀၊ အမျိုးသမီး ၁၄၉၅ ဦး စုစုပေါင်း ၁၂၂၆၅ ဦး ဖမ်းဆီးစစ်ဆေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့(မူးယစ်-ဗဟို)မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# နေအိမ်သို့ဝင်ရောက်ကာ ရွှေထည်ပစ္စည်းများနှင့် ငွေများ ယူဆောင်သွားသူအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၆**

လှိုင်သာယာမြို့နယ် အမှတ် (၆)ရပ်ကွက်နေ ဒေါ်-----သည် ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် အမှတ်(၁၉)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ရှိနေစဉ် ၎င်းနေထိုင်ရာနေအိမ်တွင် အမျိုးသားတစ်ဦးရောက်ရှိလာပြီး နေအိမ်အတွင်းရှိ ပစ္စည်းများကို မွှေသွားကြောင်းပြောသဖြင့် နေအိမ်သို့ ပြန်လည်ကြည့်ရှု၍ အဘွားဖြစ်သူအားမေးမြန်းရာ နံနက် ၁၀ နာရီခန့်တွင် အမျိုးသားတစ်ဦးမှာ လက်ထဲတွင် ဆောက်တစ်ချောင်းကိုင်၍ ရောက်ရှိလာကြောင်း၊ ၎င်း၏ အမည်မှာအေးမင်းဆိုသူဖြစ်ကြောင်း၊ ၎င်းအားလည်း မအော်ရန်နှင့် အော်ရင်သတ်ပစ်မည်ဟု ပြောပြီး ပါးစပ်အား အဝတ်နှင့်စည်း၍ လက်၊ ခြေထောက်တို့အား ပီနန်ကြိုးဖြင့် တုတ်ချည်သွားပြီး အခန်းသော့အား ပါလာသည့် ဆောက်ဖြင့်ဖျက်ကာ သံသေတ္တာအတွင်းမှ ရွှေနှင့် ငွေများအား ယူသွားကြောင်း သိရှိရသဖြင့် ဒေါ်-----မှ ၎င်းနေထိုင်ရာအခန်းအား စစ်ဆေးရာ ရွှေထည်ပစ္စည်းများ၊ ငွေကျပ်နှစ်သိန်းခန့်နှင့် ဘဏ်စာအုပ်တစ်အုပ်တို့ ပျောက်ဆုံးနေသောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ လှိုင်သာယာမြို့မ ရဲစခန်းက (ပ)၃၇/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆ ဖြင့် အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ အေးမင်းဆိုသူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ အေးမင်းဆိုသူမှာ လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက်နေ ကျော်ကျော်ထူး(ခ)ကျော်ထွေး (၃၃)နှစ်ဖြစ်ပြီး ၎င်းမှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ တိမ်းရှောင်နေကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃ ရက် ည ၉ နာရီတွင် ကျော်ကျော်ထူး (ခ)ကျော်ထွေးအား ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကားဂိတ်တစ်ခု၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ကျော်ကျော်ထူး(ခ) ကျော်ထွေးအား စစ်ဆေးရာ အဆိုပါအမှုအား ကျူးလွန်ခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သံကလော်၊ လက်ဝတ်ရတနာများ၊ ဘဏ်စာအုပ်နှင့် ငွေကျပ် ၁၅၅၀၀၀ တို့အား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကျော်ကျော်ထူး(ခ)ကျော်ထွေးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

# ၂၀၁၆ ခုနှစ်အတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ မီးရထားနှင့်တိုက်မိမှုအခြေအနေ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွင်း ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မီးရထားနှင့် မော်တော်ယာဉ် တိုက်မိမှု အကြိမ် ၂၀၊ လူတိုက်မိမှု ၄၂ ကြိမ်၊ တိရစ္ဆာန်တိုက်မိမှုတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၈ ဦး၊ ဒဏ်ရာရသူ ၂၄ ဦးရှိကြောင်း သိရသည်။

မီးရထားနှင့် မော်တော်ယာဉ်၊ လူ၊ တိရစ္ဆာန်များ တိုက်မိမှုအတွက် ရထားပို့ဆောင်ရေးဥပဒေပုဒ်မ-၈၅ အရ "မည်သူမဆို ရထားမောင်းနှင်နေစဉ်တွင်လည်းကောင်း၊ ရပ်နေစဉ်တွင်သော်လည်းကောင်း စီးနင်းလိုက်ပါသူ၏ အသက်ကိုဖြစ်စေ၊ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်စေရန် တမင်ပြုလုပ်ခြင်း၊ မဆင်မခြင်(သို့မဟုတ်) ပေါ့လျော့စွာပြုလုပ်ခြင်းတို့အပါအဝင် မည်သည့်ပြုလုပ်မှုကိုမျှမပြုလုပ်ရ"ဟု ပြဋ္ဌာန်းထားရာ အဆိုပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၂ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ရထားရဲတပ်ဖွဲ့ အမှတ်(၃) တပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးဇော်ဦး၏ ပြောကြားချက်အရ သိရသည်။

**(ကြေးမုံ)**

**သားအဖြစ်မှ စွန့်လွှတ်ခြင်း**

လှိုင်းဘွဲမြို့နယ် ဝင်းစိန်ကျေးရွာနေ ဦးမောင်သိန်း၏ သားဖြစ်သူ **စောအောင်သူရိန်** [၃/လဘန(နိုင်) ၁၁၂၄၅၄]သည် မိဘ၏ ဆိုဆုံးမမှုများကို နာခံလိုက်နာမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဦးမောင်သိန်း-ဒေါ်ခင်ရီ**

**သင်္ချာကျော်ဖြိုး** M.Sc. (Maths). Final.
၁၀တန်း သင်္ချာနှင့်ဘာသာစုံ(၂)လပြတ်(၉-၁-၂၀၁၇)စမည်
ဂဏန်း (၃)လပြတ်နှင့် ပုံမှန်တန်း (၃-၃-၂၀၁၇)စမည်။
အမှတ်-၃၅၃ဒုထပ်၊မဟာဗန္ဓုလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်၃၉လမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

**မဟာကျော်** ရာထူးဝင်ခွင့်များအားလုံး
L.O, J.O, B.Ed, PGDMA, PPTT
လက်ထောက်ကြီးကြပ်ရေးမှူး(လဝက) (၉-၁-၂၀၁၇)စမည်
အမှတ်-၃၅၃ဒုထပ်၊မဟာဗန္ဓုလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်၃၉လမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ကောလိယလမ်း(၂၀)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၄၁၈-က)၊ ဦးလှမြင့်-ဒေါ်လှဝင်းအမည်ပေါက် မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်းပေ(၂၀×၆၀) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်လှဝင်း(ZLN-၀၀၃၀၄၃) [၁၂/ဥကတ(နိုင်)၁၂၃၃၃၆]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်နှင့် သက်ဆိုင်သူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

ဒေါ်အေးအေးသိန်း[၁၂/ဥကတ(နိုင်)၁၅၉၇၁၁]
အမှတ်(၅၁၈)၊ ကောလိယ(၂၄)လမ်း၊ (၁၃)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၈၁၅၅၄၁၁

**ဖခင်အမည်မှန်**

တာမွေမြို့နယ်၊ ICEC စံပြ အထက်တန်းကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်ကျော်ငြိမ်းထွန်း၏ဖခင် အမည်မှန်မှာ ဦးဒါနာဘာလန်[၁၂/ပဇတ(နိုင်)၀၂၈၂၈၈] ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးချာတိတ်၏သား မောင်ငယ်ထွေးအား ယနေ့မှစ၍ မောင်ငြိမ်းချမ်းအောင် [၁၂/ဥကမ(နိုင်)၁၉၆၀၃၆]ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ငြိမ်းချမ်းအောင်**

တိုကျော်နိုင်CAR RENTAL
မြို့တွင်း၊မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အခံစတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှုပေးပါသည်။
09 25 358 2510, 09 515 8803

**အိမ်ရောင်းမည်။**
ပေ ၄၀ x ပေ ၆၀ (ဂရန်မြေ)
ပေ ၂၀ x ပေ ၃၀
တစ်ထပ်အုတ်ညှပ်တိုက်
မင်းဘူးလမ်း၊ လှိုင်သာယာ၊
ဘီအိုစီမှတ်တိုင်အနီး
ဖုန်း - ၀၉၇၈၂၅၁၅၃၅၄

**မွန်ပြည်နယ်၊လမ်းဦးစီးဌာန၊မော်လမြိုင်မြို့ ၂၀၁၆-၂၀၁၇ခုနှစ်၊ဘဏ္ဍာရေးနှစ်၊ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းသုံးပစ္စည်းများအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မွန်ပြည်နယ်၊ လမ်းဦးစီးဌာနလက်အောက်ရှိ မော်လမြိုင်ခရိုင်၊ သထုံခရိုင်လမ်းဦးစီးဌာနများတွင်(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော ကတ္တရာ၊ လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သံချောင်း၊ မြစ်သဲ၊ ကျောက်စရစ်၊ တောသစ်နှင့် စက်သုံးဆီစသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ ရယူနိုင်သည့်ရက် - ၆-၁-၂၀၁၇ရက်(သောကြာနေ့)
(ခ) တင်ဒါလျှောက်လွှာ ရယူနိုင်သည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့။
(ဂ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ
(ဃ) တင်ဒါဖွင့်မည့် ရက်/အချိန် - ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ
(င) တင်ဒါဖွင့်မည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
ဖုန်း-၀၅၇-၂၄၇၅၉(မော်လမြိုင်ခရိုင်)
-၀၅၇-၄၀၀၄၆(သထုံခရိုင်)

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**Rental** (09 - 450428800)

| | | |
|---|---|---|
| DOZER | - | 16 တန် |
| BACK HOE | - | 20 တန် မှ 35 တန်ထိ |
| WHEEL LOADER | - | ZL 50C |
| KOBELCO SK 200-8 | - | 700 L ရောင်း |
| VOLVO 290 BLC | - | 850 L ရောင်း |

ဂျူတီဖြင့်ငှားမည်။

The VOICE weekly




အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ

သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ပြောင်းလဲတိုးတက်မှုနှင့် တကွ

ဆူဒိုနင်

### ဆက်သွယ်ရေးနည်းပညာချစ်စရာ

ပြီးခဲ့တဲ့ အပတ်က ထိုင်းရဲဌာနမှာတွေ့ခဲ့တဲ့ အတွေ့အကြုံကို ပြန်ရေးပြတဲ့အခါ အဲဒီစာကိုတင်ထားတဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ စာအုပ်မျက်နှာစာ စာမျက်နှာမှာရော၊ အဲဒါကိုလက်ဆင့်ကမ်းထားတဲ့ ကျွန်တော့်စာမျက်နှာနဲ့ တခြားသူများရဲ့ စာမျက်နှာတွေမှာပါ မှတ်ချက်အမျိုးမျိုးကို ဖတ်ရပါတယ်။ တစ်ဟုန်ထိုးတိုးတက်နေတဲ့ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာရဲ့ ချစ်စရာကောင်းလှတဲ့ အကျိုးကျေးဇူးကိုခံစားရတာပါ။ တစ်ခုခုဆိုပရိသတ်ရဲ့ အမြင်ကိုချက်ချင်း ပြန်သိရနိုင်တာမို့ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌တည်ဖို့ အားထုတ်လိုတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်က လူပုဂ္ဂိုလ်အသီးသီးအတွက် သတင်းခေတ်၊ ပွင့်လင်းခေတ်ရဲ့ အသီးအပွင့်ပါပဲ။

ကျွန်တော့်စာနဲ့ ပတ်သက်တဲ့ တချို့မှတ်ချက်တွေကြောင့် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ စာအုပ်မျက်နှာစာ စာမျက်နှာပေါ်က ကျွန်တော့်စာရဲ့ အောက်မှာ ကျွန်တော်ကိုယ်တိုင်တောင် တစ်ခါမှမရေးစဖူး၊ မှတ်ချက်တွေဝင်ရေးခဲ့ရတာလည်း အမှတ်တရပါပဲ။ အဲဒီထဲမှာမှ အရေးတကြီးဖြည့်စွက်ချက်ဆိုပြီးတောင် သတ်သတ်ရေးလိုက်တာပါပါသေးတယ်။ ထိုင်းရဲတွေအကြောင်းပြောတဲ့အခါ မြန်မာရဲတွေနဲ့ နှိုင်းယှဉ်လာကြလို့ပါပဲ။

အခု မြန်မာရဲတွေလည်း အတော်ပြောင်းလဲလာတာကို သိပ်မကြာလှသေးခင်ကပဲ ကိုယ်တွေ့ကြုံဖူးထားပါတယ်။ တစ်ည၊ ညနာရီပြန် နှစ်ချက်ခွဲလောက်မှာ ကျွန်တော့်အိမ်သူက ကျွန်တော့်ကိုအူယားဖားယားလာနှိုးပါတယ်။ "အိမ်ရှေ့မှာရဲတွေ၊ ဘာဖြစ်နေလို့လဲမသိဘူး"တဲ့။ ကျွန်တော်လည်း ကမန်းကတန်းထကြည့်လိုက်တော့မှ ဇာတ်ရည်လည်ပါတယ်။

### မြန်မာရဲတွေရဲ့ ပြောင်းလဲတိုးတက်မှု

ကျွန်တော် နေထိုင်ရာလမ်းသွယ်လေးရဲ့ တစ်ဖက်ခြမ်းမှာ ဓမ္မာရုံရှိပါတယ်။ ဓမ္မာရုံရဲ့ မျက်နှာစာမဟုတ်ဘဲ မြောက်ဘက် ဘေးခြမ်းဖြစ်တာမို့ အဲဒီမှာ အာဂန္တုကားတွေ လာလာရပ်တာနေ့နေ့၊ ညညပါ။ ကျွန်တော်တို့အိမ်ကို လာလည်တဲ့ကားတွေလည်း အဲဒီမှာရပ်လေ့ရှိပါတယ်။ ပေ ၈၀ လောက်ရှိတာမို့ အနည်းဆုံးကား သုံးလေးစီးရပ်နားနေနိုင်ပါတယ်။

အဲဒီညကတော့ အဲဒီနေရာမှာ မှန်လုံအငှားယာဉ်တစ်စီး ရပ်ထားပါတယ်။ ဘယ်အချိန်ကတည်းက ရပ်ထားမှန်းတော့ မသိပါဘူး။ ကားကိုမှန်အလုံပိတ်၊ စက်နှိုးထားပြီးလေအေးစက်ဖွင့်ထားတဲ့အပြင် အတွင်းကသော့ချထားပြီး အထဲမှာလူတစ်ယောက်က လဲလျောင်းနေပါသတဲ့။ အဲဒီလမ်းသွယ်လေးမှာ ရပ်ကွက်က ငှားထားတဲ့ လုံခြုံရေးညစောင့်တစ်ဦးရှိပါတယ်။ သူကအဲဒီကားကို သတိထားမိနေပြီး သိပ်ကိုအချိန်မတော်လာတဲ့အခါ ကားတံခါးကိုအတင်းပုတ်တော့လည်းအထဲက လဲနေသူက တုပ်တုပ်မလှုပ်ဘူးတဲ့။ ဒါနဲ့ နောက်ဆုံးမှာ ရဲကိုဖုန်းဆက်ပြီး လှမ်းအကြောင်းကြားလိုက်လို့ ရဲတွေရောက်လာတာပါ။

ကျွန်တော် ထွက်သွားချိန်မှာ ကျွန်တော်တို့ လုံခြုံရေးတုန်းကမလှုပ်ပေမယ့် ရဲတွေဝိုင်းတော့မှ ဟိုမောင်မင်းကြီးသားလည်း နိုးတော်မူလာပြီး သူ့ဘာသာအိပ်စက်နေတာဖြစ်ကြောင်း ပြောဆိုထွက်ခွာသွားပါပြီ။ ကျွန်တော်ကမေးတော့ ရဲတွေကအကျိုးအကြောင်းပြန်ပြောပြလို့ သိရတာပါ။ အရာရှိတစ်ဦးနဲ့ အခြားအဆင့်သုံးဦးပါပါတယ်။ မော်တော်ဆိုင်ကယ်တွေနဲ့ ရောက်လာတာပါ။

ကျွန်တော့်ကို ပြန်ပြောပြတာလည်း စိတ်ရှည်လက်ရှည်၊ သူတို့မျက်နှာတွေကလည်းပြေပြေပြစ်ပြစ်၊ ချေချေငံငံပါ။ ညကြီးအချိန်မတော် ချက်ချင်းလာရောက်ပေးတဲ့အတွက် ကျွန်တော်သူတို့ကိုငါးထောင်တန် တစ်ရွက်ပေးပါတယ်။ ညလယ်စာ လက်ဖက်ရည်ကလေး၊ မုန့်ကလေးစားစေချင်လို့ပါ။ သူတို့က ငြင်းပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဒါကိုလာဘ်ပေးတယ်လို့ မခံစားပါဘူး။ ကျွန်တော့်ကိုယ်ကျိုးစီးပွား ဘာဆိုဘာမှမပါဘဲလေ။ သူတို့အလုပ် သူတို့လုပ်တာပါ။ ဟိုလူကားထဲမှာတစ်ခုခုဖြစ်နေလည်း ကျွန်တော်တို့က အနေသာကြီးပါ။ ဒါပေမယ့် အချိန်မတော်မှာ နိုးနိုးကြားကြား တက်တက်ကြွကြွနဲ့ မဆိုင်းမတွ လာပေးကြတဲ့သူတို့ရဲ့ လုပ်ပုံကိုင်ပုံကို နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေးဇူးတင်မိရလို့ ကျွန်တော်တတ်နိုင်တဲ့နည်းနဲ့ ကျေးဇူးဆပ်တဲ့ သဘောသက်သက်ပါ။

### ရပ်တည်မှုချင်းအခါခပ်သိမ်းမတူနိုင်

ထားပါတော့။ သူတို့တင်မကပါဘူး။ ကျွန်တော့် အလုပ်သဘာဝအရ ထိတွေ့ဆက်ဆံနေရတဲ့ ရဲတွေလည်းမနည်းပါဘူး။ အများစုကအရာရှိတွေဖြစ်ကြသလိုရည်မွန်သူတွေ၊ ပြေပြစ်ချေငံသူတွေ ဖြစ်တာကိုတွေ့ရပါတယ်။ စကားအပြောအဆိုကအစ သိမ်မွေ့ကြပါတယ်။ မပြေပြစ်သူ၊ အကျောတင်းသူတွေ မရှိဘူးလားဆိုတော့ တစ်ယောက်စ၊ နှစ်ယောက်စတော့ ရှိပါတယ်။ ဒါလည်း သဘာဝမို့ ဘာမှအထူးအထွေ ပြောစရာမရှိပါဘူး။ ဘယ်အဖွဲ့အစည်းမဆို မတစ်ရာသားတွေနဲ့ ဖွဲ့စည်းထားကြရစမြဲမို့ လူတွေရဲ့စရိုက်အသီးသီးဟာ လက်ချောင်းများနှယ် အတိုအရှည် မညီတာဟာသဘာဝပါပဲ။

သည်နေရာမှာ ပြောစရာတစ်ခုရှိလာပါတယ်။ အဲဒါကတော့ ကျွန်တော်ထိတွေ့ ဆက်ဆံနေတဲ့ အထက်ကပုံစံနှစ်မျိုးစလုံးမှာ ကျွန်တော်ဟာ သာမန်အရပ်သားတစ်ယောက်၊ ဒါမှမဟုတ်လည်း သူတို့ရဲ့သင်ယူမှတ်သားမှုများအဆင်ပြေချောမွေ့ရေးအတွက် ကြားခံပံ့ပိုးပေးနေသူတစ်ယောက် အနေနဲ့သာ သူတို့နဲ့ဆက်ဆံခဲ့ရတာ ဖြစ်ပါတယ်။ တရားခံတစ်ဦးအနေနဲ့ဖြစ်စေ၊ ပြစ်မှုကျူးလွန်ထားသူအဖြစ် သံသယရှိခံရသူအနေနဲ့ ဖြစ်စေဆက်ဆံရမယ်ဆိုရင်တော့ အခြေအနေဟာတစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်တဲ့အပြင် ဇောက်ထိုးမိုးမျှော်တောင် ဖြစ်သွားနိုင်တာကို လူတိုင်းနားလည်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။

ထိုင်းရဲတွေနဲ့ ဆက်ဆံပတ်သက်ခဲ့ရာမှာလည်း ထို့အတူပါပဲ။ ဘာသာစကားအတားအဆီးကြောင့် သူတို့နဲ့စကားမပေါက် ဖြစ်နေတာသေချာပါတယ်။ သို့သော် ကျွန်တော့်ဘေးမှာ ထိုင်းစကားပြောတတ်တဲ့ သူငယ်ချင်းပါနေတယ်။ သည်အတွက် ကျွန်တော့်မှာအလိုလိုအားရှိနေပါတယ်။ ကျွန်တော်တို့ ရဲဌာနထဲကိုဝင်သွားချိန်ကနေ ပြန်ထွက်လာချိန်အထိ ကျွန်တော်တို့ရဲ့ စိတ်တွေက ပေါ့ပေါ့ပါးပါးပါ။ ရွံ့နေတာတွေ၊ ကြောက်နေတာတွေ၊ သိမ်ငယ်နေတာတွေ၊ အဆင်မှပြေပါ့မလားလို့ ပူပင်ကြောင့်ကြနေတာတွေ တစ်စက်မှမရှိပါဘူး။ သူတို့ဆီက အကူအညီကိုမလွဲမသွေ ရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်အပြည့်နဲ့ ဖြစ်ပါတယ်။ သည်အတွက် ကျွန်တော်တို့ရဲ့ မျက်နှာနေမျက်နှာထားတွေ၊ ကိုယ်နှုတ်အမူအရာတွေက အေးအေးဆေးဆေးနဲ့ မိမိကိုယ်မိမိယုံယုံကြည်ကြည်ရှိနေတဲ့ပုံတွေ ထွက်နေမယ်ဆိုတာမလွဲပါဘူး။ သူတို့ကို ဆက်ဆံမေးမြန်းပြောဆိုရာမှာလည်း ထိုက်သင့်တဲ့ လေးစားသမှုနဲ့ ချေချေငံငံဖြစ်ပေမယ်လို့ တန်းတူဆက်ဆံခဲ့တာသာ ဖြစ်ပါတယ်။ ခယရိုကျိုးတဲ့ပုံစံတွေ မပြဖြစ်ခဲ့တာလည်း သေချာပါတယ်။

ကျွန်တော့်စာအောက်မှာ ထိုင်းရဲတွေက မြန်မာရွှေ့ပြောင်းလုပ်သားတွေအပေါ် ဘယ်လိုမကောင်းတဲ့အကြောင်းတွေ မှတ်ချက်လာပေးတဲ့အခါ ကျွန်တော်လက်ခံပါတယ်။ ဒါပေမယ့် အခြေအနေချင်းမတူတာကို နှိုင်းယှဉ်ပြတဲ့အခါ ကျွန်တော်လည်း ဘာမှမတတ်နိုင်ပါဘူး။ အထက်မှာ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ထိုင်းရဲကိုအသာထား၊ ကိုယ့်မြန်မာရဲဆိုရင်တောင်မှ ကိုယ့်ရဲ့ရပ်တည်မှုအခြေအနေပေါ် မူတည်ပြီးသူတို့ရဲ့ ဆက်ဆံပုံဟာအမျိုးစုံပြောင်းလဲနိုင်တဲ့ သဘာဝမျိုးရှိနေမှာမလွဲပါဘူး။ ရဲတင်မဟုတ်ပါဘူး၊ ကိုယ်ကိုယ်တိုင်ရောလူတွေရဲ့ မျက်နှာထား၊ အဆင်အပြင်၊ အဝတ်အစား၊ ပြောပုံဆိုလက်စတာတွေကြောင့် အဲဒီလူတွေအပေါ်မှာကိုယ့်ရဲ့ ဆက်ဆံပုံတွေ၊ ပြောပုံဆိုလက်တွေ မပြောင်းလဲခဲ့ဘဲ အားလုံးကိုတစ်သမတ်တည်း၊ တစ်ချိုးတည်း ဆက်ဆံခဲ့ဖူးလို့လား။ မရှိခိုးနိုးမလှစုန်းရိုးဆိုတာမျိုးတွေ စိတ်ထဲမှာအနည်းအပါးလေးတောင်မဖြစ်ခဲ့ ဖူးတဲ့သူများရှိလို့လား။

### မူနဲ့လူ

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ မြန်မာရဲတွေလည်း သည်ငါးနှစ်ကျော်ကာလအတွင်းမှာ အများကြီး ပြောင်းလဲလာခဲ့ပြီဆိုတာကိုတော့ လွန်ခဲ့တဲ့ ဇန်နဝါရီ ၃ရက် ရက်စွဲနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာတင် တအားကို ထင်ရှားနေခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက် တတိယပိုဒ်မှာ" နိုင်ငံတော်အစိုးရ၏ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အင်အားကိုအသုံးပြုရာတွင် အချိုးအစားညီမျှမှု(Proportionality)၊ ဥပဒေနှင့်ညီညွတ်မှု(Legality)၊ တာဝန်ခံမှု (Accountability)၊ လိုအပ်ချက်ရှိမှု (Necessity)စသော နိုင်ငံတကာစံနှုန်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း ဖော်ပြပါရှိခဲ့ပါတယ်။ အဲဒီစာသားတွေကို ပထမဆုံးအကြိမ် ဖတ်လိုက်ရတာဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံကရဲတွေ အင်အားသုံးခြင်းနဲ့ ပတ်သက်တဲ့ တရားဝင်အခြေခံလမ်းညွှန်မှုဖြစ်ပါလိမ့်မယ်။ အရင်ကဒါမျိုးတွေ တစ်ခါမှ မဖတ်ခဲ့ရဖူးပါဘူး။ ကြားလည်းမကြားဖူးခဲ့ဘူး။ အခုကျတော့ စာနဲ့ပေနဲ့ တရားဝင်ထုတ်ပြန်လာပါပြီ။ ဒါဟာပြောင်းလဲမှု၊ တိုးတက်မှုပဲ ဖြစ်ပါတယ်။

အဖွဲ့အစည်းရဲ့ အခြေခံမူပိုင်းနဲ့ ပတ်သက်လို့ အဲဒီလိုပြောင်းလဲ တိုးတက်လာခဲ့ပြီဖြစ်ပေမယ့် ဆိုခဲ့တဲ့အတိုင်း မတစ်ရာသားများနဲ့ ဖွဲ့စည်းထားကြရတဲ့ အဖွဲ့အစည်းများ ဖြစ်တာနဲ့အညီ အကောင်အထည်ဖော်မှုပိုင်းမှာတော့ လစ်ကွက်ဟာကွက်တွေ ရှိနေဦးမှာလည်း ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်ပါဘူး။ ကျွန်တော်တို့လိုအာရှနိုင်ငံတွေကရဲတွေ အသာထားဦး၊ အမေရိကန် ကရဲတွေ လက်လွန်ကုန်လို့ ဟိုးလေးတကြော်ဖြစ်ရတဲ့ အမှုတွေမနည်းပါဘူး။ လေ့လာချက်တစ်ခုမှာဆိုရင် ၂၀၁၂ ခုနှစ် တစ်နှစ်တည်းမှာတင် အမေရိကန်ရဲများရဲ့အင်အားမတရားသုံးမှု၊ ဒါမှမဟုတ်ရင်လည်း ဒေါသကြောင့်ဖြစ်စေ၊ အစိုးရိမ်လွန်လို့ဖြစ်စေ မထိန်းနိုင် မသိမ်းနိုင်ဖြစ်သွားရတာကြောင့် လူပေါင်း ငါးသောင်းငါးထောင့်လေးရာဟာ သေကျေဒဏ်ရာရခဲ့တယ်လို့ တွေ့ရှိခဲ့ရပါတယ်။ (ရည်ညွှန်း - http://www.rt.com/usa/353501-report-us-police-killings/)သည်ထဲမှာမှ ၂၀၁၆ ခုနှစ်ထဲမှာ အမေရိကန်ရဲတွေဟာ လူမည်း ၂၈၉ ယောက်ကိုသတ်ဖြတ်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာတော့ လူမည်း ၃၄၆ ယောက်ကို သတ်ဖြတ်ခဲ့တယ်ဆိုတာတွေလည်းရှိပါတယ်။ (http://mappingpolic-eviolence.org/)

### ပြောချင်တာကတော့. . .

ရဲလိုအဖွဲ့အစည်းတစ်ခုပဲဖြစ်ဖြစ်၊ တခြားအဖွဲ့အစည်းတစ်ခုမှာဖြစ်ဖြစ် အခြေခံမူပိုင်း ဘယ်လောက်တောင့်တင်းခိုင်မာနေနေ လူတွေနဲ့ ဖွဲ့စည်းထားတာမို့ အကောင်အထည်ဖော်မှုအပိုင်းမှာ အားနည်းချွတ်ချော်မှုတွေ ရှိနေတတ်စမြဲဆိုတဲ့အချက်၊ အဲဒီအားနည်းချွတ်ချော်မှုတွေကို အခုကာလလို သတင်းအချက်အလက်နည်းပညာတစ်ဟုန်ထိုး တိုးတက်နေချိန်မှာ အချိန်နဲ့ တစ်ပြေးညီဖော်ထုတ်နိုင်ပြီမို့ ဆိုင်ရာဆိုင်ရာတွေအနေနဲ့ လိုအပ်တာတွေကိုချိန်ညှိပြင်ဆင်ဖို့ အခွင့်သာနေပြီဆိုတဲ့ နောက်တစ်ချက်၊ ဘယ်အဖွဲ့အစည်းမှာဖြစ်ဖြစ် သူနဲ့ဆက်ဆံရတဲ့ တစ်ဖက်သားရဲ့ရပ်တည်မှု (အမေရိကန်ရဲတွေဆိုရင် လူဖြူ၊ လူမည်းဖြစ်မှု) အပေါ် မူတည်ပြီး ဆက်ဆံပုံပြောင်းလဲတတ်တဲ့ သဘာဝ စတာတွေကို သတိမမေ့သင့်တဲ့ အကြောင်းတို့ပါပဲ။

ပြောင်းလဲတိုးတက်မှုဆိုတာရှောင်လွှဲမရ ဒုလ္လဘပါ။ ကျွန်တော်တို့ဆီမှာလည်းပြောင်းလဲတိုးတက်မှုတွေ ဖြစ်ပေါ်နေတာကိုအသိအမှတ်ပြုဖို့၊ အားပေးဖို့၊ ထွေးပွေ့ဖို့လိုမယ်လို့ ထင်ပါတယ်။ တစ်ဖက်ကလည်း မူပိုင်းမှာပြောင်းလာသည့်တိုင် လူတချို့က ဒယဉ်တိုက်လိုက်ပြီး ကျန်ရစ်နေဆဲဖြစ်တာကိုလည်း မူဝါဒချမှတ်သူတွေ သိမြင်လာအောင် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ တာဝန်ရှိတယ်လို့ မြင်မိပါတယ်။ တစ်ဟုန်ထိုးတိုးတက်နေတဲ့ သတင်းအချက်အလက်နည်းပညာက သည်အတွက်အများကြီး ထောက်ကူပံ့ပိုးပေးလို့နေပါတယ်။ အဲဒီနည်းပညာကို သုံးစွဲပြီး လူအများပြောဆိုဝေဖန် ထောက်ပြရဲလာအောင် မူဝါဒချမှတ်သူတွေဘက်က ပံ့ပိုးပေးဖို့တစ်ခုကလည်း လွန်စွာအရေးကြီးလှတဲ့အကြောင်း မရဲတရဲပြောကြည့်လိုက်ချင်ပါတယ်။

အားလုံးအတွက် တွေးဆဆင်ခြင်ကြည့်စရာ တစ်စုံတစ်ရာရသွားမယ်လို့ မျှော်လင့်လျက်ပါခင်ဗျား။ ။

---

# ကလေးစာပေပွဲတော်(မန္တလေး) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းဆပ်ကော်မတီ(၉)ရပ် ဖွဲ့စည်းဆောင်ရွက်သွားမည်

**မန္တလေး ဇန်နဝါရီ ၅**

ကလေးစာပေပွဲတော်(မန္တလေး)အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေပွဲတော်(မန္တလေး) ကျင်းပမည့် အစီအစဉ်များနှင့် ပတ်သက်၍ နေ့အလိုက်၊ နေရာအလိုက်အသေးစိတ် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလားတူ ညနေပိုင်းတွင် အနုပညာရှင်များ၊ စာပေပညာရှင်များတွေ့ဆုံပွဲကို မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ၎င်းတို့၏အမြင်များကို တင်ပြဆွေးနွေးခဲ့ကြကာ ကလေးစာပေပွဲတော်(မန္တလေး) အောင်မြင်စွာ ကျင်းပနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ကလေးစာပေပွဲတော်(မန္တလေး)ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်ထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ မင်္ဂလာမန္တလေးအနီးရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(MIIT)၌ ကျင်းပသွားမည် ဖြစ်သည်။ ပွဲတော်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ (၉)ရပ်ဖွဲ့စည်းကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ကလေးစာပေပွဲတော်သို့ မည်သူမဆို လွတ်လပ်စွာ လာရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ သန်းဇော်မင်း(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသအား ခရီးသွားဒေသသစ်တစ်ခုအဖြစ် တိုးချဲ့ဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၆**

၂၀၁၇ ခုနှစ်၏ ခြောက်လတာ ကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသအား ခရီးသွားဒေသသစ်တစ်ခုအဖြစ် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးတင့်သွင်က "ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ခရီးစဉ်ဒေသသစ်တွေကို ဖော်ထုတ်ဆောင်ရွက်နေပါတယ်။ ဒီအပေါ်မှာ အလားအလာအကောင်းဆုံးအဖြစ် မြိတ်ကျွန်းစုဒေသကို ရွေးချယ်ဆောင်ရွက်သွားမှာပါ။ ဒီမြိတ်ကျွန်းစုဒေသကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေနဲ့ ပြည်တွင်းခရီးသွားတွေအပါအဝင် ဒေသခံတွေရဲ့ စကားသံတွေကို လေ့လာကြည့်တဲ့အခါမှာ ဖြစ်နိုင်ခြေအများဆုံး ရှိတယ်ဆိုတာလည်း တွေ့ရပါတယ်။ ဒီဒေသကို ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်ဖို့အတွက် ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီဒေသမှာရှိတဲ့ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေအပါအဝင် ဒေသခံပြည်သူများ ပူးပေါင်းပြီး လေ့လာခဲ့တဲ့အပေါ်မှာ ဒီဒေသကို ခရီးသွားဒေသစ်တစ်ခုအဖြစ် တိုးချဲ့ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ကြတာပါ။ ယခုနှစ် ဇန်နဝါရီလမှာလည်း စင်ကာပူနိုင်ငံမှာ ကျင်းပမယ့် ASEAN Toursim Forum မှာ နိုင်ငံတကာက ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးတွေ တက်ရောက်ကြပါလိမ့်မယ်။ အဲဒီပွဲမှာ မြန်မာနိုင်ငံအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးရဲ့ ဆွဲဆောင်မှုရှိတဲ့ ခရီးစဉ်သစ်တွေကို ပြသသွားဖို့ရှိပါတယ်။ မြိတ်ကျွန်းစုဒေသကို ထင်ရှားတဲ့ ခရီးစဉ်ဒေသတစ်ခုအဖြစ် အဏ္ဏဝါပြကွက်များ၊ သန္တာကျောက်တန်းများ၊ လှပတဲ့ကျွန်းကြီးကျွန်းငယ်များ၊ ရေအောက်ပြကွက်များအပါအဝင် အဏ္ဏဝါဗေဒနဲ့ မရိန်း Toursim များ စိတ်ဝင်စားတဲ့ ပြကွက်တွေကို ပြသသွားဖို့ ရှိပါတယ်"ဟု ပြောသည်။



တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစု၏ သာယာလှပသည့်ရှုခင်းတစ်နေရာအား တွေ့ရစဉ်။

လက်ရှိအနေအထားအရ တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များပါဝင်သော အဖွဲ့ဝင် ၂၃ ဦးပါဝင်သည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာနောက်ဆုံးပတ်က အသစ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းကော်မတီအနေဖြင့် ဇန်နဝါရီ ၅ ရက်တွင် ရန်ကုန်မြို့၌ အစည်းအဝေးတစ်ရပ်ကျင်းပကာ လုပ်ငန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဦးမြင့်မောင်က "တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ခရိုင်သုံးခုရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဒေသဖွံ့ဖြိုးဖို့အတွက် ခရီးသွားလုပ်ငန်းက အဓိကကျနေတာကိုလည်း တွေ့ရပါတယ်။ မြိတ်ကျွန်းစု ဒေသမှာဆိုရင် နိုင်ငံခြားသားခရီးသွားဧည့်သည် အများကြီးဝင်ရောက်လာကြပါလိမ့်မယ်။ ဒီအပေါ်မှာ ကျွန်းစုဒေသတွေရဲ့ ရေပေါ်၊ ရေအောက်သဘာဝအလှပြကွက်တွေကို ပြသရမှာပါ။ ခရီးသွားလုပ်ငန်းရေရှည်ဖို့အတွက် ခရီးသွားတွေရောက်ရှိသွားလာမယ့်နေရာဒေသတွေမှာ သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုတွေကိုလုပ်သွားဖို့ အရေးကြီးပါတယ်။ ဒါမှ ခရီးသွားလုပ်ငန်းက ရေရှည်မှာဖြစ်ပြီး လုပ်ငန်းတွင်ကျယ်လာသလို ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကလည်း များပြားလာ စေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေဖို့ကို အဓိက ဦးစားပေးဆောင်ရွက်သွားမှာပါ၊ အသစ်ဖွဲ့စည်းထားတဲ့ ကော်မတီကလည်း ငွေကြေးတောင့်တင်းတဲ့ လုပ်ငန်းရှင်တွေ၊ ခရီးသွားလုပ်ငန်းအတွေ့အကြုံများတဲ့ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေပါဝင်တော့ ရေရှည်မှာ ဒေသဖွံ့ဖြိုးလာတာနဲ့အညီ ဒေသခံပြည်သူတွေအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းတွေများပြားလာမယ်လို့ယုံကြည်ပါတယ်"ဟု ပြောသည်။

**(စိုးဝင်း-MLA)**



&xm;&wyfUrSf(12) wyf oCefuleftwyfrS'kd&rS oef0ifonf Zef0&D uferuf oCefulef&xm;&pcef ppf&;jyuif wyfzUf tm; rtifu qif a&;? rl, pfq;0g; wm;qD; if a&;ES vykef epf qm ifufrm; wf;S qm if uf a&;wkd;Sf vif ajym um;p0f
၁၁၈

# (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနား ပဲခူးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ပဲခူး ဇန်နဝါရီ ၆**

ပဲခူးမြို့ ရွှေမော်ဓောဘုရားခြေတော်ရင်းရှိ ယာဉ်ရပ်နားဝင်းတွင် ဇန်နဝါရီ ၄ ရက် နံနက် ၇နာရီက (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**(၅၀၇)**

# ကနေဒီတောင်တန်းဒေသ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်

**တီးတိန် ဇန်နဝါရီ ၆**

ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားသောစစ်မြေပြင် ချင်းပြည်နယ် တီးတိန်မြို့နယ် လေသာတောင်(ခေါ်) ကနေဒီတောင်တန်းဒေသအား သဘာဝအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် လေ့လာနိုင်သော သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ပါဝင်သတ်မှတ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ပင်လယ်ပြင်အမြင့် ၈၈၇၁ ပေခန့်တွင်တည်ရှိပြီး စတုရန်းမိုင် ၄၁ မိုင်ခန့်ကျယ်ဝန်းသည့် ကနေဒီတောင်တန်းဒေသသို့ လာရောက်ကြသော ပြည်တွင်းပြည်ပမှ သဘာဝအခြေခံခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ယင်းသို့ လာရောက်လည်ပတ်ကြသူများ တိုးတက်များပြားလာခဲ့၍ နိုင်ငံခြားခရီးသွား ဧည့်သည်များ တည်းခိုနေထိုင်ရန် အခက်အခဲတွေ့လာခဲ့ရာ အဆိုပါအခက်အခဲအား လတ်တလောဖြေရှင်းနိုင်ရေး သိုင်းငင်းကျေးရွာ၌ ခရီးသွားဧည့်သည်များ တည်းခိုနိုင်ရန်ဆောက်လုပ်ထားသည့် တည်းခိုရိပ်သာခြောက်လုံးရှိနေပြီး တီးတိန်မြို့နယ် ခေါ်ဆပ်ကျေးရွာအုပ်စု သိုင်းငင်းမှ အာလွယ်ကျေးရွာအကြား ကလေး-တီးတိန် ကားလမ်းတောင်ကြောတစ်လျှောက် ကုန်းမြင့်မြက်ခင်းလွင်ပြင်ဒေသတွင် သင့်တော်ကောင်းမွန်သော မြေကွက်စုစုပေါင်း အကျယ်အဝန်း ၂၂၅ ဧကကို သိုင်းငင်းဟိုတယ်ဇုန်တည်ထောင်ရန်အတွက် မြေနေရာတွေ့ရှိခဲ့ကြောင်းလည်း သိရသည်။

"အခုသိုင်းငင်းဟိုတယ်ဇုန်အတွက် လျာထားမြေနေရာဟာဆိုရင် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ တောရိုင်းမြေဖြစ်တယ်လို့ သိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ကနေ မိုင် ၃၀ လောက်သာကွာဝေးပြီး အခုလိုမျိုး တီးတိန်မြို့နယ် ကနေဒီတောင်တန်း ပတ်ဝန်းကျင်ဒေသ၌ သဘာဝအခြေခံဟိုတယ်နဲ့ အပန်းဖြေစခန်းတွေ တည်ဆောက်ပေးမယ်ဆိုရင် ခရီးသွားလုပ်ငန်းတွေ တိုးတက်မယ်။ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းတွေရရှိမယ်။ ဆင်းရဲမှုလျှော့ချရေးအတွက်လည်း အလွန်အကျိုးရရှိစေမယ်။ ထို့ပြင်အဲဒီတောင်တန်းဒေသရဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ ကာကွယ်ထိန်းသိမ်းရေးအတွက် အကျိုးသက်ရောက်စေပြီး ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သစ်တောပြုန်းတီးမှုအန္တရာယ်ကလည်း လျှော့ချနိုင်မှာဖြစ်တယ်"ဟု ကနေဒီတောင်ခြေ ဆိုဇန်ကျေးရွာရှိ ဈေးသည်နှင့် တောင်ယာလုပ်ငန်း လုပ်ကိုင်သူ ဒေသခံ ဦးစိန်လျှန်းက ပြောသည်။

ယင်းနည်းတူ ချင်းပြည်နယ်အနေဖြင့် လက်ရှိအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို တီးတိန်မြို့နယ် လိုင်လိုးကျေးရွာမှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၏ ပြောကြားချက်အရ သိရသည်။

**ဇိုဟေဆာ**

❑




# အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုနှင့် သေဆုံးသူများ၏ကျန်ရစ်သူများအား အကျိုးခံစားခွင့်ပေးအပ်

**ရေနံချောင်း ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်သည် အလုပ်ခွင်ထိခိုက်မှု၊ သေဆုံးရမှုများအတွက် ရေနံချောင်း၊ ချောက်၊ ပခုက္ကူမြို့နယ်တို့မှ လူမှုဖူလုံရေးရုံးခွဲများတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားသုံးဦး၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုနှင့် သေဆုံးမှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက ရေနံချောင်းမြို့ ထွေ/အုပ်ချုပ်ရေးရုံးခန်းမ၌ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်ကာ မိသားစုဝင်များအား လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်အနေဖြင့် ကျပ်သိန်းပေါင်း ၂၃၀ ကျော် ပေးအပ်ခဲ့သည်။

အကျိုးခံစားခွင့်ရသူရှိသူများအနက်မှ ရေနံချောင်းမြို့နယ် ၃၆ ရွာနေ အမြဲတမ်း မသန်စွမ်းဖြစ်သွားသည့် ဦးမောင်ဝင်းနေအိမ်သို့ ဝန်ကြီးနှင့်အတူ ရေနံချောင်းမြို့နယ် ပြည်သူ့ကိုယ်စားလှယ်များ၊ လူမှုဖူလုံရေးညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရေနံချောင်း ရေနံမြေတာဝန်ရှိသူများနှင့် အဖွဲ့ချုပ် အဖွဲ့ဝင်များ သွားရောက်ကာအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ဥပဒေပညာဌာနမှ ကျောင်းသား၊ ကျောင်းသူများ ပြည်နယ်တရားလွှတ်တော်သို့ လာရောက်လေ့လာ

**စစ်တွေ ဇန်နဝါရီ ၆**
ရခိုင်ပြည်နယ် တရားလွှတ်တော်သို့ လာရောက်လေ့လာသည့် စစ်တွေတက္ကသိုလ် ဥပဒေပညာဌာနမှ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးတို့ကို ရခိုင်ပြည်နယ်တရားသူကြီးချုပ်က ကြိုဆိုနှုတ်ဆက်ရှင်းလင်းသည့်အခမ်းအနားကို ရခိုင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ပြည်နယ်တရားသူကြီးချုပ် ဦးကျောက်က ပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးဆိုင်ရာများကို ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လေ့လာရေးလာရောက်သည့် ကျောင်းသား၊ ကျောင်းသူများသည် ပြည်နယ်တရားလွှတ်တော်တွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီး တစ်ဦး၏ ရုံးထိုင်ကြားနာသော တရားခွင်ကိုလေ့လာပြီး စစ်တွေခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးများ၏ အမှုစစ်ဆေးနေသည့် တရားခွင်နှင့် စစ်တွေမြို့နယ်တရားရုံး မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီး၊ ဒုတိယမြို့နယ်တရားသူကြီးတို့၏ အမှုစစ်ဆေး တရားခွင်ကို လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်တရားလွှတ်တော်မှ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ခရိုင်/မြို့နယ် တရားသူကြီးများ၊ လေ့လာရေးလာရောက်သည့် စစ်တွေတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပွဲနှင့် ပုံပြောပြိုင်ပွဲ ပြုလုပ်

**ရေဦး ဇန်နဝါရီ ၆**
ရေဦးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆင့်ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်စာနယ်ဇင်းအဖွဲ့ဝင် ဦးကျော်ညွန့်၊ ကဗျာဆရာနေသစ်၊ မျိုးနေနွယ်တို့က ဆုများချီးမြှင့်ပေးခဲ့သည်။

ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်သူ့စာကြည့်တိုက် စာကြည့်တိုက်မှူး ဦးမောင်မောင်၊ စာရေးဆရာမ ရွှေရင်နှစ်၊ ရေဦးမဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆောင်တို့ကလည်းကောင်း၊ စစ်ကိုင်းခရိုင်ပြန်/ဆက်ဦးစီးမှူး (ငြိမ်း) ဦးမြင့်သိန်းက ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူကလေးများအတွက် တစ်ဦးလျှင် ဗလာစာအုပ်သုံးအုပ်စီ ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# သစ်ခွပန်းပင်များ စိတ်ဝင်တစားဝယ်ယူမှုများလာသည့်အတွက် အရောင်းဆိုင်များ တိုးပွားလာ



**မန္တလေး ဇန်နဝါရီ ၆**
မြို့ပြဒေသနှင့် ကျေးလက်များတွင် မြေနေရာများစွာမပေးရသော အလှပန်းအိုးကလေးများကို ဝယ်ယူအလှဆင်ကြသည်။ မြို့ပြများတွင် တိုက်ခန်းပေါက်တွင် နှင်းဆီပန်းအိုးများနှင့်အတူ သစ်ခွပန်းပင်များကို ချိတ်ဆွဲစိုက်ပျိုးလာကြသည်။ လက်ရှိကာလတွင် သစ်ခွပန်းအိုးမျိုးစုံကို မိုဘိုင်းစနစ်ဖြင့် တိုက်ရိုက်တင်ပို့ရောင်းချခြင်း၊ တစ်ပိုင်တစ်နိုင် စာအုပ်၊ ဂျာနယ်များနှင့်အတူ တွဲဖက်ရောင်းချလာသည့်အတွက် ဝယ်ယူမှုများပြားလာခဲ့သည်။ သစ်ခွပန်းဝယ်ယူမှုများပြားလာခြင်းနှင့်အတူ မန္တလေးမြို့နေရာအနှံ့တွင် သစ်ခွပန်းပင်ရောင်းချသူများ တိုးပွားလာသည်။

သစ်ခွပန်းမျိုးစုံရှိသည့်အထဲတွင် အနံ့မွှေးသည့် သစ်ခွပန်းများကို စိတ်ဝင်တစားဝယ်ယူလာကြသည်။ တစ်နေ့လျှင် ရေတစ်ခါလောင်းရုံဖြင့် လှပစိမ်းလန်းသည့် ပန်းအလှပင်ကလေးများကို မြင်တွေ့ခွင့်ရသောအပင်ဖြစ်သည်။

သစ်ခွပန်းပင်မျိုးစုံကို ပြည်ပမှတင်သွင်းကာ ပျိုးပင်ရောင်းဝယ်သူများထံ တိုက်ရိုက်တင်ပို့ပေးသည့်အတွက် ရောင်းချသူ များပြားလာခဲ့သည်။ သစ်ခွပျိုးပင်ရောင်းချသူအများစုမှာ လူကြိုက်များသည့် ဒန်ဒိုဗီယာ၊ မိုကာလ၊ ဖန်စီ၊ ကတ်ကတီးယား၊ ဘန်ဒါဆိုသော သစ်ခွပျိုးပင်များကို အများဆုံး ရောင်းချကြသည်။

ဖန်စီဟုခေါ်သောသစ်ခွတွင် လှပသော အဝါရောင်ကလေးများပွင့်ပြီး စိတ်ဝင်စားကြသည်။ အရောင်မျိုးစုံရှိသော သစ်ခွများတွင် အိမ်တွင်ချိတ်ဆွဲရန် ခရမ်းစပေါ့ပြောက်သစ်ခွအရောင်များကို ရွေးချယ်မှုများကြသည်။ လက်ရှိကာလတွင် ထူးခြားစွာ အနံ့သင်းသင်းလေးမွှေးသော ကတ်ကတီးယား သစ်ခွပင်ကို ပိုမိုစိတ်ဝင်စားကြသည်။ အချို့မှာ သစ်ခွပန်းကို ရေမွှေးတို့ကာ ရောင်းချသည်ဟု ထင်တတ်ကြသည်။ လက်ရှိကာလတွင် အနံ့အနည်းငယ်မွှေးသော ကတ်ကတီးယားသစ်ခွပန်းပင်ကို ဝယ်ယူသူများကပင် လက်တွေ့အနံ့မွှေးကြောင်းကို သိရှိပြီး ဝယ်ယူလာကြသည်။

လှပသောသစ်ခွပန်းအိုးများကို အလွယ်တကူ ချိတ်ဆွဲနိုင်ရန် ကြေးနန်းကြိုးကလေးများဖြင့် သေသပ်ကျနစွာ ပြုလုပ်ပေးထားသည်။ ဒန်ဒိုဗီယာကို ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ ကျပ်၊ မိုကာလာ အရောင်သစ်ခွကို ငွေကျပ် ၆၀၀၀ မှ ၆၅၀၀ ကျပ်၊ အနံ့မွှေးသော ကတ်ကတီးယားသစ်ခွကို ငွေကျပ် ၈၅၀၀ မှ ၁၀၀၀၀ အထိ အပင်ပေါ်မူတည်ကာ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြသည်။ လက်ရှိကာလတွင် အနံ့မွှေးသောသစ်ခွပန်းနှင့် ခရမ်းစပေါ့သစ်ခွပန်းအိုးများကို ဝယ်ယူချိတ်ဆွဲမှုများလျက်ရှိကြောင်း သိရသည်။ **နွေနဒီ၊မြစ်ငယ်**

## တန့်ဆည်–ပုတီး–ညောင်ကိုင်းလမ်း ကတ္တရာခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**တန့်ဆည် ဇန်နဝါရီ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော တန့်ဆည်-ပုတီး-ညောင်ကိုင်းလမ်း ကတ္တရာခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၅ ရက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် တန့်ဆည်-ပုတီး-ညောင်ကိုင်းလမ်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ ဒသမ ၀၈ သန်းဖြင့် ကျော်လမင်းကုမ္ပဏီက ၁ မိုင် ၄ ဖာလုံ ကတ္တရာလမ်းခင်းနေမှုကိုလည်းကောင်း၊ ၎င်းလမ်းပေါ်ရှိ စိန်ချောင်းတံတားကို ခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၄၁ သန်းဖြင့် တန့်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှည် ပေ ၂၀၊ အကျယ် ၁၅ ပေ သစ်သားတံတား တည်ဆောက်နေမှုကိုလည်းကောင်း စစ်ဆေးခဲ့ပြီး အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်ကာလအတွင်းပြီးစီးရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**စစ်ကိုင်း ဇန်နဝါရီ ၆**
၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စစ်ကိုင်းမြို့နယ် တလိုင်းကျွန်းကျေးရွာ၊ ညောင်ပင်ရှည်ကျေးရွာနှင့် ထန်းဖူးတောကျေးရွာများသို့ စစ်ကိုင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့များသည် ကျေးရွာအတွင်းရှိ မြစိမ်းရောင်အသင်းသားများနှင့် တွေ့ဆုံ၍ ငွေစာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အမှန်တကယ်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာပေါင်း ၁၁ ရွာရှိပါတယ်။ ဒီကျေးရွာမှာရှိတဲ့ မြစိမ်းရောင်အသင်းသားတွေရဲ့ ငွေချေးယူမှု အခြေအနေတွေ၊ အမှန်လုပ်ငန်းဆောင်ရွက်မှု အခြေအနေတွေ၊ လုပ်ထုံးလုပ်နည်းဥပဒေတွေနဲ့အညီ ဆောင်ရွက်ထားရှိနိုင်အောင် စဉ်ဆက်မပြတ်ကွင်းဆင်းဆွေးနွေး ဆောင်ရွက်ပေးပါတယ်။ ကျန်ရှိတဲ့ကျေးရွာတွေကိုလည်း ဆက်လက်ကွင်းဆင်းသွားမှာပါ"ဟု မြို့နယ်ဦးစီးမှူး ဒေါ်အေးမွန်ထက်က ပြောသည်။

**ဇော်မြင့်နိုင်**

## ချောက်မြို့နယ်၌ မြန်မာ့ရိုးရာခြင်းအလှခတ် သရုပ်ပြ

**ချောက် ဇန်နဝါရီ ၆**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကာ မြသရဖူအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏ကူညီထောက်ပံ့မှုဖြင့် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာခြင်းအလှခတ်သရုပ်ပြခြင်းကို မြသရဖူကားဂိတ်ရှေ့၌ ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ခြင်းအလှခတ်သရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာခြင်းအလှခတ်ခြင်းသရုပ်ပြပွဲတွင် အဖွဲ့ခြောက်ဖွဲ့ပါဝင်ပြီး ချောက်မြို့နယ် မြန်မာအလှခြင်းအဖွဲ့များဖြစ်သော ဦးသန်းထွန်းအဖွဲ့၊ ကိုအောင်ကျော်မြင့်အဖွဲ့၊ သိဟမန်ဆိပ်ဖြူမြို့အဖွဲ့၊ ရေနံချောင်းမြို့နယ်အဖွဲ့၊ ဆီးဂိမ်းမှ လက်ရွေးစင် ကိုတင်ဝေထွန်း၊ မန္တလေးတိုင်းလက်ရွေးစင်ဖြစ်သော ရွှေစတားညီနောင်သုံးဖော်တို့ပါဝင်ကာ ခြင်းအလှခတ်သရုပ်ပြခြင်းကို ပွဲစဉ်ခြောက်ခုဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ မြန်မာ့ရိုးရာ ခြင်းအလှခတ်ကစားခြင်းကို ပြည်သူအများကြည့်ရှုခွင့်ရရှိပြီး ရိုးရာအမွေအနှစ်အားကစားမပျောက်ပျက်စေရန်ရည်ရွယ်ကာ ကျင်းပပေးခြင်းဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းအသစ် မိတ်ဆက်ပွဲကျင်းပ

**ကလေး ဇန်နဝါရီ ၆**
ပထမပုဂ္ဂလိကဘဏ်လီမိတက် ဘဏ်ခွဲ (၁၈) ကလေးမြို့မှ ဘဏ်၏မိတ်ဆွေများ၊ အစုရှယ်ယာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များကို ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဝန်ဆောင်မှုလုပ်ငန်းအသစ်ဖြစ်သည့် My Kyat (မိုဘိုင်း)ဝန်ဆောင်မှုလုပ်ငန်းအသစ်မိတ်ဆက်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက အဆိုပါဘဏ်ခွဲ (၁၈)အဆောက်အအုံတွင် ကျင်းပခဲ့သည်။

အဆိုပါ My Kyat (မိုဘိုင်း) လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ဝန်ထမ်းများလစာပေးခြင်း၊ ဘေလ်ပေးဆောင်ခြင်း၊ ကားနှင့် လေယာဉ်လက်မှတ်များဝယ်ယူခြင်း၊ အမြန်ချောပို့ဝန်ဆောင်ခြင်း၊ မိုဘိုင်းဖုန်းငွေဖြည့်ခြင်း၊ ဘဏ်စာရင်းမရှိဘဲ ငွေလွှဲခြင်း၊ ဈေးဝယ်ခြင်းစသည့်လုပ်ငန်း ကိုးမျိုးတို့ကို ဇန်နဝါရီ ၅ ရက်မှ စတင်ဆောင်ရွက်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ငါ့သရောက်မြို့ရောက်သူတိုင်း စက်စွမ်းအားဖြင့်လည်ပတ်သော ရိုးရာသစ်သား ဆီကြိတ်ဆုံကို လေ့လာမှတ်တမ်းယူမှုများပြား

**ငါ့သရောက် ဇန်နဝါရီ ၆**
ပုဂံညောင်ဦးဘက်သို့ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များသည် ငါ့သရောက်သို့လာရောက်ပြီး ရိုးရာအိုးလုပ်ငန်း၊ သစ်သားဆီကြိတ်ဆုံဖြင့် ဆီကြိတ်ခြင်း၊ ပုန်းရည်ကြီးလုပ်ငန်းများကို လာရောက်လေ့လာ မှတ်တမ်းယူလေ့ရှိသည်။ ငါ့သရောက်မြို့ရောက် ပြည်တွင်းဧည့်သည်များလည်း ရိုးရာသစ်သားဆီကြိတ်ဆုံများကို လေ့လာကြသည်။ ငါ့သရောက်ရှိ ရိုးရာဆီကြိတ်ဆုံများကို စက်စွမ်းအားဖြင့်လည်ပတ်လာကြသည်။ အဆိုပါ သစ်သားဆီကြိတ်ဆုံသည် မြေပဲဆန်ငါးပြည်ဝင်ဆံ့သည့် ကြိတ်ဆုံများဖြစ်ပြီး မြေပဲငါးပြည်ကြိတ်ပါက မြေပဲဆီ နှစ်ပိဿာ ငါးဆယ်သားခန့်ထွက်ရှိသည်။

ဆီဆုံတစ်ဆုံကြိတ်ပါက အချိန်နှစ်နာရီခန့်ကြာသည်။ စတင်ကြိတ်ခါစတွင် ရေနွေးဖြင့်လုပ်ထားသော အောက်ရေကို ပေးရသည်။ ထို့နောက် အပေါ်ရေလိုက်ပေးရသည်။ ရေလိုက်ကာ ကြိတ်ရင်းဖြင့် ဆီစတင်ပေါ်လာသည်။ ဆီစတင်ပေါ်လာပါက ထိုဆီကို အပြန်ပြန်အလှန်လှန် ထပ်ကြိတ်ရသည်။ အပြန်အလှန်ထပ်ကြိတ်ပါများလာပါက ကျန်းမာရေးနှင့်ညီညွတ်သော ပဲဆီသန့်ကိုရရှိသည်။

မြေပဲငါးပြည်ဆံ့တစ်ဆုံကြိတ်ပါက ဆီနှစ်ပိဿာငါးဆယ်ကျပ်သားခန့်ရရှိသည်။သစ်သားဆီကြိတ်ဆုံများမှာ မြန်မာ့နည်းမြန်မာ့ဟန် ရှေးအစဉ်အလာကြိတ်ဆုံဖြစ်ပြီး အရောအနှောကင်းသည့်အတွက် မှာယူသုံးစွဲသူ များပြားလျက်ရှိသည်။သစ်သားဆီကြိတ်ဆုံမှထွက်သော ပဲဆီသန့်များမှာ ပျစ်ခွဲကာ အနံ့မွှေးပျံ့နေသည့်အတွက် ပိုမိုကြိုက်နှစ်သက်ကြသည်။ ယခုအခါ သစ်သားဆီကြိတ်ဆုံများဖြင့် မြေပဲဆီသန့်ကြိတ်ခြင်းလုပ်ငန်းကို ငါ့သရောက်တွင် ပြုလုပ်လျက်ရှိသည်။ နိုင်ငံတကာခရီးသွားများသာမက ပြည်တွင်းဘုရားဖူးများပါ လာရောက်လေ့လာမှုများလာသည်။ ကျန်းမာရေးနှင့်ညီညွတ်သော သစ်သားဆီကြိတ်ဆုံထွက် အရောအနှောကင်း မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ရောင်းချပြီး ဆီသန့်စားလိုသူများ မှာယူမှုများ ပြားလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**





## ရေတာရှည်မြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဇန်နဝါရီ ၆**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနတိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့်တာဝန်ရှိသူများသည် ဇန်နဝါရီ ၅ ရက်နံနက်ပိုင်းက တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြို့လှ-ငွေတောင် အရှည်(၁/၄)မိုင်ရှိ ကျေးရွာချင်းဆက်လမ်းပိုင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အရှည်(၁/၇)မိုင်ရှိ ဆပ်သွား-စစ်တောင်း ကျောက်ချောလမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း စစ်ဆေးကြည့်ရှုခဲ့သည်။ ဆက်လက်၍ အရင်းမပျောက်မတည်ငွေကျပ် သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကွဲနို့ဆိုင်ကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုင်တမော့ကြီးကျေးရွာ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။
**ကိုလွင်(ဆွာ)**



## တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေး

**ဒလ ဇန်နဝါရီ ၆**
၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဟောပြောပို့ချပွဲကျင်းပနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒလမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ပညာရေးမှူး ဦးအောင်နိုင်စိုး၊ မြို့နယ်ပညာ/ကျန်းမာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတင်ကြည်၊ ဒုဥက္ကဋ္ဌ ဒေါက်တာတင်ဖုန်း၊ ဦးတင်ရွှေ၊ ဘဏ္ဍာရေးမှူး ဦးသန်းဝင်းနှင့် ကော်မတီဝင်များ၊ မြို့မိမြို့ဖအလှူရှင်များ တက်ရောက်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဟောပြောပို့ချမှု ဆောင်ရွက်နိုင်ရေးအတွက် နေရာရွေးချယ်ခြင်း၊ ဘာသာရပ်အလိုက် စာရွက်စာတမ်းများစီစဉ်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကြိုပို့စီစဉ်ခြင်း၊ အကျွေးအမွေးနှင့် ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အခမ်းအနားတက်ရောက်လာသူများက အကြံပြုတင်ပြဆွေးနွေးကြပြီး ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်းသိရသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ဟောပြောပို့ချပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခမ်းအနားတက်ရောက်လာသူများမှ အကြံပြုတင်ပြဆွေးနွေးမှုများကို ပြောကြားခဲ့သည်။

အဆိုပါ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောပို့ချပွဲကို ဇန်နဝါရီ ၈ ရက်တွင် ကမာကသွယ်ရပ်ကွက်ရှိ မြို့နယ်ဗိုလ်တေဇအားကစားခန်းမ၌ သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆရာ၊ ဆရာမများက ဟောပြောပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**

## ဦးပိန်တံတားဝန်းကျင် သာယာလှပရေး မယ်ဇယ်ပင်များ တိုးချဲ့စိုက်ပျိုးလာ

**မန္တလေး ဇန်နဝါရီ ၆**
သဘာဝအလှအပများနှင့် လှပလျက်ရှိသော မြန်မာနိုင်ငံတွင် နိုင်ငံတကာခရီးသွားများကိုဆွဲဆောင်နိုင်သည့် သဘာဝအလှရှုခင်းများစွာရှိသည်။ ထိုရှုခင်းများစွာထဲတွင် မန္တလေးမြို့အနီး အမရပူရမြို့ရှိ ဦးပိန်တံတား၊ တောင်သမန်အင်းနှင့် မယ်ဇယ်တန်းများလည်း ပါဝင်သည်။ လှပစွာစိုက်ပျိုးထားသော မယ်ဇယ်တန်းမှာ ဦးပိန်တံတားနှင့်အတူယှဉ်တွဲကာ နာမည်ကြီးသောနေရာပင်ဖြစ်သည်။ ယခုအခါ ဦးပိန်တံတားဝန်းကျင် သာယာလှပရေးအတွက် မယ်ဇယ်ပင်များကို စတင်စိုက်ပျိုးလျက်ရှိသည်။ ကနဦးစိုက်ပျိုးမှုအနေဖြင့် ဦးပိန်တံတားအနောက်ဘက်ပိုင်းတံတား၏ မြောက်ဘက်တွင် မယ်ဇယ်ပင် ၁၅ ပင်ကို ဝါးဖြင့်ကာရံကာ စိုက်ပျိုးလျက်ရှိသည်။ သမိုင်းဝင် ဦးပိန်တံတားနှင့် သက်တမ်းရင့်မယ်ဇယ်ပင်များမှာ လိုက်ဖက်သော တောင်သမန်အင်းသင်္ကေတများအဖြစ် ညွှန်းဆိုကြသည်။

လှပသောဦးပိန်တံတား၊ တန်ခိုးကြီးဘုရားများနှင့်အတူ တွဲဖက်ကာ ထင်ရှားသောနေရာမှာ တောင်သမန်အင်းဘေး ဦးပိန်တံတားအနောက်ဘက်မှ နှစ်ပေါင်းရာကျော် မယ်ဇယ်ပင်များပင်ဖြစ်သည်။ နွေဦးကာလတွင် အေးမြသောအရိပ်ကိုပေးနေသလို သဘာဝအလှအပကို ရသမြောက်အောင် ပံ့ဖော်ပေးရာနေရာတစ်ခုပင်ဖြစ်သည်။ လှပသော ဦးပိန်တံတားဘေးမှ မယ်ဇယ်တန်းကို စတင်စိုက်ပျိုးကုသိုလ်ယူသူမှာ ရေချမ်းဒကာဦးကြီးဒေါ်အို၊ သားဦးပိုင်၊ ဒေါ်ညွန့်၊ တူ ဦးရှင်နှင့် သားဦးထွန်းတင်တို့မှ ကုသိုလ်ယူစိုက်ပျိုးခဲ့သော ဂန္ထဝင်သစ်ပင်တန်းပင်ဖြစ်သည်။ တောင်သမန်ဦးပိန်တံတားရောက်သူတိုင်း မယ်ဇယ်တန်းအရိပ်ကို မေ့မိုတ်ခိုကြမြဲပင်ဖြစ်သည်။ နွေရာသီရောက်ပါက ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များမှာ အရိပ်ကောင်းသော မယ်ဇယ်ပင်များအောက်တွင် စားဖွယ်အစုံအလင်နှင့်အတူ ဦးပိန်တံတားနှင့် တောင်သမန်အင်းအလှကို ပြည့်ဝစွာခံစားလေ့ရှိကြသည်။

ဦးပိန်တံတားဘေးမှ မယ်ဇယ်တန်းကို လှပစွာစီတန်းလျက် အကွာအဝေး ညီညီညာညာဖြင့် စိုက်ပျိုးကာ ကုသိုလ်ယူခဲ့သည်။ သစ်ပင်စိုက်သည့်ကာလကို ခန့်မှန်းတွက်ချက်မှုတွင် ဦးပိန်တံတားဆောက်ပြီးစကာလတွင် ဘုရားသွားသည့်လမ်း၊ တံတားသွားသည့်လမ်းတွင် နေမပူစေရေး သစ်ပင်စိုက်ကာ ကုသိုလ်ယူခဲ့ကြောင်း သိရသည်။ ပညာရှင်များလေ့လာသုံးသပ်ချက်များအရ ပုဂံမင်းလက်ထက် ခရစ်နှစ် ၁၈၅၀ ခန့်က ရေးဆွဲသည်ဟု ခန့်မှန်းရသော အမရပူရမြေပုံပုရပိုဒ်မှတ်တမ်း၊ ၁၈၅၅ ခုနှစ် တောင်သမန်သံတဲတွင် တည်းခိုသွားသည့် အင်္ဂလိပ်သံအဖွဲ့မှတ်တမ်းများနှင့် ချိန်ကိုက်ကာ အပင်သက်တမ်းကို ခန့်မှန်းတွက်ချက်ထားသည်။

မူလစိုက်ပျိုးစဉ်က မယ်ဇယ်ပင်တန်းတွင် အပင်အရေအတွက် ၁၀၃ ပင်ဟုသိရပြီး နောက်ပိုင်းတွင် သဘာဝဘေးအန္တရာယ်ကြောင့် နည်းသွားခဲ့သည်။ လက်ရှိကာလတွင် ဦးပိန်တံတားဘေးမှ နာမည်ကျော်မယ်ဇယ်တန်းကို အုတ်များပတ်ကာ ထိန်းသိမ်းကာကွယ်ထားပြီး ဦးပိန်တံတားဝန်းကျင် သာယာလှပရေးအတွက် အရိပ်ရမယ်ဇယ်ပင်များကို ဝါးဖြင့်ကာရံကာ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။
**စိုးရွှေ**

## ကလေးခရိုင် စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကလေး ဇန်နဝါရီ ၆**
ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီပထမပတ်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဖွဲ့စည်းပုံရရှိလာသဖြင့် စားသုံးသူရေးရာဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကလည်း စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော စားသောက်ကုန်များကိုလည်း စစ်ဆေးရေးအဖွဲ့နှင့် စစ်ဆေးကြပ်မတ်ခြင်း၊ ပညာပေးခြင်း၊ သတိပေးခြင်း၊ သိမ်းဆည်းခြင်းများကို ဆောင်ရွက်ပါက ဥပဒေအတိုင်း မိမိဘက်မှ ခိုင်မာအောင်ဆောင်ရွက်ရန်၊ ဒေသအတွင်းထုတ်ကုန်ရောင်းချနေသော အစားအသောက်များကိုလည်း စားသုံးသူဦးစီးဌာနအနေဖြင့် အန္တရာယ်ကင်းသော၊ လုံခြုံစိတ်ချရသော စားသောက်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနေသော လုပ်ငန်းရှင်များကို စုစည်း၍ဆွေးနွေးခြင်း၊ ပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။

ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူးက အဖွဲ့၏ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ စားသုံးသူရေးရာဦးစီးဌာန၏ တာဝန်များ၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် လစဉ်လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်၊ ဈေးနှင့် စာသင်ကျောင်းများတွင်လည်း စားသုံးသူကာကွယ်ရေးအသင်းများဖွဲ့စည်းနိုင်ရေးအတွက် ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးခရိုင်အတွင်းမြို့နယ်များရှိ စည်ပင်ဈေးများတွင် စားသုံးရန်မသင့်ဟု FDA မှ ထုတ်ပြန်ထားသည့် ငရုတ်သီးမှုန့်နှင့် မဆလာများ ဈေးကွက်အတွင်းသို့ရောက်ရှိနေနိုင်သဖြင့် ပူးပေါင်းစစ်ဆေးနိုင်ရေး အစရှိသည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။
**ဂျိုးနက်**

# တောင်ဇလပ်နှင့် ချယ်ရီပင် အစဉ်ပွင့်လန်း

ဇိုဟေသာ



ချင်းပြည်နယ်ကိုဖော်ကျူးသည့် ချင်းပြည်နယ်၏ အမှတ်သင်္ကေတဖြစ်သော တောင်ဇလပ်နှင့် တောင်မြင့်ဒေသများတွင်သာ ပေါက်ရောက်သော ပင်မြင့်ချယ်ရီပန်းပင်အများဆုံးဖူးပွင့်သည့် တီးတိန်မြို့နယ် ကနေဒီတောင် (ခေါ်) လေသာတောင်ကြောတစ်လျှောက်တွင် ခရီးသွားဧည့်သည်များအား ကြိုဆိုလျက် နှစ်စဉ်နှစ်တိုင်း ဧည့်ဝတ်မပျက် မြိုင်မြိုင်ဆိုင်ဆိုင်လှိုင်လှိုင်ပွင့်နေပြီဖြစ်ရာ ချင်းတောင်သို့ အလည်အပတ်လာရောက်သူများမှ တောင်ဇလပ်နီနီအပွင့်ရလိုသူများက နှစ်စဉ် အကိုင်းလိုက်၊ အပင်လိုက် စည်းကမ်းမဲ့ခုတ်ယူသူများကြောင့် တောင်ဇလပ်နှင့် ချယ်ရီပင်များရှားပါးလာသည့်အတွက် အချိန်မီထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေကြောင်း ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငင့်ရှင်းခွါလ် (ခ) ဦးလှိုင်အောင်၏ ပြောကြားချက်အရ သိရသည်။

"တောင်ဇလပ်နဲ့ ချယ်ရီပန်းတွေက နှစ်စဉ်ဒီဇင်ဘာနဲ့ နှစ်ဆန်းပိုင်းမှာပွင့်တာ။ လမ်းဘေးအပင်ကြီးတွေမှာပွင့်နေတဲ့ တောင်ဇလပ်၊ ချယ်ရီပန်းတွေကို ခရီးသွားလူတွေက အမှတ်တရဆိုပြီး အကိုင်းခုတ်တယ်၊ ချိုးတယ်၊ ခူးပြီးရင်လည်း ပန်းမန်တွေက ကလေးမြို့ အပူပိုင်းဒေသကိုရောက်တာနဲ့ သိပ်မကြာဘဲညှိုးနွမ်းသွားတယ်။ချင်းပြည်နယ်အလှက တောင်ဇလပ်နဲ့ ချယ်ရီပန်းပဲရှိတာ။ ချင်းပြည်နယ်ကို ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာကြတာဆိုတော့ သဘာဝအလှအပနဲ့ ရှုခင်းကောင်းကောင်းကြည့်နိုင်မယ့်နေရာက ကနေဒီတောင်ကြောတစ်လျှောက်ပဲရှိတာပါ"ဟု ကနေဒီတောင် စိမ်းလန်းစိုပြည်ရေးအဖွဲ့အတွင်းရေးမှူး ဦးထန်စွမ်းမုန်က ပြောသည်။

**ကနေဒီတောင်**

ပင်လယ်ပြင်အမြင့် ၈၈၇၁ ပေရှိသော ကနေဒီတောင်သည် ချင်းပြည်နယ် (မြောက်ပိုင်း)တွင် အမြင့်ဆုံးဖြစ်ကာ ဒေသအလှကို အကောင်းဆုံးမြင်တွေ့နိုင်သည့်နေရာဖြစ်သဖြင့် ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုနိုင်သည့်ဒေသဖြစ်ကြောင်း၊ ယခုအခါ ချင်းတောင်ပေါ်တွင် တစ်နှစ်ထက်တစ်နှစ် သစ်တောသစ်ပင်များ ခုတ်ထွင်နေမှုကြောင့် ရာသီဥတုဖောက်ပြန်လာကြောင်း၊ အအေးပိုင်းဒေသပေါက်ပင်တစ်မျိုးဖြစ်သည့် ပြည်နယ်၏သင်္ကေတပြု တောင်ဇလပ်နှင့် ချယ်ရီပန်းပင်များမှာလည်း တဖြည်းဖြည်းပြုန်းတီးစပြုလာပြီဖြစ်ကြောင်း၊ တောင်ဇလပ်ပန်းကို ချင်းလူမျိုးများက ဂုဏ်ယူဝင့်ကြွားရာ လူမျိုး၏အမှတ်သညာအဖြစ် သတ်မှတ်လာခဲ့ကြသော်လည်း တောင်ဇလပ်နှင့်ပတ်သက်၍ စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်တို့ကို ယနေ့အထိ မည်သူကမျှ ဆောင်ရွက်ခြင်းမရှိသကဲ့သို့ ခေတ်အဆက်ဆက်အုပ်ချုပ်လာခဲ့ကြသောသူများအနေဖြင့်လည်း ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း လုပ်ဆောင်ခဲ့ကြခြင်းမရှိသည်ကို တွေ့ရှိရသည်။

**ဒေသခံများပူးပေါင်းပါဝင်**

ထိုသို့သောအခြေအနေတွင် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်၏ သဘာဝအလှ၊ ချင်းလူမျိုးတို့၏ဂုဏ်ဆောင် အထိမ်းအမှတ်ဖြစ်သော တောင်ဇလပ်ပန်းပင်များကို ထိန်းသိမ်းစောင့်ရှောက် ပြုစုရန် လမ်းညွှန်မှုပြုပေးသဖြင့် သစ်တော၊ သစ်ပင် ပန်းမန်များ ချစ်မြတ်နိုးပြီး ပြန်လည်စိုက်ပျိုးထိန်းသိမ်းတတ်လာစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နေရာလျာထားချက်များတွင် ကနေဒီတောင်တန်းဒေသအား သဘာဝအခြေပြုခရီးသွားလုပ်ငန်းအဖြစ် လေ့လာနိုင်သော သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ပါဝင်သတ်မှတ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

ကနေဒီဒေသ သစ်တောပြန်လည်ထူထောင်ရေးအောင်မြင်ရန်အတွက် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကလည်း များစွာလိုအပ်နေပြီး ချင်းတောင်ရှိ တောင်ဇလပ်၊ ချယ်ရီပင်များခုတ်ယူမှုတို့ကို တားဆီးကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌက ပြောသည်။



**ခရီးသွားများကိုဆွဲဆောင်**

ချင်းပြည်နယ်အား ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်အာရုံကို ဆွဲဆောင်နိုင်သည့် သဘာဝအခြေခံခရီးသွားဒေသတစ်ခုဖြစ်လာစေရန်ရည်ရွယ်ကာ ဒေသသာယာလှပရေးအတွက် ၂၀၁၂ ခုနှစ်မှစတင်၍ ကနေဒီတောင်စိမ်းလန်းစိုပြည်ရေးအဖွဲ့ ဖွဲ့စည်းပြီး အာလွယ်ကျေးရွာတွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ချယ်ရီ၊ ခါတော်မီ၊ ထင်းရှူး စသည့်အပင်နှစ်သောင်းရှိဧကနှစ်ဧကကို ကနေဒီဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံများ၏ ဘဝနေထိုင်မှုလိုအပ်ချက်အတွက် သစ်တောပြုန်းတီးမှုဖြစ်ပေါ်နေသည့်နေရာများတွင် ပြန်လည်ပျိုးထောင်စိုက်ပျိုးခြင်းနှင့် လှူဆော်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ တောင်ဇလပ်နှင့် ချယ်ရီသစ်ပင်ပန်းမန်များ ပြန်လည်စိုက်ပျိုး ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

" ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ တီးတိန်မြို့နယ် လိုင်ဘုံကျေးရွာ ရေကြီးမြေပြိုမှုတွေ၊ ၂၀၁၄ ခုနှစ် တွိုးဆောက်ကျေးရွာမှာ တောင်ပြိုပြီး ရွံ့ညွှန်ချောင်းစီးတာတွေ၊ ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းမှာဖြစ်ပေါ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်းကိုမန်ရဲ့အရှိန်ကြောင့် ချင်းတောင်ဒေသများမှာ မိုးရွာသွန်းပြီး မြေပြိုမှုတွေဖြစ်ပွားခဲ့ရာကနေ တွန်းဇံမြို့နယ် ဟံကင်ကျေးရွာအနီး ရာဇဂြိုဟ်ဆည်အတွင်းသို့ စီးဝင်နေတဲ့ တွိုးလွီးချောင်းရဲ့အထက် သုံးမိုင်ခန့်အကွာမှာ တောင်ပြိုမှုတွေကြောင့် မြေစာတွေ တွိုးလွီးချောင်းနဲ့ ချောင်းလက်တက်တွေကို ပိတ်ဆို့ပြီး သဘာဝမြေပြိုဆည်ဖြစ်ပေါ်ခဲ့တာတွေ၊ အဲဒီနှစ်မှာပဲ ချင်းပြည်နယ် တွန်းဇံမြို့နယ် တွိုးခိန်ဇန် (ဟားခါးလေး)မှာ ရွံ့ညွှန်ချောင်းစီးတာတွေနဲ့ ကလေးမြို့မှာ ကြီးမားတဲ့ မကြုံစဖူးသဘာဝဘေးအန္တရာယ် ရေကြီးရေလျှံမှုတွေကလည်း ဒီအကျိုးဆက်တွေပါ။ ကလေးမြို့ကိုစီးတဲ့ မြစ်ချောင်းတွေက ကနေဒီတောင်ကြောမှာ ချောင်းဖျားခံတာဖြစ်ပြီး တောင်ပေါ်မှာ သစ်ပင်တွေပြုန်းတီးတော့တောင်ပြိုတယ်။

အဲဒီမြေတွေက ချောင်းထဲကိုရောက်၊ ရေတိုက်စားတာတွေ၊ ရေကြီးတာတွေ ဖြစ်လာတယ်။ ၁၉၉၃ ခုနှစ်ကနေစပြီး ကနေဒီဒေသမှာ သစ်ခုတ်တာတွေဖြစ်တာ။ အရင်ကတော့ အဲဒီတောမှာ ကျားတွေ၊ ရှားပါးငှက်မျိုးတွေလည်း ကျက်စားဖူးတယ်။ ဒါ့ပြင် ချင်းပြည်နယ်ရဲ့ အမှတ်သညာဟာ အောက်ချင်းငှက်ဖြစ်ပြီး ချင်းပြည်နယ်ရဲ့ သဘာဝအလှက တောင်ဇလပ်နဲ့ ချယ်ရီပန်းဖြစ်တယ်။ သစ်တောပြုန်းတီးမှုတွေကြောင့် အမှတ်သညာဖြစ်တဲ့ အောက်ချင်းငှက်နဲ့ သဘာဝအလှကိုဖော်ကျူးတဲ့ တောင်ဇလပ်နဲ့ ချယ်ရီလည်း ပျောက်ကွယ်လုနီးပါးဖြစ်နေပြီ။ နောက်ပြီး ကနေဒီတောင်တန်းဟာ တီးတိန်မြို့နဲ့ ကဘော်ချိုင့်ဝှမ်းရဲ့ ရေသောက်မြစ်ဖြစ်တယ်။ ကနေဒီတောင်ပြုန်းတီးမှုတွေကြောင့် ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးဒဏ်ကျရောက်မှုဟာ ကလေး ကဘော်ကို တိုက်ရိုက်ဆိုသလို ရိုက်ခတ်လာနေပါတယ်။ အဲဒါကြောင့် အခုလို ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ ဖွဲ့စည်းထားခြင်းပဲဖြစ်တယ်"ဟု အဖွဲ့ဥက္ကဋ္ဌကဆက်လက်ပြောပြသည်။

**ဝိတိုရိယတောင်**

ချင်းပြည်နယ်တွင် ဝိတိုရိယတောင်နှင့် ကနေဒီတောင်ဟူ၍ ထင်ရှားသောတောင်နှစ်လုံးရှိရာ ဝိတိုရိယတောင်သည် ပြည်နယ် (တောင်ပိုင်း) ကန်ပက်လက်မြို့နယ်တွင်တည်ရှိပြီး ဒေသအခေါ် 'ခေါနူမ်းသုန်' ဖြစ်၍ ယနေ့ခေတ်တွင် နတ်မတောင်ဟုလည်း ခေါ်ဆိုလာခဲ့သည်။ ကနေဒီတောင်မှာ ချင်းပြည်နယ်(မြောက်ပိုင်း)တီးတိန်မြို့နယ်တွင်တည်ရှိပြီး ဒေသအခေါ် 'ထွမ်းဝုမ်း' ဖြစ်သည်။

ထိုတောင်နှစ်လုံး၏ တူညီသောအချက်မှာ ချင်းပြည်နယ်၏ အမှတ်သညာဖြစ်သော တောင်ဇလပ်ပန်းပင် (Rhododendrons) သည် ထိုတောင်နှစ်လုံး၏ တောင်စွယ်တောင်တန်းများပေါ်တွင် အဓိကပေါက်ရောက်သဖြင့် ပြည်နယ်၏အလှကို ပို၍ထင်ရှားစေပါသည်။

အဓိကအားဖြင့် ကနေဒီတောင်တန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် တီးတိန်မြို့အနောက်ဘက် အိန္ဒိယနိုင်ငံနယ်စပ်နှင့် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်သို့သွားရောက်ရာ ခရီးလမ်းပေါ်တွင်တည်ရှိသဖြင့် တောင်ဇလပ်ပန်းနှင့် ချယ်ရီပန်းများပွင့်ချိန်၌ ခရီးသွားများ၏စိတ်ကို သာယာမှု၊ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ဂုဏ်ယူဝင့်ကြွားမှုတို့ ဖြစ်ပေါ်စေသကဲ့သို့ ဝိတိုရိယတောင်သည်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဒေသဖြစ်၍ ခရီးသွားများ၏စိတ်ကို ဆွဲဆောင်စေသဖြင့် ပြည်နယ်၏ဂုဏ်ကိုဆောင်စေသောအရာမှာ တောင်ဇလပ်ပန်းပင်ဖြစ်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်သည်။

**တောင်ဇလပ်နှင့် ချယ်ရီပန်းတို့ဆီးကြို**

ချင်းပြည်နယ်ရှိ ဒေသခံတို့မှာ ယခုနှစ် ဆောင်းနံနက် နှင်းမှုန်များအကြား လှလှပပ ဝေဝေဆာဆာဖူးပွင့်နေသော တောင်ဇလပ်ပန်းနှင့် ပန်းချယ်ရီတို့၏ တမူထူးခြားသောရသတစ်ခုကို ခံစားနေရပြီဖြစ်သလို ဤအချိန်အခါဝယ် ချင်းတောင်ပေါ်မြေသို့ ကြွလှမ်းခဲ့ပါက မြေပြန့်သူမြေပြန့်သားတို့နှင့် ပြည်တွင်းပြည်ပဧည့်သည်တော်များကို တောင်ဇလပ်နှင့် ချယ်ရီပန်းတို့က ဧည့်ဝတ်ကျေပွန်စွာ လက်ကမ်းစောင့်ကြိုနေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

# “သွားတုတပ်ဆင်ခြင်း”

ဒေါက်တာမောင်

သွားတုတပ်ဆင်ခြင်းဆိုသည်မှာ ပါးစပ်အတွင်းရှိသော သဘာဝသွားများ၏နေရာ၌ လူတို့ပြုလုပ်သောသွားများကို အစားထိုးတပ်ဆင်ခြင်းပင်ဖြစ်သည်။ သွားတုနှစ်မျိုးနှစ်စားရှိပါသည်။

(၁) ပါးစပ်အတွင်း အလွယ်တကူ ဖြုတ်၍တပ်၍ရသော အရှင်စိုက်သွားတု၊

(၂) အလွယ်တကူဖြုတ်၍မရသော အသေစိုက်သွားတုဟူ၍ဖြစ်သည်။

**(၁) အရှင်စိုက်သွားတု**

အရှင်စိုက်သွားတုကို အံပုံသွားတုဟုလည်းကောင်း၊ အာကပ်သွားတုဟူ၍လည်းကောင်း ခေါ်ဝေါ်လေ့ရှိသည်။ အရှင်စိုက်သွားတုတွင် သွား၊ သွားဖုံးသားနေရာနှင့် သဘာဝသွားများကို တွယ်ထားသည့်ချိတ်ဟူ၍ သုံးပိုင်းပါရှိသည်။ သွားကို အခရစ်(ACRYLIC)ခေါ် ပလတ်စတစ်ကော်တစ်မျိုးဖြင့်လည်းကောင်း၊ (PORCELAIN) ခေါ် ကျောက်သွားဖြင့်လည်းကောင်း ပြုလုပ်နိုင်ပါသည်။ ကျောက်သွားများကို ပါးစပ်အတွင်း၌ တပ်ဆင်ထားရာတွင် လေးလံခြင်း၊ ပဲ့လွယ်ခြင်းနှင့် သွားပွတ်တိုက်သံမြည့်ခြင်းတို့ကြောင့် ယခုအခါတွင် အသုံးပြုမှု လွန်စွာနည်းပါးသည်။

အာခရစ်ကော်သွားမှာမူ ပွန်းလွယ်သော်လည်း ပါးစပ်အတွင်း၌ တပ်ဆင်ထားရာတွင် ပေါ့ပါး၍ သက်သောင့်သက်သာရှိသောကြောင့် ၎င်းသွားများကိုသာ အသုံးပြုကြသည်။ အောက်ခံသွားဖုံးသားအပိုင်းကို သွားဖုံးအရောင်အတိုင်းရှိသော ခရစ်ကော်တစ်မျိုးဖြင့်သာ အသုံးပြုလေသည်။ (အခြားတစ်နည်းမှာ စတီးချောင်းကို ခွေ၍လည်းကောင်း၊ ပုံလောင်း၍လည်းကောင်း အသုံးပြုနိုင်သည်။) အရှင်စိုက်သွားတုကို တပ်ဆင်ထားစဉ် ပါးစပ်အတွင်း၌ လှုပ်မနေစေဘဲ၊ ဟန်ချက်ညီစေရန်အတွက် စတီးချိတ်များကိုအသုံးပြု၍ ကျန်နေသော သဘာဝသွားများကို ချိတ်တွယ်၍ အားပြုထားရသည်။ သို့သော် ပါးစပ်အတွင်း၌ သဘာဝသွား လုံးဝမရှိတော့သည့်အခါတွင်မူ ယင်းစတီးချိတ်များကို တပ်ဆင်ရန် မလိုအပ်တော့ချေ။ အရှင်စိုက်သွားတုကို သွားတစ်ချောင်းတည်း အစားထိုးရာတွင် လည်းကောင်း၊ သွားတစ်ချောင်းမျှမရှိတော့သည့်အခါတွင်လည်းကောင်း တပ်ဆင်အသုံးပြုနိုင်လေသည်။

**(၂) အသေစိုက်သွားတု**

အသေစိုက်သွားတုမှာ သဘာဝသွားပေါ်၌ သွားတုကိုငုံ၍စွပ်ပြီး ဆေးကော်ဖြင့် ကပ်ထားလိုက်ခြင်းဖြစ်သည်။ ယင်းစိုက်နည်းသည် အလွယ်တကူဖြုတ်၍ မရချေ။ ထို့ကြောင့် အသေစိုက်သွားတုဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ အကြောင်းတစ်ခုခုကြောင့် တပ်ဆင်ထားသော အသေစိုက်သွားတုကို ပြန်ဖြုတ်လိုပါက ငုံစွပ်ထားသောသွားတုကို ဖြတ်ထုတ်ပစ်ရသည်။ အသေစိုက်သွားတုကို အသုံးပြုပုံမှာ သွားမရှိသည့်နေရာ၌ သွားတုကို အစားထိုးပြီး ယင်းသွားတုကို အနည်းဆုံးရှေ့သွားတစ်ချောင်း၊ နောက်သွားတစ်ချောင်းနှင့်တွယ်ပြီး ငုံစွပ်၍ ဆက်ပေးရသည်။ ထို့ကြောင့် သွားတစ်ချောင်းကျိုးသည့်နေရာ၌ အသေစိုက်သွားတုတပ်ဆင်ရာတွင် အနည်းဆုံး သုံးချောင်းတွဲနေသည့် သွားတုကို တပ်ဆင်ရသည်။ (ယခုအခါ IMPLANTS ခေါ်သော မေးရိုးနုထဲကို တိုင်စိုက်ပြီး သွားတစ်ချောင်းကျိုးသည့်နေရာမှာ သွားတုတစ်ချောင်းသာ အစားထိုးသွားတုတပ်ဆင်နည်းရှိလာပါပြီ။)

**သွားတုများ၏ ကောင်းကျိုးဆိုးကျိုး**

အရှင်စိုက်သွားတုကို အသုံးပြုသည့်အခါတွင် အလွယ်တကူဖြုတ်၍ ဆေးကြောသန့်စင်နိုင်သဖြင့် ခံတွင်းနှင့် သွားတုကို အမြဲသန့်ရှင်းစေခြင်း၊ သဘာဝသွားများပေါ်၌ ငုံစွပ်ရန်မလိုသဖြင့် သဘာဝသွားများကို စက်ဖြင့် တိုက်စားမှုမပြုရခြင်း၊ သွားကျိုးသည့်အရေအတွက်အတိုင်းသာ အစားထိုးရသဖြင့် ငွေကုန်သက်သာခြင်း စသည့်ကောင်းကျိုးများရှိသော်လည်း အရှင်စိုက်သွားတုတပ်ဆင်ခါစတွင် အပေါ်သွားတုအာကပ်ဖြစ်နေပါက အာခေါင်နှင့်ကပ်နေ၍ အနေခက်ခြင်း၊ အောက်သွားတုဖြစ်ပါက လျှာဖြင့်ထိုးမိ၍ အနေခက်ခြင်း စသည့်အဆင်မပြေမှုများကို ကြုံတွေ့ရတတ်သည်။ ထို့ပြင် နေ့စဉ်ဖြုတ်၍ ဆေးကြောသန့်စင်ပေးရသဖြင့် အလုပ်ပိုခြင်း၊ လက်မှလွတ်ကျလျှင် ကျိုးတတ်ခြင်း စသည့်အကြောင်းများလည်း ရှိသည်။

အသေစိုက်သွားတုတပ်ဆင်သည့်အခါတွင်မူ အရှင်စိုက်သွားတုထက် ကိုက်ဝါးအားပိုကောင်းခြင်း၊ ဖြုတ်ဆေးရန်မလို၍ အလုပ်မပိုခြင်း၊ ပါးစပ်အတွင်း သက်သောင့်သက်သာရှိခြင်း စသည့်ကောင်းကျိုးများရှိသော်လည်း သွားတုကို ငုံစွပ်ထားရန်အတွက် သဘာဝသွားများကို တိုက်စားရခြင်း၊ ကျိုးသည့်သွားအရေအတွက်ထက်ပို၍ ငုံစွပ်ရသောကြောင့် သဘာဝသွားများ ပျက်စီးလွယ်ခြင်းစသည့် ဆိုးကျိုးများလည်း ဖြစ်စေနိုင်သည်။

> သွားတုများသည် သဘာဝသွားအစစ်များလောက် မကောင်းသောကြောင့် မိမိ၏ ပင်ကိုသဘာဝ သွားများကိုသာ မပျက်စီးစေရန်နှင့် နှုတ်ပစ်ရသည့် အခြေအနေမရောက်စေရန် အထူးဂရုစိုက် ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ပေးနိုင်လျှင် အကောင်းဆုံးဖြစ်

အသေစိုက်နှင့် အရှင်စိုက်သွားတုတွင် မည်သည့်သွားတုက ပိုကောင်းသနည်းဟူသည့် မေးခွန်းကို လူနာအများစုက မေးလေ့ရှိပါသည်။ တိတိကျကျအဖြေပေးရလျှင် သွားတုနှစ်မျိုးစလုံးပင် ကောင်းသောအချက်များရှိသကဲ့သို့ မကောင်းသောအချက်များလည်းရှိသည်။ သို့သော် သွားတုနှစ်မျိုးစလုံးမှာ သဘာဝသွားအစစ်လောက် မကောင်းချေ။ အဘယ်ကြောင့်ဆိုသော် သွားအစစ်တွင် ကြွေသွားလွှာ၊ သွားသားလွှာနှင့် မွှသွားလွှာဟူ၍ အကာအရန်အထပ်ထပ်ရှိသည့်အပြင် မေးရိုးအတွင်း၌လည်း သွားအမြစ်ပိုင်းကိုမြှုပ်၍ တွယ်ချိတ်ထားခြင်းဖြစ်ပြီး သွားတုမှာမူ သွားဖုံးသားပေါ်၌သာ တင်၍လည်းကောင်း၊ သဘာဝသွားပေါ်၌ ငုံစွပ်၍လည်းကောင်း မှီတွယ်ထားခြင်းဖြစ်သည်။

မည်သည့်သွားတုစိုက်သင့်သည်ကို ရွေးချယ်ရာတွင် လူနာ၏အသက်အရွယ် အစားထိုးရမည့်သွားအရေအတွက်နှင့် ပါးစပ်အတွင်းကျန်နေသေးသည့် သဘာဝသွားများ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်၍ဆုံးဖြတ်ရသည်။ လူကြီးသွားများ မပြည့်စုံသေးသည့်အရွယ်တွင်လည်းကောင်း၊ ကြီးကောင်ဝင်စကိုယ်ခန္ဓာနှင့် မေးရိုးကြီးထွားနေသည့်အရွယ်တွင်လည်းကောင်း အသေစိုက်သွားတုကို မတပ်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် မေးရိုးကြီးထွားနေစဉ်တွင် အသေစိုက်သွားတုကို တပ်ဆင်လိုက်ပါက မေးရိုးကြီးထွားမှုကို ဆွဲချုပ်သကဲ့သို့ ဖြစ်သွားသဖြင့် မျက်နှာကြီးထွားမှု မညီမျှဘဲဖြစ်သွားတတ်သည်။ ထို့ကြောင့် ယင်းအရွယ်တွင် သွားတုတပ်ရန်လိုအပ်ပါက အရှင်စိုက်သွားတုကိုသာ ယာယီအဖြစ် တပ်ဆင်ထားပါက ပို၍သင့်တော်သည်။ အသက်အရွယ်ကြီးသည့် လူနာများအတွက်မူ ကျန်ရှိနေသောသွားများ ကြံ့ခိုင်မှုမရှိဘဲပျက်စီးရန် အလားအလာပိုများပါက အရှင်စိုက်သွားတုကိုသာ စိုက်သင့်သည်။ သို့မှသာ ကျန်ရှိသော သဘာဝသွားအချို့နှုတ်ပစ်ရပါက မူလတပ်ထားသော အံပုံသွားတုမှာပင် သွားအတုထပ်မံအစားထိုးပြီး အသုံးပြုနိုင်သည်။ ထို့ပြင် သဘာဝသွားများကို တိုက်စားရန်မခံနိုင်သော လူနာများသည်လည်း အရှင်စိုက်သွားတုကိုသာ တပ်ဆင်သင့်ပါသည်။

အစားထိုးရမည့်သွားအရေအတွက်ကို ကြည့်၍ မည်သည့်သွားတုတပ်ဆင်ရမည်ကို ရွေးချယ်ရမည်ဆိုပါက အစားထိုးရမည့်သွားအရေအတွက်များလျှင် အရှင်စိုက်သွားတုကိုသာ အသုံးပြုတပ်ဆင်သင့်သည်။ အဘယ်ကြောင့်ဆိုသော် အသေစိုက်သွားတုကို တပ်ဆင်ပါက အစားထိုးရမည့်သွားကများနေပြီး ငုံစွပ်တွယ်ဆက်ရမည့် သဘာဝသွားက နည်းနေပါက ကိုက်ဝါးရမည့်ဒဏ်ကို သဘာဝသွားများက မခံနိုင်ဘဲ သွားသက်တမ်းတို၍ ပျက်စီးသွားနိုင်သောကြောင့် ဖြစ်သည်။

သဘာဝသွားများသည် ယိုင်နဲ့နေလျှင်သော်လည်းကောင်း၊ သွားခြေများပေါ်၍ အမြစ်ရှည်ထွက်နေလျှင်သော်လည်းကောင်း၊ နောက်ဘက်၌ ငုံစွပ်ရန် သဘာဝသွားမရှိလျှင်လည်းကောင်း အသေသွားတုစိုက်ခြင်းထက် အရှင်သွားတုစိုက်ခြင်းက ပို၍အဆင်ပြေပါသည်။

အထက်၌ဖော်ပြခဲ့သည့်အတိုင်း သွားတုများသည် သဘာဝသွားအစစ်များလောက် မကောင်းသောကြောင့် မိမိ၏ ပင်ကိုသဘာဝသွားများကိုသာ မပျက်စီးစေရန်နှင့် နှုတ်ပစ်ရသည့် အခြေအနေမရောက်စေရန် အထူးဂရုစိုက် ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ပေးနိုင်လျှင် အကောင်းဆုံးပင်ဖြစ်ပါသည်။

**အံပုံသွားတုတပ်ဆင်မှု**

အံပုံသွားတုဆိုသည်မှာ သဘာဝများနေရာ၌ အစားထိုးအသုံးပြုသော သွားတုများကိုခေါ်ခြင်းဖြစ်သည်။ အံပုံသွားတုများကို ပါးစပ်အတွင်း အသေတပ်ထားခြင်း မဟုတ်ဘဲ ဖြုတ်နိုင်တပ်နိုင်သဖြင့် (သွားအရှင်)ဟုလည်း ခေါ်ကြသည်။ ထို့ပြင် အာခေါင်၌ကပ်လျက် အသုံးပြုရသဖြင့် (အာကပ်သွား) ဟုလည်းခေါ်ကြသည်။

အံပုံတုတပ်ဆင်မှုသည် ခြေတုလက်တု တပ်ဆင်သကဲ့သို့ပင် ပျက်စီးသွားသော ကိုယ်ခန္ဓာအစိတ်အပိုင်းကို လူလုပ်ပစ္စည်းနှင့်အစားထိုး၍ အသုံးပြုခြင်းဖြစ်သည်။ အံပုံသွားတုများကို ပါးစပ်အတွင်း သွားတစ်ချောင်းမျှ မရှိသည့်အခါတွင်လည်းကောင်း၊ သွားအချို့ကျိုးပြီး အချို့ကျန်နေသောအခါတွင်လည်းကောင်း အသုံးပြုနိုင်လေသည်။ အံပုံသွားတုများ တပ်ဆင်အသုံးပြုခြင်းမှာ သွားများကျိုးပဲ့ပျက်စီးသွားပြီး နောက်ဆက်တွဲဆိုးကျိုးများမဖြစ်ပေါ်စေရန်အတွက်ဖြစ်သည်။ သွားများပျက်စီးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကလည်း မနည်းလှချေ။ သွားအချို့ကျိုးပဲ့ပျက်စီး၍ နှုတ်ပစ်ရလျှင် ယင်းနှုတ်လိုက်သောသွား၏ ဘေးတစ်ဖက်တစ်ချက်ရှိသွားများသည် လစ်လပ်သွားသည့်နေရာသို့ ယိုင်လာတတ်သည်။ အလားတူပင် အောက်အံသွားနှုတ်ရပါက အပေါ်တည့်တည့်မှသွားမှာ ရှည်ကျခြင်းများဖြစ်တတ်လေသည်။

ထို့ပြင်သွားများလျော့နည်းနေသဖြင့် အစာကြိတ်ဝါးရာ၌လည်း အားနည်းပြီးအစာမကြေ၍ အစာအိမ်နှင့်ပတ်သက်သော နောက်ဆက်တွဲရောဂါများကို ဖြစ်စေနိုင်ပါသည်။ သွားအစုံအလင်မရှိတော့ဘဲ ကျန်သောသွားများဖြင့်သာ ကြိတ်ဝါးနေရသောကြောင့်လည်း ယင်းသွားများမှာ ကြိတ်ဝါးမှုဒဏ် ပို၍ခံရပြီး အလွယ်တကူ ပျက်စီးစေနိုင်ပြန်သည်။ ပို၍ဆိုးသည်မှာ ရှေ့သွားများကျိုးသည့်အခါ၌ မျက်နှာအလှပျက်စေသည်သာမက စကားပြောရာ၌လည်း ပီသမှုမရှိတော့ချေ။ သွားများစွာကျိုးလာသောအခါ၌ ပါးများချိုင့်ဝင်သွားခြင်း၊ မေးစေ့အပြင်သို့ထိုးလာခြင်း၊ နှုတ်ခမ်းသားများအတွင်းသို့ ဝင်ခြင်းစသည်ဖြင့် မျက်နှာပုံသဏ္ဌာန်ကို ပျက်စေနိုင်သည်။ ထို့ပြင် ပုံမှန်အတိုင်း ကြိတ်ဝါးမှုမရှိတော့သဖြင့် မေးရိုးအဆစ်ကို ဒဏ်ဖြစ်စေပြီး မေးရိုးညောင်းခြင်း၊ ကိုက်ခြင်း၊ နားထင်ကြောတင်းခြင်းစသောဝေဒနာများကိုဖြစ်စေနိုင်သည်။

ထို့ကြောင့်အထက်ပါ နောက်ဆက်တွဲဆိုးကျိုးများဖြစ်မလာစေရန်အတွက် ပျက်စီးသွားသောသွားများနေရာ၌ အံပုံသွားအတုများဖြင့် အစားထိုးအသုံးပြုပေးရသည်။

အံပုံသွားတုတပ်ခါစတွင် လူနာတိုင်းလိုပင် ညည်းညူတတ်ကြသည်။ အခြားအင်္ဂါအစိတ်အပိုင်းများ၌ အတုတပ်ထားရသည့်ထက် ပါးစပ်အတွင်း၌ သွားတုတပ်ထားရသည်က ပို၍အနေခက်လှသည်မှာ သေချာပါသည်။ သွားကြားနှင့် ပါးစောင်တို့၌ သေးငယ်သောအစာများ ကပ်နေသောအခါ၌ပင် လျှာဖြင့်ထိုးထုတ်နေလေ့ရှိရာ အံပုံသွားတုက တပ်ထားသောအခါတွင်လည်း လျှာက ထိုးထုတ်နေမည်သာဖြစ်သည်။ ယင်းအခက်အခဲများကို စိတ်ရှည်လက်ရှည်လေ့ကျင့်ပေးရမည်ဖြစ်သည်။ အကျင့်ရသွားသောအခါတွင်မူ လျှာနှင့်ပါးစောင်တို့ကပင် အံပုံသွားတုမြဲစေရန် ထိန်းပေးထားတတ်သည်။

ခြေတုများတပ်ခါစတွင် မတ်တပ်ရပ်နိုင်အောင် ပထမကြိုးစားရပြီး ထိုမှတစ်ဆင့် လမ်းလျှောက်ခြင်း၊ ပြေးခြင်းတို့ကို လေ့ကျင့်ယူသကဲ့သို့ပင် အံပုံသွားတုတပ်ခါစတွင်လည်း ပါးစပ်အတွင်း၌ နေတတ်အောင်ဦးစွာ ကြိုးစားရသည်။ ထို့နောက် စကားပြောခြင်း၊ စာဖတ်ခြင်း၊ အစာဝါးခြင်းတို့ကို တဖြည်းဖြည်းလေ့ကျင့်ပေးရသည်။ အံပုံသွားတုဖြင့် အစာဝါးခါစတွင် အစာပျော့ကိုသာ နည်းနည်းချင်းထည့်၍ ဖြည်းဖြည်းချင်းဝါးပေးရသည်။ အသားများကိုကိုက်ဖြတ်ရာတွင်လည်း အတုံးသေးသေးလေးကို အံသွားနေရာမှာထားပြီး ကိုက်ဖြတ်လေ့ကျင့်ရသည်။ ထိုသို့ ဖြည်းဖြည်းချင်းလေ့ကျင့်ပေးမှသာ အစာများကို ကောင်းစွာကြိတ်ဝါးနိုင်လာမည်ဖြစ်သည်။ ထို့ကြောင့် အံပုံသွားတုတပ်ဆင်မှုသည် အသုံးပြုသူကိုယ်တိုင်က လိုလိုလားလား ဇွဲရှိရှိ လေ့ကျင့်ပေးမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ အံပုံသွားတုတပ်ဆင်စတွင် နာကျင်မှုဖြစ်ပါက ပြုပြင်မှုကိုခံယူပါ။

**အံပုံသွားတုများကို စနစ်တကျ အသုံးပြုတတ်ရန်နှင့် စနစ်တကျထိန်းသိမ်းတတ်ရန်အတွက် လိုက်နာရန်**

(၁) အံပုံသွားတုတပ်ခါစတွင် အလေ့အကျင့်ရစေရန်အတွက် ငါးရက်မှ တစ်ပတ်အထိ နေ့ရောညပါ တပ်ထားသင့်သည်။ သို့ရာတွင် အစာစားပြီးတိုင်းနှင့် ညအိပ်ခါနီးတွင် ဖြုတ်ဆေးပေးရသည်။

(၂) အလေ့ အကျင့်ရသွားပြီးသောအခါတွင်မူ မကြာခဏဆေးပြီး မိမိသွားဖုံးသားများကို အသာအယာနှိပ်နယ်ပေးရသည်။

(၃) ညအိပ်ရာဝင်တွင် အံပုံသွားတုကို ဖြုတ်၍ ဆေးပြီး ရေသန့်သန့်တွင် မြုပ်အောင်စိမ်ထားရသည်။ မနက်အိပ်ရာထတွင်လည်း အံပုံသွားတုကို ပြန်မတပ်မီ ဆေးကြောပေးရသည်။

အံပုံသွားတုဆေးကြောနည်းမှာ -

(က) အံပုံသွားတုဆေးကြောစဉ် လက်မှလွတ်ကျ၍ ကျိုးခြင်းမဖြစ်စေရန်အတွက် ရေဇလုံအတွင်းရှိ ရေထဲ၌ နှစ်လျက်ဆေးပါ။

(ခ) သွားပွတ်တံအပျော့(သို့မဟုတ်)အဝတ်နုလေးဖြင့် အံပုံသွားတု၏ မျက်နှာပြင်အားလုံးကို အသာအယာ ပွတ်တိုက်ပါ။

(ဂ) ဆပ်ပြာနှင့်ဆေးလျှင် ဆပ်ပြာပြောင်အောင် သေချာစွာ ရေဆေးပါ။

(ဃ) ပါးစပ်ထဲ၌ မိမိနဂိုသွားများကျန်သေးလျှင် သွားတိုက်ဆေးနှင့်သွားတိုက်ပြီးလျှင် အံပုံသွားတုများကိုလည်း သွားတိုက်ဆေးနှင့်ပင်ဆေးပေးပါ။

(င)အောက်သွားအံပုံခွေကို ဆေးသည့်အခါ လက်ဝါးအတွင်းညှစ်၍ မကိုင်ပါနှင့်။ လက်ဝါးအားဖြင့် ညှစ်မိလျှင် ကျိုးသွားနိုင်သောကြောင့် လက်ချောင်းကလေးများဖြင့်သာ မိမိရရကိုင်၍ ဆေးကြောပါ။

(စ)အံပုံသွားတုမြဲနေစေရန် ထန်းလျက်၊ သကြားလုံးများကို စုပ်ခြင်းဖြင့်လေ့ကျင့်ပါ။

(ဆ) သွားဘက်ဆိုင်ရာ ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ပြုပြင်မှုကို ခံယူပါ။

ကြော်ငြာ

**နှစ်သစ်မင်္ဂလာစာသဝဏ်လွှာ**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက်၊ ကရုဏာစင်တာ ဦးဆောင်ဆရာတော် တဖုန္နတိက္ခ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မှ ပညာ၊ ကျန်းမာ ထောက်ပံ့ဆောင်ရွက်မှုလုပ်ငန်းအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များ သနား၊ ကြင်နာ၊ ဖွေးထွေးစွာဖြင့် လစဉ်၊ နှစ်စဉ် ပညာရေးပဒေသာပင်၊ ကျန်းမာရေး ဆေးပဒေသာပင်တို့ကို အစဉ်တစိုက် စိုက်ထူလှူဒါန်းပေးကြပါသဖြင့် များစွာကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း ဖြူစင်သောနှလုံးသားမှ စာသဝဏ်လွှာဖြင့် မြွက်ကြားလိုက်ပါသည်။ အလှူရှင်များ သက်ရှည်ကျန်းမာ ချမ်းသာတော်မူကြပါစေ။ ပညာ၊ ကျန်းမာ၊ နှစ်ဖြာဒါန၊ ဖြစ်ရာတဝ၊ ကြီးစွာပညာ၊ သက်ရှည်ခြင်း၊ ကင်းရှင်းနာရောဂါ။ အားလုံးမင်္ဂလာပါ။ ဦးဆောင်ဆရာတော် - 098626998

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၄-၁-၂၀၁၇ရက်တွင် ကျရောက်သော (၆၉)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်သမ္မတရုံး၏ ထပ်မံဂုဏ်ပြုချီးမြှင့်ခြင်းခံရသော **သီဟသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်ရ ဟင်္သာတမြို့နေ **"မိသားစု စိန်ရွှေရတနာဆိုင်"**မှ **သုဓမ္မသိင်္ဂီ ဒေါ်စမ်းရှင်** အား ရွှေသရဖူ ရွှေပန်းထိမ် မိသားစုမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ရွှေသရဖူ ရွှေပန်းထိမ်**
**မိသားစု**

## ဂုဏ်ယူဝမ်းမြောက်ခြင်း






၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် Sea View Condo အရောင်းပြခန်း၊ မြိတ်မြို့ ကမ်းနားလမ်း၊ ရေပုန်းရပ်တွင် ကျင်းပပြုလုပ်ခဲ့သော ***SEA VIEW CONDO* အရောင်းခန်းမနှင့် *Member Card*** စတင်ရောင်းချခြင်း အခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရှေ့လုပ်ငန်းများလည်း ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် –

IBPC
INTERNATIONAL BUSINESS PROMOTION CENTRE

***Mr Aik Htun (Chairman) and Members***
***International Business Promotion Centre***

**နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ (မြန်မာ) ၂၀၁၇**

INTERNATIONAL TOURISM EXPO , MYANMAR
**ITEM 2017**

Car Rentals · Commercial Airlines · Cruise Lines · Hotel Chains · Telecoms · Bank & Insurance · Travel Agencies

ပြည်တွင်းပြည်ပခရီးသွားဝန်ဆောင်မှုအမျိုးမျိုးတို့ကို တစ်နေရာထဲတွင် နှိုင်းယှဉ်ကြည့်ရှုနိုင်မည့်အခွင့်အရေးကို အရောက်ကြွလာခဲ့ပါလို့ ဖိတ်ခေါ်လိုက်ပါသည်

Official Partner : Myanmar Tourism Federation
Organized by: Travel Support
Co-Sponsor by: FMI Air
Main-Sponsor by: AYA Bank — Your Trusted Partner

အချိန် 9am - 6pm
နေရာ တပ်မတော်ခန်းမ
နေ့ရက် 20, 21, 22 Jan 2017

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## ( ၁ / ၂၀၁၇ )

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်း သုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ) / မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-079(16-17) | Spares for CNG Compressor Cooling System (7) Items | US$ |
| (၂) | DMP/L-020(16-17) | Assorted Kind of Engineering Workshop Tools (3) Groups | Ks |
| (၃) | DMP/L-021(16-17) | Brandt Shale Shaker Screen for NAT; 55 Series (3) Items | Ks |
| (၄) | DMP/L-022(16-17) | Mechanical Seal for Andritz Pump(6)Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို (၂၄-၁-၂၀၁၇ ) ရက် ( ၁၆း၃၀ ) နာရီတွင် နောက်ဆုံးထား၍၊ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း ၊ ၀၆၇ - ၄၁၁၂၀၆ / ၄၁၁၂၇၄

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**DADDY** (ဒယ်ဒီ)
ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ
၂ညအိပ်/၃ရက် ခရီးစဉ်
Jan-13,20,27
Ph: 09 448001903

### သရဏဂုံတိုင်းရင်းဆေးခန်းအား ပိတ်ပြီးကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် (၁၆၄/A)တွင် ဖွင့်လှစ်ထားသော သရဏဂုံ ဆေးခန်းအား ၂၂-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) တွင် ပိတ်ထားပြီးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်လှ**
**[၁၄/ဖပန(နိုင်)၀၄၅၂၃၄]**
**အမှတ်(၁၀၀/B)၊ ဝိဇ္ဇာကျောင်းလမ်း၊**
**ကော့မှူးမြို့။**

**NEW MOTION** Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျှားသစ်လွင် ခရီးစဉ်

| | | | |
|---|---|---|---|
| ★ ပုဂံ ခရီးစဉ် | Jan 20,Feb 10 | ★ ကလော-လွိုင်ကော်ခရီးစဉ် | Jan 20, Feb 10 |
| ★ မန္တလေး ခရီးစဉ် | Jan 20,Feb 10 | ★ မြဝတီ - မဲဆောက်ခရီးစဉ် | Jan 20, Feb 10 |
| ★ တောင်ကြီးခရီးစဉ် | Jan 20,Feb 10 | ★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် | Jan 20, Feb 10 |

★ အလောင်းတော်ကဿပခရီးစဉ် Jan 20, Feb 10

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

ဗုဒ္ဓ ဓမ္မ သံဃ
**ROYAL STAR** (လုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း)မှ
ခေတ်မီလုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်များကို
(အရောက်ပို့ ခရိတ်ငြိမ်း) ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်
အိမ်တိုင်ရာရောက် ဝါရင့်ဝန်ထမ်းများနှင့်
တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။
မှတ်ချက် - သံဈေးတက်ဆူးကြိုးလိပ်များ (လုံး၀)မရောင်းပါ။
Ph: 09-50 54 189, 09-50 63 596
ရုံးခွဲ(၁)၊ အ.ထ.က (၃)ကျောင်းရှေ့ ကန်သာယာမှတ်တိုင်အနီး၊ သုမ္မောလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။




**အလိုရှိသည်**
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်
- Driver (၁) ဦး
လိုင်စင်အနီဖြစ်ရမည်။
ရန်ကုန်မြို့တွင်းသာ
Ph: 09 73226006,09 401505559

**သက်သာသောဈေးနှုန်းဖြင့်ရောင်းမည်**
မြေညီတိုက်ခန်း ပေ(၁၆×၅၄)၊ အိပ်ခန်း(၂)ခန်းဖွဲ့ပြီး၊ ပတ်ဝန်းကျင်သန့်၊ သီရိနန္ဒာ(၂၇)လမ်း၊ ၁၃ရပ်ကွက်၊ တ/ဥက္ကလာ(မင်္ဂလာလမ်းနောက်ကျောကပ်)
Ph:၀၉-၉၇၇၃၁၃၅၄၃

Golden Zaneka Public Co.Ltd.
ရွှေမြင့်ကြယ်စင်
ရွှေမြင့် ကြယ်စင်
ကျွမ်းကျင်သော သူနာပြု/သူနာပြုအကူများ၏ သူနာပြုစုမှု၊ စိတ်ရှည်သည်းခံမှု နှင့် ဖော်ရွေယဉ်ကျေးသော နွေးထွေးမှုများဖြင့် လူကြီးမင်းတို့ မိသားစုများ၏ ကျန်းမာရေးကို (၂၄)နာရီပတ်လုံး အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ပေးနေပါသည်။
အမှတ်(၁က+၁ခ)/၆၊ ပင်လုံလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - ၀၉ ၉၇၇၈၇၀၃၄၉၊ ၀၉ ၄၂၁၁၁၆၀၅၀ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော**
**MECHANICAL CAR PARKING**













TPW
ideas coming true
(BRNo.200904356H)
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။




SAMSUNG
Galaxy A5 | A7
(2017)
Don't Miss Out!
PRE ORDER NOW !
GET EXCLUSIVE GIFT
(8th - 22nd January 2017)
A5 - 525,000 MMK
A7 - 625,000 MMK
IP68 Water Resistant
16 MP Front & Back Camera (F1.9)
Octa Core 1.9 GHz & 3GB RAM
Finger Print Security
PRE - ORDER GIFTS
+
A5 | A7 GIFT BOX
+
ON GOING PROMOTION
PREORDER TERMS & CONDITIONS
› Samsung Promoter ရှိသည့် မည်သည့်ဆိုင်တွင် မဆိုရရှိနိုင်သည်။
› ကျပ် ၃၈,၀၀၀ သွင်း၍ Samsung Type C Adapter တစ်ခုရယူပြီး ဇန်နဝါရီလ ၁၇ရက်နေ့ တတိယအပတ်မှ စ၍ တန်ဖိုးငွေအပြည့်သွင်းပြီး Samsung 64GB Micro SD Card နှင့် 10,000 mAh Remax Power Bank နှင့် အထူးလက်ဆောင် (၃) မျိုး အပြင် သက်ဆိုင်ရာ Promotion ပစ္စည်းကို ပါရရှိမည်ဖြစ်ပါသည်။
› ၁၅ ရက်သာဖြစ်၍ ယခုအခွင့်အရေးအား လက်မလွတ်စေနဲ့နော် !
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM


MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
ကြိုက်သလောက်...ပြော
တစ်နေ့လုံး ၃၉၉ ကျပ်
*399#
• MPT ၏ Prepaid/Postpaid-GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
• MPT အချင်းချင်းကြိုက်သလောက်ပြော၊ တစ်နေ့လုံး ၃၉၉ ကျပ်သာကျသင့်မည့် Daily Unlimited Voice Package ကို VP1 ဟု ရိုက်နှိပ်၍ 1332 သို့ အခမဲ့ စာတိုပေးပို့ခြင်းဖြင့်လည်းကောင်း၊ *399# ဟု ရိုက်နှိပ်ခေါ်ဆိုခြင်းဖြင့်လည်းကောင်း ရယူနိုင်ပါပြီ။
• အဆိုပါ Package ကို ဝယ်ယူသည့်နေ့၏ ညသန်းခေါင်ယံအချိန်အထိ အသုံးပြုနိုင်ပါသည်။
*၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်ခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရှပဗေဒ) ဦးစီး၊တည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာပြိမ်းချမ်းစီစဉ်သည်။
(ကိုယ်ပိုင်ကျောင်း၊ မှတ်ပုံတင်အမှတ် - ကကယ - ၁၃/၁၅/၀၄၂)

Panna Aung Myay PRIVATE HIGH SCHOOL

# ပညာအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း (ဂတန်းမှ၁၀တန်းအထိ)
အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်ဘော်ဒါ

'ပညာအောင်မြေ' ၏ ရည်မှန်းချက်
စိတ်ဓာတ်-ညွှေးကမ်း-ပညာ ဘက်စုံဖွံ့ဖြိုးသော နိုင်ငံသားကောင်းလူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရမည်

- ကျောင်းသား/သူများ စိတ်ချမ်းမြေ့စွာ ပညာသင်ယူနိုင်ရန်အတွက် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်၍ သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများ
- သင်ကြားလေ့ကျင့်ရေးအတွက် ပါရဂူကျွမ်းကျင်ဆရာကြီးများ၊ ကထိက(ငြိမ်း)များ အထက်တန်းပြ/အလယ်တန်းပြ(ငြိမ်း) ဆရာ/ဆရာမကြီးများ
- ကျန်းမာကြံ့ခိုင်ပျော်ရွှင်ရေးအတွက် ကျောင်းဝင်းအတွင်း ဘက်စုံကစားကွင်း
- ဘော်ဒါဆောင်နေမည့်ကျောင်းသား/သူများအတွက် လေအေးပေးစက်တပ်ဆင်ထားသော အိပ်ခန်းများ
- မိဘနှင့် ခွဲမအိပ်နိုင်သော ကျောင်းသား/သူများအတွက် နေ့တက်ဘော်ဒါ
- အဌမတန်း နှင့် တက္ကသိုလ်ဝင်တန်း တန်းခွဲများအားလုံး အောင်ချက်မြင့်မားရေးနှင့် ထူးချွန်ကျောင်းသားများ ထွက်ပေါ်ရေးအတွက် အထူးရည်ရွယ်ကြပ်မတ်သင်ကြားလေ့ကျင့်မှုများ ၅ မှ ၇ နှင့် ၉ တန်း တန်းခွဲများအား အခြေခံခိုင်မာရေး နှင့် ဘက်စုံဖွံ့ဖြိုးရေး (Physical Education, Musics, Fine Arts, Basic Computer Course, Language) အတွက် စီစဉ်သင်ကြားမှုများ
- လူဦးရေအကန့်အသတ်ဖြင့်သာ (ပညာအောင်မြေ၏ စည်းကမ်းကို လိုက်နာနိုင်သော ကျောင်းသား/သူများ) လက်ခံသောကျောင်းဖြစ်ကြောင်း မိဘအုပ်ထိန်းသူများ သိရှိပြီးဖြစ်ပါသည်။
- မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား/သူကိုယ်တိုင် လာရောက်စုံစမ်း၍ စည်းကမ်းလိုက်နာနိုင်ပြီး ယုံကြည်စိတ်ချ စိတ်တိုင်းကျမှ အပ်နှံပါ။
- အခြေခံအထက်တန်းကျောင်း နှင့် စာသင်ဝိုင်း တွဲဖက်တက်ရောက်လိုသော ကျောင်းသား/သူများအနေဖြင့် ပညာအောင်မြေ၏ မိခင်ကျောင်းဖြစ်သော "အောင်မြေ" ပညာသင်ကျောင်းသို့ စုံစမ်းအပ်နှံနိုင်ပါသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

အုပ်ချုပ်ရေး၊ လယ်ပြ/ထက်ပြ သင်ကြားရေး ဆရာ/ဆရာမများ၊ Study Guide နှင့် အဆောင်မှူး (ကျား/မ) ရာထူးများအတွက် အလုပ်လျှောက်ထားနိုင်သည်။

ကျောင်းတည်နေရာ | အမှတ်(၄၇၆-A) မြလေးရုံလမ်းနှင့် ဒဂုံလွင်လမ်းထောင့်၊ မေဓာ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-25 222 9991, 09-25 222 9992, 09-25 222 9993, 09 730 33212

ကျောင်းကားရှိသည်



## ပဲခူး-ဆယ်မိုင်ကုန်း(ရွှေပြည်ဆည်အနီး) မြေရောင်းမည်

ရန်ကုန်-ပဲခူးကားလမ်းမှ ကိုက်(၂၀၀)အကွာ တစ်ဆစ်ချိုးလမ်းတွင် လယ်မြေ(၅. ၃)ဧက၊ ဥယျာဉ်ခြံမြေ (၃. ၅)ဧက စုစုပေါင်း(၈. ၈)ဧက မျက်နှာစာ ပေ(၉၀၀)ခန့်ရှိ မြေကို အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဟိုတယ်လုပ်ငန်း၊ စက်ရုံလုပ်ငန်းများ သင့်လျော်သည်။**
**ရောင်းဈေး သိန်း ၇၅၀၀/-(ညှိနိုင်း)**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၀၃၄၂၃၆**



## အိမ်နှင့်ခြံ ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ စိန်ရတနာလမ်း၊ အကျယ် ပေ(၄၀×၆၀)ရှိ အုတ်ညှပ် ပျဉ်ထောင်နှစ်ထပ်၊ အိမ်သုံးမီတာ(၂)လုံး၊ ကားဂိုဒေါင်၊ ဂရန်အမည်ပေါက်နှင့် အကျယ် ပေ(၂၀×၆၀)ရှိ အုတ်ခံ ပျဉ်ထောင် နှစ်ထပ်အိမ်၊ ရေမီးအစုံ၊ လန ၃၉ ကျပြီး၊ အသင့်လူနေထိုင်နိုင်သည့် အိမ်(၂)လုံးအား ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

**ဖုန်း-၀၉-၅၀၀၂၂၄၂၊ ၀၉-၄၅၅၀၀၂၂၄၂**



## မိုးထွန်းမဟာ

အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်း၊ စက်မှုဇုန် ရောင်းဝယ်ငှားလိုသူများ လုပ်ငန်းများအပ်နိုင်ပါပြီ။

**ဖုန်း-၀၉-၉၆၂၃၀၅၁၂၀၊**
**၀၉-၄၄၂၃၀၅၁၂၀၊**
**၀၉-၇၈၂၃၀၅၁၂၀**





## ပညာရေးတက္ကသိုလ်
## ၁၉၆၄-၆၉ (စနစ်သစ်) 1st Batch
## မိတ်ဆုံစားပွဲ

သူငယ်ချင်းတို့ရေ-

ငယ်ဘဝလေးတွေကို "တမ်းတ" အမှတ်တရလေးတွေကို "သတိရကြ"၊ စကားလက်ဆုံပြော၍ မကုန်ကြရင်း၊ လက်ဆောင်လေးတွေ လည်းလှဲလှယ်ရင်း၊ ပြန်လည်ဆုံတွေ့ကြမယ်နော်၊ နယ်မှ သူငယ်ချင်းများ မပျက်မကွက် တက်ရောက်ပေးပါရန် အထူးဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၁း၀၀ နာရီ
နေရာ - ရွှေဘဲ (ကန်တော်မင်) စားသောက်ဆိုင်၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ကန်တော်မင်္ဂလာပန်းခြံ

ဆက်သွယ်ရန်- ဦးလွင်သိန်း - ၀၁ ၅၇၁၁၆၁၊ ၀၉- ၅၁၀၈၅၈၁
ဒေါ်ထူးထူးအောင် - ၀၉ ၂၅၄၃၈၆၇၉၁
ဒေါ်ခင်ခင်ဌေး - ၀၉ ၅၀၃၂၀၅၂၊ ၀၁-၃၉၃၃၄၇
ဒေါ်ခင်ဖုဏ်းရည် - ၀၉- ၅၁၇၈၅၂၄
ဒေါ်မြမာမာဝင်း - ၀၁-၇၀၄၆၄၅
ဒေါ်အေးအေးသိန်း- ၀၁-၈၆၁၀၀၆၁၊ ၀၉-၇၈၉၉၆၅၄၇၃

## အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်အုန်းလှ[၁၂/စခန(နိုင်)၀၃၀၅၈၂] ကိုင်ဆောင်သူမှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ထားသော **"PKK ဆင်ပေါက်"** နှင့် **"ရိုးမဆင်ပေါက်"** အမည်ပါ ကုန်အမှတ်တံဆိပ်(၂)မျိုးကို ၁၉-၁၀-၂၀၁၆ရက်၌ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ တရားဝင် ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကြေညာသူ**
**ဒေါ်အုန်းလှ[၁၂/စခန(နိုင်)၀၃၀၅၈၂]**


**မမော်** အိမ်၊ ခြံ၊မြေဝန်ဆောင်မှု
Ph:43113406,09-32306670,09-780365890
သောတာပြန်၊ ဖွော်ဘီ၊ မင်္ဂလာဒုံ

| | | | | |
|---|---|---|---|---|
| ၁။ | ၁၀၀' × ၁၀၀' | ပုလဲနှစ်ဖြာဂရန် | | ၂၅၀၀ |
| ၂။ | ၉၈' × ၈၉' | ပုလဲနှစ်ဖြာဂရန် | | ၄၀၀၀ |
| ၃။ | ၅၀' × ၂၉၀' | ပြည်လမ်းဘေး | | ၃၀၀၀ |
| ၄။ | ၈၀' × ၂၀၀' | ပြည်လမ်းဘေး | | ၆၅၀၀ |
| ၅။ | ၃၆' × ၁၂၀' | လမ်းကျယ်(အိမ်ရေမီး) | | ၆၅၀ |
| ၆။ | ၃၉' × ၇၅ | ပြည်လမ်းနီး | | ၄၃၀ |
| ၇။ | ၄၀' × ၆၀' | အိမ်/ရေ/မီး | | ၁၃၀ |
| ၈။ | ၄၀' × ၆၀' | မြေသီးသန့် | | ၁၅၀ |
| ၉။ | ၄၀' × ၁၀၀' | မြေသီးသန့် | | ၂၅၀ |
| ၁၀။ | ၈၀' × ၁၀၀' | မြေသီးသန့် | | ၅၀၀ |
| ၁၁။ | ၅၀' × ၁၀၀' | မြေသီးသန့် | | ၂၃၀ |
| ၁၂။ | ၄၀' × ၅၀' | မြေသီးသန့် | | ၁၅၀ |
| ၁၃။ | ၂၅' × ၆၃' | အိမ်/ရေ/မီး | | ၆၀၀ |
| ၁၄။ | ၂၅' × ၅၀' | ပါမစ်မြေ | | ၅၀၀ |
| ၁၅။ | ၂၀' × ၆၀' | မြေသီးသန့် | | ၁၇၀ |

လယ်
၁ဧက - ၁၅၀ - ဧက(၆၀) ရွှေဘဲခြံနား ညောင်နှစ်ပင်
၁ဧက - ၆၀ - မြောင်းတကာ (၈ ဧက)
၂ဧက - ၃၅၀၀ - ပြည်လမ်းနီး
အငှား ၈၀' × ၁၀၀' မြေသီးသန့်၊ရေမီး ၄ သိန်း
၂၀၀' × ၂၀၀' ရွှေနံ့သာ၊ ပုလဲ ၅ သိန်း

အမှတ်(၃/၁၀) ပေါက်တုန်းရပ်ကွက်၊ အပိုင်း(၃) ကိုးပြူလမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်။



လိပ်ခေါင်း၊ ဂရင်ဂျီနာ အတွက်ဆိုရင်တော့ စိတ်ပူစရာ မလိုတော့ပါ
ပဒုမ္မာ
REGD NO. အ၁၃၂/တ(၁၇၄၉)
အပူငြိမ်း - ဆီး - ဝမ်း မှန်သော
# ပဒုမ္မာ
ဆေးမန်ကျည်းယို ရှိတယ်...

# ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မောင်တောဒေသသို့ ဒုတိယအကြိမ် မြေပြင်ကွင်းဆင်းစစ်ဆေး ပဋိပက္ခဖြစ်စဉ် အစီရင်ခံစာရေးသားရာ၌ ဥပဒေနှင့်မညီသော ပြုလုပ်မှုများနှင့် ကောလာဟလသတင်းများကို သတိပြုဆောင်ရွက်သွားမည်



ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ၌ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

**မောင်တော ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မောင်တော ဒေသအတွင်း အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်ပတ်သက်၍ ဒုတိယအကြိမ် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်ကြသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် မောင်တော ဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန် ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်၊ နောင်အလားတူ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရန်၊ ဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိ တို့ကို စစ်ဆေးသုံးသပ်ပြီး အကြံပြုချက်များအဖြစ် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ အပြည့်အစုံကို နိုင်ငံတော်သမ္မတထံ သတ်မှတ်ချိန်အမီ တင်ပြနိုင်ရေးအတွက် မောင်တောဒေသသို့ ဒုတိယအကြိမ်အဖြစ် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း ဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော အဖွဲ့ဝင်များသည် နေပြည်တော်မှ စစ်တွေမြို့သို့ ရောက်ရှိကြပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာနှင့် မြို့သူကြီးကျေးရွာများသို့ ဆက်လက်သွားရောက်၍ စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်က အဆိုပါ ကျေးရွာနေ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# ရန်ကုန်ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေးစနစ်အဖြစ် ခရီးလမ်းကြောင်းတူယာဉ်လိုင်းများ စုစည်းကာ လိုင်းပေါင်း ၆၀ ခန့်ဖြင့် စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေး ဗဟိုကော်မတီလက်အောက်တွင် ယာဉ်လိုင်းအဖွဲ့ကြီးပေါင်း ၁၈ ဖွဲ့၊ ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ဖြင့်ပြေးဆွဲလျက်ရှိရာမှ ခရီးလမ်းကြောင်းတူ ဘတ်စ်ကားလိုင်းများကို စနစ်တကျ စုစည်းကြပ်မတ်ကာ လိုင်းပေါင်း ၆၀ ခန့်ဖြင့် ရန်ကုန်ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေးစနစ် စတင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။



■ လက်ရှိပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းများကိုတွေ့ရစဉ်။ (ဓာတ်ပုံ - ဌေးအောင်)

ယခုနှစ်စမှစတင်ကာ ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် အဓိကအားထားနေရသော ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပြီး ဘတ်စ်ကားအသစ်များ ဝယ်ယူခြင်း၊ အစားထိုးခြင်းနှင့် အများပိုင်ယာဉ်လိုင်းများဖွဲ့စည်းထူထောင်နိုင်ရန်ပြင်ဆင်ခြင်း၊ အများပိုင်ကုမ္ပဏီအဆင့် ထူထောင်နိုင်ခြင်းမရှိသေးမီ အစုအဖွဲ့များဖြင့် ယာဉ်လမ်းကြောင်းများအလိုက် စနစ်တကျပြေးဆွဲစေခြင်း၊ အိုဟောင်းဘတ်စ်ကားများကို လဲလှယ်ကာ ဘဏ်ချေးငွေစနစ်ဖြင့် ကားသစ်များ ဝယ်ယူခြင်း၊ အစိုးရ၏ မတည်ရင်းနှီးငွေဖြင့် အများပိုင်ယာဉ်လိုင်းများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်းတို့အပြင် လက်ရှိပြေးဆွဲနေသော ရန်ကုန်မြို့တွင်း ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်မှ လမ်းကြောင်းများအလိုက် ယာဉ်လိုင်း ၆၀ ခန့်ဖြင့် မြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည့် ဘတ်စ်ကားပြုပြင်ပြောင်းလဲရေးစနစ်ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

" JICA အဖွဲ့က ကျွမ်းကျင်သူများရဲ့ လေ့လာဆန်းစစ်ချက်တွေအရလည်း ရန်ကုန်မြို့မှာ ယာဉ်လိုင်းပေါင်း ၆၀ လောက်နဲ့ ပြေးဆွဲသင့်တယ်ဆိုတာ ရှိပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့**


ဆရာကောင်း (ဆေး - ၂) အင်္ဂလိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်
မှ တည်ထောင်သော
ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
တက္ကသိုလ်ဝင်တန်း - မတ်လဆန်း၊ မူလတန်းမှ နဝမတန်းများ - မေလဆန်းမည်။
အဆင့်မြင့်စာသင်ဝိုင်းများ
၁၀၊ ၉ တန်းများ - ဘာသာစုံ၊ ၈ တန်း - အင်္ဂလိပ်နှင့်သင်္ချာ မတ်လဆန်းမည်။
စခန်းသွင်းဘော်ဒါ
၁၀၊ ၉၊ ၈ တန်း ဘော်ဒါ - ဧပြီ (၂၃) ရက်နေ့မည်။

ဝေယံထွန်း ဆဗထ-၄၆၇ ဘာသာစုံဂုဏ်ထူး
မှန်မြင့်အောင် ဆဗထ-၅၆၆ ဘာသာစုံဂုဏ်ထူး
မြင့်မြတ်ကို ဆဗဟ-၅၃၈ ဘာသာစုံဂုဏ်ထူး
အောင်နိုင်စိုး ဆဗဟ-၅၇၁ ဘာသာစုံဂုဏ်ထူး
ဖြိုးစန္ဒာ ဆဒဂ-၃၂၂ ဘာသာစုံဂုဏ်ထူး
ဝုန်စန်းလွင် ဆတမ-၄၆၆ ဘာသာစုံဂုဏ်ထူး
ဆုသော်တာစိုး ဆဗဟ-၅၇၀ ဘာသာစုံဂုဏ်ထူး

ရန်ကုန်တိုင်းအတွင်းရှိ အစိုးရအထက်တန်းကျောင်း၊ကိုယ်ပိုင်ကျောင်းများအနက် အောင်ချက်အကောင်းဆုံး Top Ten စာရင်းတွင် ကျကောင်းသည် အောင်ချက် ၈၄.၀၅% ဖြင့် အဆင့်(၇)၊ ကိုယ်ပိုင်ကျောင်းများအားလုံးတွင် အဆင့်(၂) ဘွဲ့တန်း (တိုင်းစစ်) - အောင်ချက် ၁၀၀% (ကျစာမပါ)၊ စတုတ္ထတန်း (ခရိုင်စစ်) - အောင်ချက် ၁၀၀% (ကျစာမပါ)
'စည်းကမ်း၊ စာ၊ စနစ်' အရှုံးကောင်းမှန်သည်ဟု ဝိဘ ချစ်ထိန်းသူများအကြားရုတ်သတင်းမွှေးပျံ့နေသော ကျောင်း
HOT LINE - 09 421 168127, 09 420 700008, 01 548339, 01 552348 ခြံအမှတ် - ၃၃ (ဇီ - ၂)၊ နတ်မောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ပိုးစိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## 4TV ၏ တစ်ပတ်တာကြည့်ရှုရေးအစီအစဉ်ကောင်းများ

(၇-၁-၂၀၁၇ မှ ၁၃-၁-၂၀၁၇ အထိ)

High Definition ရုပ်သံလိုင်းများ | ရုပ်ရှင် ရုပ်သံလိုင်းများ

### ၇.၁.၂၀၁၇ (စနေနေ့)

**Fox Movies** 07:30 PM Secret In Their Eyes




**For Cinema** 04:40 PM Mamma Mia!



**For CINEMA 2**
1:53 PM ချစ်လို့ယူထားတာ
နိုင်းနိုင်း၊မိုးယုစံ
3:39 PM ခူ
ဇေရဲထက်၊ရွှေမှုံရတီ၊
ဆုထက်ကုဋေ

**5 သုတမ**
6:10 PM စိန်ပလိန်တိန်
ဇေရဲထက်၊သားညီ၊
ဒိန်းဒေါင်၊နန်းဆုဦး
10:54 PM သူဆို သူ့ကို အချစ်ပို
နေမင်း၊ချစ်သုဝေ၊ရိရိပွင့်ဖြူ

### ၈.၁.၂၀၁၇ (တနင်္ဂနွေနေ့)

**For Ladies HD** 08:00 PM Roomate Season 2




**5 Movies** 07:45 PM X-Men: Apocalypse



**For CINEMA 2**
9:10 AM ပွင့်လင်းမြင်သာရင်ခုန်ပါ
နေတိုး၊ရွှေမှုံရတီ၊ရွှေပိုးအိမ်
2:30 PM မစဉ်းစားနဲ့ချစ်လိုက်
ပြေတီဦး၊နိုင်သင်းကြည်၊
နဝရတ်

**5 သုတမ**
6:10 PM ချူစားမယ်
အောင်ရဲလင်း၊သင်ဇာဝင့်ကျော်
11:20 PM တိတ်ဆိတ်ခြင်း
မြင့်မြတ်၊အိချောပို

### ၉.၁.၂၀၁၇ (တနင်္လာနေ့)

**4HD 2** 08:10 PM 21



**5 သုတမ** 11:14 PM မင်းသားနဲ့ မင်းသမီး



**For CINEMA 2**
12:00 PM တိမ်တစ်စနှင့်ငှယ်တစ်မျှင်
ဖြိုးငွေစိုး၊အိန္ဒြာကျော်ဇင်
4:00 PM အချစ်မဲ့ကမ္ဘာ
နိုင်းနိုင်း၊သင်ဇာဝင့်ကျော်၊
ချမ်းမီမီကို

**5 သုတမ**
8:30 PM အစွဲချွတ်ပွဲ
ဇေရဲထက်၊အိချောပို

### ၁၀.၁.၂၀၁၇ (အင်္ဂါနေ့)

**Fox Action Movies** 06:50 PM Faster




**Fox Family Movies** 01:35 PM Monkey Kingdom




**For CINEMA 2**
8:57 PM အချစ်သတ်သူ
ဟိန်းဝေယံ၊သက်မွန်မြင့်၊
မိုခမ်း

**5 သုတမ**
5:01 PM နောင်တ
နေတိုး၊ရဲအောင်၊
မျိုးစန္ဒီကျော်၊ချောရတနာ၊
မေသဉ္ဇာဦး

### ၁၁.၁.၂၀၁၇ (ဗုဒ္ဓဟူးနေ့)

**4HD** 09:40 PM Van Helsing



**For Cinema** 06:18 PM Denial




**For CINEMA 2**
3:56 PM နှစ်ပေါက်တစ်ပေါက်
နေခွေး၊ခင်ဝင့်ဝါ၊ခင်လှိုင်

**5 သုတမ**
3:30 PM တော်တော်ကဲ
ဟိန်းဝေယံ၊မိုးဟေကို
9:19 PM နှလုံးသားရဲ့ ပတ်စ်ဝဒ့်
အောင်ရဲလင်း၊သက်မွန်မြင့်

### ၁၂.၁.၂၀၁၇ (ကြာသပတေးနေ့)

**For Ladies HD** 07:00 PM What Shall We Eat Today




**5 Movies** 10:40 PM English Vinglish



**For CINEMA 2**
5:55 PM အတ္တမြို့ထည်
ဖြိုးငွေစိုး၊ပုလဲဝင်း

**5 သုတမ**
7:32 PM ရင်တွင်းဆူးနစ်
နေတိုး၊မိုးဟေကို
9:21 PM ရှာပုံတော်
ဇေရဲထက်၊သင်ဇာဝင့်ကျော်

### ၁၃.၁.၂၀၁၇ (သောကြာနေ့)

**Fox Movies** 07:30 PM Amy




**5 Series** 07:00 PM နှုတ်ခမ်းများက ကတိစကား




**For CINEMA 2**
1:21 PM နတ်ဆင်တဲ့ခွင်
ခန့်စည်သူ၊နိုင်သင်းကြည်
5:23 PM ချစ်သူ့အိုင်ကျူ
အောင်ရဲလင်း၊သက်မွန်မြင့်

**5 သုတမ**
9:20 PM အချစ်+အချစ် အသစ်
နေတိုး၊ရဲအောင်၊သက်မွန်မြင့်

4tv Facebook page www.facebook.com/4tvmyanmar ကို Like လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

## 4TV ၏ တစ်ပတ်တာကြည့်ရှုရာအစီအစဉ်ကောင်းများ

(၇-၁-၂၀၁၇ မှ ၁၃-၁-၂၀၁၇ အထိ)

### အားကစားရုပ်သံလိုင်းများ

**Fox Sports** — 9:00 AM — Brisbane International 2017 Tennis Day 7 (LIVE)



**Fight Sports** — 11:30 AM — THE BEST OF Fight SPORTS KNOCKOUTS! Sergio Mora, Shane Mosley, and more!



**Fox Sports 2** — 7:30 AM — Basketball College Basketball 2016-17 Stanford vs UCLA (LIVE)



**Fox Sports** — 2:30 PM — Bundesliga 2016-17 Highlights



**Fox Sports 2** — 2:30 PM — World Tennis Challenge 2017 (LIVE)



**Fight Sports** — 7:30 PM — World Championship Kickboxing :Dantus Hurduc vs. Alexandru Burduja



**Fox Sports 3** — 15:30 PM — Auto Racing Dakar Rally 2017 - Paraguay Bolivia Argentina



### သတင်းနှင့်ဗဟုသုတ ရုပ်သံလိုင်းများ

**crime & investigation** — 8:20 PM — Obsession: Dark Desires (S1) Jane Trenka




**NAT GEO people** — 5:25 PM — Eat : The Story of Food Carnivores




**ANIMAL PLANET** — 11:15 AM — Animal Planet's Most Outrageous



**fyi,** — 10:30 PM — Kocktails With Khloe (S1) Drunk In Love




**Discovery Channel** — 9:20 PM — Nasa's Unexplained Files ; Curse of The Full Moon




**HISTORY** — 11:30 AM — Blade Runner : Operation Gonzales



**fyi,** — 3:30 PM — Strangers In Danger (S2)



### ဖျော်ဖြေရေး ရုပ်သံလိုင်းများ

**AXN** — 08:30 PM — Childhood's End Season 1




**ANIMAX** — 07:30PM — My Teen Romantic Comedy Snafu




**4 for KIDS** — 02:32 PM — Home On The Range



**Star World** — 08:30 PM — America's Next Top Model Season 23



**TLC** — 01:00 PM — My Big Fat Fabulous Life




**5 ကာတွန်း** — 02:55 PM — Fischen Impossible




**AXN** — 09:25PM — The Amazing Race Asia (Season 5)



www.4tv.com.mm, www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

